ကြေးမုံ
The Mirror Daily
၁၉၅၇ ဖေဖြော်ဝါရီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

### ဝမ်းမြောက်ခြင်းတရား

လူမိုက်တို့သည် စေးနဲ့ဝန်တို၍ သူတစ်ပါး၏အလှူ၌ ဝမ်းမြောက်ခြင်းမရှိကုန်။ ထို့ကြောင့် ဒုဂ္ဂတိဘဝသို့ ရောက်ရ၏။ ပညာရှိတို့ကား သူတစ်ပါး၏အလှူ၌ ဝမ်းမြောက်ခြင်းရှိကုန်၍ တမလွန်ဘဝ၌ ချမ်းသာရ၏။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသော ဗြဟ္မစရိယ တရားလေးပါးတို့တွင် ဝမ်းမြောက်ခြင်းဟူသော တရားသည် ချမ်းသာခြင်းကို ဆောင်၏။ လောကဝဂ်(ဓမ္မပဒ-၁၇၇)

၁၃၇၈ ခုနှစ် သီတင်းကျွတ်လဆန်း ၄ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday , 5 October 2016 (၈၇၀၅)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဗြိတိန်နိုင်ငံအောက်လွှတ်တော်ဥက္ကဋ္ဌအား ညစာစားပွဲဖြင့်တည်ခင်းဧည့်ခံ

စာမျက်နှာ - ၃



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကယန်း(ပဒေါင်) တိုင်းရင်းသားများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံစဉ်။ (သတင်းစဉ်)

# ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ လက်ဆင့်ကမ်းအမွေပေးနိုင်ရေး ဆောင်ရွက်ပေးရမည်

**နေပြည်တော် အောက်တိုဘာ ၄**

ခရီးသွားလုပ်ငန်းဆောင်ရွက်ရာတွင် ရရှိမည့် အကျိုးအမြတ်များကို ဒေသခံပြည်သူများအနေဖြင့် သွယ်ဝိုက်အကျိုးကျေးဇူးများသာမက တိုက်ရိုက်အကျိုးကျေးဇူးရရှိအောင် စီစဉ်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ကယားပြည်နယ်ရှိ လူထုအခြေပြုခရီးသွားလုပ်ငန်းဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည်။

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး၊ ဗိုလ်ချုပ်သန်းထွဋ်၊ ဒေါက်တာထွန်းနိုင်တို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ ကယားပြည်နယ်လွိုင်ကော်မြို့သို့ ရောက်ရှိကြသည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်အဖွဲ့သည် ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုးနှင့်အတူ ဒီးမော့ဆိုမြို့နယ် ငွေတောင်ကျေးရွာရှိ လူထုအခြေပြုခရီးသွားလုပ်ငန်းတွင် တစ်ခုအပါအဝင်ဖြစ်သည့် ထီးပွင့်ကန်သို့ သွားရောက်ကြည့်ရှုလေ့လာသည်။

အဆိုပါ ထီးပွင့်ကန်သည် ဒီးမော့ဆိုမြို့နယ် ငွေတောင်ကျေးရွာအနီး ငွေတောင်ဆည်၏ အရှေ့မြောက်ဘက်တွင် တည်ရှိပြီး အလျား ၂၂၇ ပေ၊ အနံ ၁၁၅ ပေရှိ၍ ရွှံ့နုန်းမြေများဖြင့် ထီးပွင့်သဏ္ဌာန် ရေပြင်ပေါ်သို့ ပြူတက်တည်ရှိသည်။

ထီးပွင့်ကန်သည် ဘူမိဗေဒသဘောအရ မြေပြင်အနီးကပ်ဖြစ်ထွန်းလာသည့် မီးတောင်ဟောင်းဖြစ်ပြီး ချော်ခဲများတွင် ထုံးဓာတ်များပါရှိသည်။ ထိုချော်ခဲတုံးနှင့် ရေထိတွေ့သည့်အခါ အခိုးထွက်လာပြီး သဲနုန်းများပါဝင်၍ တဖြည်းဖြည်း ရေပြင်ပေါ်တွင် ထီးသဏ္ဌာန်ဖြစ်ပေါ်လာကြောင်း သိရသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် တနီးလာလဲကျေးရွာအနီးရှိ ကန်ခုနစ်ဆင့်သို့ ရောက်ရှိကြရာ ဖိုးဗျား ခန်းမ၌ ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းအဖွဲ့ဝင် ကျေးရွာဥက္ကဋ္ဌ ဦးတီရယ်၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

# ကျောက်မျက်ထွက်ကုန်အပေါ် ပိတ်ဆို့အရေးယူမှု ဖယ်ရှားနိုင်

## နှစ်နိုင်ငံ တိုက်ရိုက်ကုန်သွယ်မှု ပြန်လည်တည်ထောင်ရန် အမေရိကန်ပညာရှင်များ မှတ်ချက်ပြု

**ရန်ကုန် အောက်တိုဘာ ၄**

မြန်မာ့ကျောက်မျက်ရတနာ ထွက်ကုန်များ ကမ္ဘာ့ မည်သည့်ဈေးကွက်တွင်မဆို ယှဉ်ပြိုင်နိုင်ပြီး ကျောက်မျက်ကဏ္ဍအပေါ် ပိတ်ဆို့အရေးယူမှုများ အပါအဝင် အထွေထွေ အရေးယူပိတ်ဆို့မှုများအား အမေရိကန်အစိုးရမှ ယခုအပတ်အတွင်း ရှင်းလင်းဖယ်ရှားပေးနိုင်ကြောင်း မြန်မာ-အမေရိကန် ကျောက်မျက်ကုန်သွယ်ရေး အစည်းအဝေးပွဲမှ သိရသည်။

မြန်မာ-အမေရိကန် ကျောက်မျက်ကုန်သည်များ အစည်းအဝေးပွဲကို အောက်တိုဘာ ၃ ရက်က ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရုံး၌ ပြုလုပ်ခဲ့ပြီး မြန်မာ့ကျောက်မျက်ရတနာများ ကမ္ဘာ့ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်သည့် အရည်အသွေးရှိကြောင်းနှင့် နှစ်နိုင်ငံ တိုက်ရိုက်ကုန်သွယ်မှုကဏ္ဍ ပြန်လည်တည်ထောင်ရန် အမေရိကန်ကျောက်မျက်ကုန်သွယ်ရေးအသင်း (AGTA) ဥက္ကဋ္ဌဖြစ်သူ Mr. Jeffrey Bilgore က မှတ်ချက်ပြုပြောကြားသည်။

"မြန်မာ့ကျောက်မျက်ရတနာဟာ ကမ္ဘာ့ဘယ်နိုင်ငံနဲ့မဆို တန်ဖိုးချင်းယှဉ်နိုင်တယ်ဆိုတဲ့အကြောင်းနဲ့ ကုန်စည်ကူးသန်းမှုကပဲ ဖွံ့ဖြိုးတိုးတက်လာဖို့ အထောက်အကူပြုမှာဖြစ်ပြီး ဒီမိုကရေစီကိုလည်း ပိုမိုရင့်သန်လာစေမှာဖြစ်တယ်ဆိုတာကို ကမ္ဘာကိုပြသဖို့အတွက် အဓိက ရည်ရွယ်ချက်နဲ့ ဒီကို လာတာပါ"ဟု Mr. Jeffrey Bilgore က ပြောသည်။

စာမျက်နှာ ၃ ကော်လံ ၃ သို့ ❖



## ကြေးမုံ

# လူထုအစိုးရသစ်၏ (၆)လတာကာလနှင့် ပြောင်းလဲမှုအလားအလာများ

မိမိတို့၏ဆန္ဒမဲဖြင့် အပြောင်းအလဲဖန်တီးမည်ဟူသော သန္နိဋ္ဌာန်ဖြင့် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးသည် လူထုခေါင်းဆောင်ဖြစ်သော ဒေါ်အောင်ဆန်းစုကြည်ကို သောင်ပြိုကမ်းပြိုအောင်ပွဲခံနိုင်သည်အထိ ဆန္ဒမဲပေးရွေးချယ်ခဲ့ပါသည်။ သို့ဖြစ်၍ ပြည်သူလူထုက အပြောင်းအလဲကိုမျှော်တလင့်လင့်ဖြစ်နေသည်မှာ သဘာဝကျသောဖြစ်ရပ်သာဖြစ်ပါသည်။ သို့သော် နှစ်ပေါင်း (၅၀)ကျော်အလွဲလွဲအချော်ချော်စီမံခန့်ခွဲမှုတို့အောက်၌ ပြဿနာတို့သည်အနန္တဖြစ်နေသကဲ့သို့ ထိုပြဿနာတို့သည်လည်း အပြန်အလှန်ချိတ်ဆက်မှုများရှိနေပါသည်။ တင်ပြလိုသည်မှာ ရုတ်တရက်ချက်ချင်း အခြေအမြစ်မှ ပြုပြင်ပြောင်းလဲရေးတို့ကို ဆောင်ရွက်၍မရသော အခြေအနေဖြစ်ပါသည်။

မည်သို့ပင်ဆိုစေကာမူ (၆)လဟူသော အချိန်ကာလ၌ လူထုအစိုးရသစ်အနေဖြင့် မည်ကဲ့သို့သော အောင်မြင်မှုများဆုပ်ကိုင်ရရှိခဲ့သည်ကို လေ့လာသုံးသပ်ရန်လိုအပ်မည်ဖြစ်ပါသည်။ နိုင်ငံတကာမျက်နှာစာ၌ လူထုအစိုးရသစ်၏ အောင်မြင်မှုတို့ကို ထင်သာမြင်သာတွေ့ရှိရပါသည်။ အထင်ရှားဆုံးမှာ အမေရိကန်နိုင်ငံက မြန်မာနိုင်ငံအပေါ် ချမှတ်ထားသော စီးပွားရေးပိတ်ဆို့ဒဏ်ခတ်မှုတို့ကို ပြန်လည်ရုပ်သိမ်းပေးခဲ့ခြင်းဖြစ်ပါသည်။ ဤကဲ့သို့ ရုပ်သိမ်းပေးလိုက်ခြင်းသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတို့ မြန်မာနိုင်ငံသို့ အပြည့်အဝ ဝင်ရောက်လာနိုင်ရေးအတွက် တံခါးဖွင့်လိုက်ခြင်းဖြစ်သကဲ့သို့ မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်တို့တင်ပို့နိုင်မည့် ကြီးမားကျယ်ပြန့်သော ဈေးကွက်ကြီးသို့ ဝင်ရောက်ခွင့်ကိုလည်းရရှိခဲ့ခြင်းဖြစ်ပါသည်။ အဆိုပါတိုးတက်ပြောင်းလဲမှုများသည် မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကောင်းတစ်ရပ်ကို ဖန်တီးပေးလိုက်ခြင်းဖြစ်ပါသည်။

(၂၁) ရာစုပင်လုံညီလာခံမှသည် ပြည်တွင်းငြိမ်းချမ်းရေးရရှိ၍ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်သည်အထိ ခရီးရှည်လျှောက်လှမ်းရဦးမည်ဖြစ်သော်လည်း (၂၁) ရာစုပင်လုံညီလာခံ၌ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းအားလုံးနီးပါး တက်ရောက်ခဲ့ခြင်းသည် အားတက်စရာကောင်းသော ကနဦးအောင်မြင်မှုဖြစ်ပါသည်။ သို့သော် အခြားသောကဏ္ဍတို့၌ အပြောင်းအလဲတို့ကို သိသိသာသာမတွေ့ရှိရသေးခြင်းသည် ပြည်သူလူထုအဖို့ အားမရစရာ ကိစ္စတစ်ရပ်ဖြစ်နေသကဲ့သို့ မြန်မာငွေလဲလှယ်မှုနှုန်း ကျဆင်းခြင်းနှင့်စီးပွားရေးလှုပ်ရှားမှုမြန်ဆန်မှု မရှိသေးခြင်းတို့သည်လည်း သတိထားစောင့်ကြည့်စရာကိစ္စများ ဖြစ်နေပါသည်။ ဤသို့ဆိုသည့်အတွက် လူထုအစိုးရသစ်လက်ထက်၌ အခြားသောအောင်မြင်မှုတို့မရှိဟု ဆိုလိုခြင်းမဟုတ်ပါ။ ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးနှင့်တိုင်းဒေသကြီးအစိုးရတို့အပါအဝင် ပြည်နယ်အစိုးရအရပ်ရပ်တို့ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသော ကိစ္စရပ်များစွာရှိနေပါသည်။ လိုအပ်နေသည်မှာ အဆိုပါကြိုးပမ်းအကောင်အထည်ဖော်မှုတို့၏ နောက်ခံအကြောင်းတရားများအပါအဝင် ဖြစ်ပေါ်လာမည့် အပြောင်းအလဲတို့၏ သဘောနှင့်ဦးတည်ချက်တို့ကို တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးအား ရှင်းလင်းတင်ပြရန် ဖြစ်ပါသည်။ ရှန်းကန်ဖောက်ထွက်ရမည့် ပြဿနာတို့သည် အနန္တဖြစ်နေ၍ သွေးထိုးလှုံ့ဆော်လိုသူများ ခြေရှုပ်ဝင်ရောက်လာနိုင်သော အန္တရာယ်တို့ကိုလည်း သတိပြုရန်လိုအပ်ပါသည်။ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏မြင့်မားနေသော မျှော်လင့်ချက်တို့ကို ထောက်ရှု၍ (၆)လတာကာလအတွင်း အစိုးရယန္တရားအသီးသီးက ဆောင်ရွက်လျက်ရှိသော ကိစ္စရပ်တို့၏ နောက်ခံအကြောင်းတရားများအပါအဝင် ဖြစ်ပေါ်လာမည့် အပြောင်းအလဲတို့၏ သဘောနှင့်လားရာတို့ကိုပါ ရှင်းလင်းတင်ပြပါရန် လေးစားစွာ တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

# မော်ဘီမြို့ရှိ မြန်မာ့ဆန်စပါးသုတေသနဌာန မျိုးစေ့ထုတ်စိုက်ကွင်းများအား ပြည်ထောင်စုဝန်ကြီး ကြည့်ရှု



**နေပြည်တော် အောက်တိုဘာ ၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် အောက်တိုဘာ ၁ ရက် မွန်းလွဲ ၁ နာရီခွဲက မော်ဘီမြို့ရှိ မြန်မာ့ဆန်စပါးသုတေသနဌာန စိုက်ကွင်းသို့ရောက်ရှိကြပြီး စိုက်ပျိုးအောင်မြင်လျက်ရှိသော SRI စနစ်ဖြင့် စိုက်ပျိုးထားသည့် ဆင်းသုခမျိုးစေ့ထုတ်စိုက်ခင်းနှင့် ခေါင်နှံစနစ်ဖြင့် စိုက်ပျိုးထားသည့် ဖျာပုံဘေးကြားလေး (ပေါ်ဆန်းစပါး) မျိုးစေ့ထုတ် စိုက်ခင်းများကိုလည်းကောင်း၊ မျိုးသန့်ရွေးချယ်ထားသည့် စပါးမျိုးစေ့နမူနာများ ခင်းကျင်းပြသထားမှုတို့ကို လည်းကောင်း ကြည့်ရှုအားပေးရာ ခြံတာဝန်ခံ ဦးအေးချစ်က ရှင်းလင်းပြသပြီး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းနှင့် ညွှန်ကြားရေးမှူး ဦးသက်ဇင်မောင်တို့က ဖြည့်စွက်ရှင်းလင်းကြသည်။

ထို့နောက် မြန်မာ့ဆန်စပါး သုတေသနဌာန အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မျိုးစေ့ထုတ်ပညာရှင် ဝန်ထမ်းများနှင့် တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက တိုးတက်ပြောင်းလဲလာသော ခေတ်မီနည်းပညာများကို ဆည်းပူးတတ်မြောက်ထားကြသည့် ပညာရှင်များအနေဖြင့် နိုင်ငံ့အကျိုး၊ တောင်သူလယ်သမားများ၏အကျိုးကို လိုလားတက်ကြွစွာ သယ်ပိုးရွက်ဆောင်နေကြသည်ကို အသိအမှတ်ပြုဂုဏ်ယူပါကြောင်း၊ ဆန်စပါးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသရေမြေနှင့် ကိုက်ညီပြီး စားသုံးမှုအရည်အသွေးကောင်းမွန်သော ဈေးကွက်တောင်းဆိုမှုရှိသည့် မျိုးကောင်းမျိုးသန့်များ ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်ဖြန့်ဖြူးပေးရန်လိုအပ်ကြောင်း။

မျိုးစေ့ပညာရှင်များ အနေဖြင့် စပါးမျိုးကွဲလျှော့ချနိုင်ရေး ဦးတည်ဆောင်ရွက်ပေးခြင်းဖြင့် မြန်မာ့ဆန်စပါး အရည်အသွေးကို ထိန်းညှိပေးကြရမည်ဖြစ်ကြောင်း၊ ပြည်တွင်းစားသုံးမှုအနေဖြင့် ဖူလုံနေပြီဖြစ်ရာ ပြည်ပဈေးကွက်သို့ တိုးတက်တင်ပို့ရောင်းချနိုင်ပါက တောင်သူများ၏ ဝင်ငွေနှင့် လူမှုစီးပွားဘဝများပါ တိုးတက်လာမည်ဖြစ်သည့်အတွက် မျိုးအရည်အသွေး၊ စားသုံးမှုအရည်အသွေးနှင့် ထုတ်လုပ်မှုအရည်အသွေးများကို နိုင်ငံတကာ စံချိန်စံညွှန်းမီ စိုက်ပျိုးထုတ်လုပ်နိုင်ရေးတို့အတွက် မိမိတို့သင်ယူတတ်မြောက်ထားသော ပညာရပ်များနှင့် အတွေ့အကြုံများကို ပေါင်းစပ်ပြီး ကြိုးပမ်းဆောင်ရွက်ကြရန် ဆွေးနွေးခဲ့သည်။

**(သတင်းစဉ်)**

# မူးယစ်ဆေးဝါးအန္တရာယ်နှင့် မှုခင်းအသိပညာပေးဟောပြောမည်

**သီပေါ အောက်တိုဘာ ၄**

မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မြို့နယ်စာရေးဆရာအသင်းတို့ပူးပေါင်း၍ မူးယစ်ဆေးဝါးအန္တရာယ်နှင့်မှုခင်းအသိပညာပေး စာပေဟောပြောပွဲကို သီပေါမြို့၌ ကျင်းပသွားနိုင်ရန် အကြိုတွေ့ဆုံဆွေးနွေးပွဲကို အောက်တိုဘာ ၄ ရက် မွန်းလွဲပိုင်းက သီပေါမြို့နယ်ရဲတပ်ဖွဲ့မှူးရုံး ဧည့်ခန်းမ၌ ပြုလုပ်သည်။

ရှေးဦးစွာ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးမြင့်ကျော်က ပြည်သူလူထုနှင့် ကျောင်းသားလူငယ်များအတွင်း မူးယစ်ဆေးဝါးအန္တရာယ်များ ပပျောက်စေရေးနှင့် မှုခင်းများလျော့နည်းကင်းစင်သွားရေးတို့အတွက် အထောက်အကူပြုနိုင်ရန် ရည်ရွယ်၍စာပေပညာရှင်များ၏အကူအညီဖြင့် အသိပညာပေးမှုဆိုင်ရာ သုတရသစာပေဟောပြောပွဲများကို စီစဉ်ကျင်းပသွားလိုကြောင်းဆွေးနွေးပြောကြားသည်။

ဆက်လက်၍ သီပေါမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌဦးလှမောင်လတ် (သီပေါကိုလတ်)က မြန်မာနိုင်ငံစာရေးဆရာအသင်း၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကိုရှင်းလင်းပြောကြားပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းစဉ်တစ်ရပ်ဖြစ်သော အသိပညာပေးစာပေဟောပြောပွဲများကို အတူပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မြို့နယ်စာရေးဆရာအသင်းက တာဝန်ယူစီစဉ်ပေးမည့်အပိုင်းများကို ဆွေးနွေးအသိပေးသည်။

ထို့နောက် နာမည်ကြီးစာရေးဆရာများအား မြို့နယ်စာရေးဆရာအသင်းက တာဝန်ယူဖိတ်ကြားပြီး မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေးနှင့်မှုခင်းကျဆင်းရေးအသိပညာပေးမှုဆိုင်ရာ သုတရသစာပေဟောပြောပွဲကို အောက်တိုဘာလအတွင်း စီစဉ်ကျင်းပသွားရန် ညှိနှိုင်းအတည်ပြုကြသည်။


**ကိုနေ(သီပေါ)**

# သွားရောဂါလူနာများ အခမဲ့ဆေးကုသပေး

**လောင်းလုံး အောက်တိုဘာ ၄**

ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် သကျက်တောကျေးရွာ ရွာလယ်တိုက်ကျောင်းဓမ္မာရုံ၌ အောက်တိုဘာ ၂ ရက် နံနက်ပိုင်းက မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်များ (ထားဝယ်အသင်းခွဲ) က ဆရာဝန်ရှစ်ဦးနှင့် ဆေးအကူအမျိုးသမီးနှစ်ဦး စုစုပေါင်း ၁၀ ဦးအဖွဲ့သည် သကျက်တောကျေးရွာနေဒေသခံသွားရောဂါလူနာ ၁၃၇ ဦးအား အခမဲ့ဆေးကုသပေးခဲ့ကြောင်း သိရသည်။

အဆိုပါ သွားရောဂါကွင်းဆင်းကုသရာတွင် မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်များ (ထားဝယ်အသင်းခွဲ) ဒေါက်တာခင်မျိုးဆင့်ဦးဆောင်ပြီး ဒေသခံပြည်သူများအား ကျန်းမာရေးဝန်ဆောင်မှုပေးခဲ့ကြောင်း သိရသည်။ **စိုးထွန်း(ပြန်/ဆက်)**




ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဇင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဇွန် တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၂၈၊ ၀၆၇-၃၆၁၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၇၂၊
မန္တလေး ၀၂-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၊ ဖက်စ် ၀၁-၂၀၁၃၅၀

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဗြိတိန်နိုင်ငံအောက်လွှတ်တော်ဥက္ကဋ္ဌအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ



**နေပြည်တော် အောက်တိုဘာ ၄**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဗြိတိန်နိုင်ငံအောက်လွှတ်တော် ဥက္ကဋ္ဌ Mr. John Bercow ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၆ နာရီတွင် ဇမ္ဗူသီရိမြို့နယ်ရှိ ၎င်း၏နေအိမ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ညစာစားပွဲသို့ တက်ရောက်လာကြသူများအား နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စကားပြောကြားပြီး ညစာအတူတကွ သုံးဆောင်ကြသည်။

ညစာစားပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံအမတ်ကြီး Mr. Andrew Patrick နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

## အရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေပြဋ္ဌာန်း

**အရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ**
**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၉ ။)**
**၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက်**
**( ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၄ ရက် )**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **အရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ အရေးပေါ်စီမံမှုအက်ဥပဒေ (၁၉၅၀ ပြည့်နှစ်၊ အက်ဥပဒေအမှတ် ၁၇။) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ)ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

### ☆ ရိုးရာယဉ်ကျေးမှုမှ

ပြည်နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက တနိုးလာလဲလေ့လာရေးခရီးစဉ်၌ ကယားတိုင်းရင်းသား ရိုးရာချည်မျှင်ထုတ်လုပ်ငန်းနှင့် ရိုးရာဓလေ့ထုံးတမ်းများ ပြန်လည်ဖော်ထုတ်တင်ဆက်နေမှု၊ ရပ်ရွာဓလေ့ဖြစ်သည့် တောလိုက်ခြင်း၊ ရိုးရာတံခွန်တိုင်လွှင့်ထူခြင်း၊ ကြက်ရိုးထိုးခြင်းတို့ကို ခရီးသွားများအား ဆွဲဆောင်နေမှု၊ International Trade Center (ITC)၏ အကူအညီဖြင့် ဟိုတယ်လုပ်ငန်းရှင်များ၊ ခရီးသွားလုပ်ငန်းရှင်များ၊ ဧည့်လမ်းညွှန်များ၊ စားသောက်ဆိုင်လုပ်ငန်းရှင်များကို သင်တန်းများပို့ချပေးနေမှု၊ ဒေသဆိုင်ရာ ခရီးသွားဧည့်လမ်းညွှန်များ မွေးထုတ်ပေးနေမှု၊ ဘာဒိုကျေးရွာတွင် သဘာဝအခြေခံခရီးသွားလုပ်ငန်းနှင့် လူထုအခြေပြုခရီးသွားလုပ်ငန်းများဆောင်ရွက်နိုင်ရန် စီစဉ်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ဒုတိယသမ္မတဦးဟင်နရီဗန်ထီးယူက သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးပြီး ခရီးသွားလုပ်ငန်းဖြင့် ဒေသ၏ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ၊ သဘာဝပတ်ဝန်းကျင်တို့ကိုထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားရန် လိုအပ်ပါကြောင်း၊ ထို့ပြင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို လက်ဆင့်ကမ်းအမွေပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ကန်ခုနစ်ဆင့်ရေကန်အနီးရှိ တောတောင်များကိုစဉ်ဆက်မပြတ် သဘာဝအတိုင်းတည်ရှိနေရန် ဒေသခံပြည်သူများနှင့်အတူလက်တွဲထိန်းသိမ်း စောင့်ရှောက်သွားရမည်ဖြစ်ပါကြောင်း၊ လူထုအခြေပြုခရီးသွားလုပ်ငန်း၏သဘောသဘာဝကို ဒေသခံပြည်သူများကျယ်ကျယ်ပြန့်ပြန့်သိရှိနားလည်အောင် ပညာပေးဆောင်ရွက်ခြင်းဖြင့် ဒေသခံများ၏ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းမှသည် လုပ်ငန်းများပိုမိုအောင်မြင်လာမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် ဖိုးဗျားခန်းမအတွင်းရှိ ကယားတိုင်းရင်းသားရိုးရာ ချည်မျှင်ထုတ်လုပ်ငန်းနှင့် ရိုးရာယဉ်ကျေးမှုဓလေ့များ၊ ဖိုးဗျားရိုးရာအိမ်၊ ကန်ခုနစ်ဆင့်တို့ကို လှည့်လည်ကြည့်ရှုလေ့လာသည်။

ကယားပြည်နယ်သို့ ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအထိ ပြည်ပခရီးသွားဧည့်သည် ၃၉၈၆ ဦး ဝင်ရောက်ခဲ့ပြီး လိုင်စင်ရဧည့်လမ်းညွှန်နှင့် ဒေသဆိုင်ရာဧည့်လမ်းညွှန် စုစုပေါင်း ၂၃၄ ဦးရှိသည်။ ကယားပြည်နယ်၌ တောင်ကွဲစေတီ၊ မြို့နာမ်စေတီ၊ ကန္ဒရဝတီဟော်နန်း၊ ထီးပွင့်ကန်၊ ကန်ခုနစ်ဆင့်၊ ထီးစဲခါးရေတံခွန်၊ လောပီတလျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ ကြတ်ဂူ၊ နောင်ယားကန်၊ ပန်ပက်ကျေးရွာနှင့် တနိုးလာလဲကျေးရွာ ခရီးစဉ်များကိုစီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ဒီးမော့ဆိုမြို့နယ် ပန်ပက်ကျေးရွာသို့ရောက်ရှိပြီး ကယန်း(ပဒေါင်) တိုင်းရင်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ ရိုးရာလက်မှုလုပ်ငန်းများ၊ ရိုးရာယဉ်ကျေးမှုအကများကို လှည့်လည်ကြည့်ရှုအားပေးကြပြီး ဒေသခံပြည်သူများ၏ လူမှုရေး၊ စီးပွားရေးနှင့် ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ထိုသို့ တွေ့ဆုံစဉ် ဒုတိယသမ္မတက ဒေသခံတိုင်းရင်းသားများ၏ အသက်မွေးဝမ်းကျောင်းဆိုင်ရာလိုအပ်ချက်များကို ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း ပြောကြားပြီး ကျေးရွာယဉ်ကျေးမှုအဖွဲ့သို့ ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်သည်။

ထို့နောက် ဒုတိယသမ္မတသည် ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်ရှိ ငွေတောင်ဆည်ကို သွားရောက်ကြည့်ရှုလေ့လာသည်။

ငွေတောင်ဆည်ကို ၁၉၆၂ ခုနှစ်တွင် ငွေကျပ် ၂၀ ဒသမ ၁၇ သန်း အကုန်အကျခံ၍ မြေသားတမံအမျိုးအစားအဖြစ် တည်ဆောက်ခဲ့ပြီး ၁၉၆၅ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သည်။ လယ်ယာမြေ ၅၈၇၇ ဧကကို ဆည်ရေပေးဝေနိုင်ခဲ့သည်။

ညနေပိုင်းတွင် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် လွိုင်ကော်မြို့ အရှေ့ဘက် ၁၀ မိုင်အကွာတွင် တည်ရှိသည့် ထုံးကျောက်သဘာဝလိုဏ်ဂူသို့ သွားရောက်ကြည့်ရှုလေ့လာသည်။

ညပိုင်းတွင် ဒုတိယသမ္မတဦးဟင်နရီဗန်ထီးယူသည် ကယားပြည်နယ်ခန်းမ၌ ကျင်းပသည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုဖျော်ဖြေပွဲသို့ တက်ရောက်သည်။ **(သတင်းစဉ်)**

### ❖ ရှေ့ဖုံးမှ

မြန်မာနိုင်ငံ ကျောက်မျက်ရတနာအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်ဝင်းကလည်း လူမှုရေးတာဝန်ခံသော၊ ရေရှည်တည်တံ့သော ကျောက်မျက်ရတနာလုပ်ငန်းများ ဖြစ်လာရန် အလွန်အရေးကြီးကြောင်း အဆိုပါအစည်းအဝေးတွင် ပြောကြားခဲ့သည်။

အစိုးရအနေဖြင့် မြန်မာ့ကျောက်မျက်ရတနာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ကဏ္ဍသုံးရပ်ကို အဓိကထားဆောင်ရွက်ရန်လိုအပ်ပြီး သွင်းကုန်ပို့ကုန်ဆိုင်ရာလုပ်ငန်းစဉ်များ လက်တွေ့နှင့် လိုက်ဖက်ညီတိကျစေရန်၊ တရားမဝင်ကုန်သွယ်မှုကို အားပေးသလိုဖြစ်နေသည့် သွင်းကုန်ပို့ကုန်ဆိုင်ရာ အခွန်စည်းကြပ်မှုများကို ပြန်လည်သုံးသပ်ရန်၊ ကျောက်မျက်ရတနာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ကြပ်မတ်ညှိနှိုင်းပေးမည့် လွတ်လပ်သော အဖွဲ့အစည်းတစ်ရပ် သတ်မှတ်ပေးရန်တို့ဖြစ်ကြောင်း ဒေါက်တာအောင်ကျော်ဝင်းက သုံးသပ်ပြောကြားသည်။

"မြန်မာ့တန်ဖိုးမြင့် ကျောက်မျက်ရတနာထုတ်ကုန် စုစုပေါင်းက တစ်နှစ်လုံးမှ အမေရိကန်ဒေါ်လာသန်း ၂၀ ပဲရှိတယ်။ ထိုင်းနိုင်ငံဆိုရင် တစ်ဘီလီယံလောက်ရှိတာ။ ကျွန်တော်တို့ ကျောက်မျက်အသင်းအနေနဲ့ ကျောက်မျက်တန်ဖိုးမြင့်လုပ်ငန်းတွေ ဖွံ့ဖြိုးလာဖို့ Master Plan အစိုးရကို ရေးဆွဲတင်ပြထားတယ်။ လူ့စွမ်းအား အရင်းအမြစ်ကို မူတည်ပြီးတော့ ကုန်သွယ်မှု မြှင့်တင်သွားဖို့ပါ" ဟု ဒေါက်တာအောင်ကျော်ဝင်းက ပြောသည်။

Inle Advisory Group မှ Principal Mr. Peter Kucik က မြန်မာ့ကျောက်မျက်များအပေါ် အရေးယူပိတ်ဆို့မှု(Santion) အပါအဝင် အထွေထွေအရေးယူပိတ်ဆို့မှုများကို အမေရိကန်အစိုးရမှ ယခုရက်သတ္တပတ်အတွင်း ရှင်းလင်းဖယ်ကြားပေးနိုင်ကြောင်း အဆိုပါအစည်းအဝေးတွင် ပြောကြားခဲ့သည်။ **(ဝဝ၁)**

### ❂ မြန်မာ့လက်ရွေးစင်အသင်းမှ

သိရသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ဥရောပခြေစမ်းခရီးစဉ်တွင် ခြောက်ပွဲကစားအပြီး၌ သုံးပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးနိမ့်ထားသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် အောက်တိုဘာလဒုတိယပတ်အထိ ဆိုက်ပရပ်စ်နိုင်ငံတွင် လေ့ကျင့်မည်ဖြစ်ပြီး အောက်တိုဘာ ၁၃ ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိမည်ဖြစ်သည်။ **(ဖိုးသော်ဇင်)**



(၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် မှုခင်းရဲတပ်ဖွဲ့မှူးရုံး(နေပြည်တော်)ရှိ တပ်ဖွဲ့ဝင်အမျိုးသား အမျိုးသမီး ၃၈ ဦးတို့သည် နေပြည်တော်ပျဉ်းမနားမြို့ ခုတင် (၂၀၀) ဆံ့ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်ဌာနတွင် စုပေါင်းသွေးလှူဒါန်းစဉ်။ (မှုခင်းရဲတပ်ဖွဲ့)

## တိုက်ပွဲရှောင်ပြည်သူများအား ဆန်၊ ဆီနှင့် စားသောက်ကုန်များ ကူညီထောက်ပံ့ပေးအပ်

**သီပေါ အောက်တိုဘာ ၄**

ဒေသခံတိုင်းရင်းသား သွေးချင်းညီနောင်များအပေါ် ကိုယ်ချင်းစာတရားနှင့် ကရုဏာရှေ့ထားပြီး တိုက်ပွဲရှောင်ပြည်သူများအား စားသောက်ကုန်ပစ္စည်းများပေးအပ်လှူဒါန်းပွဲကို အောက်တိုဘာ ၄ ရက် နံနက် ၁၀ နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ္မတူမြို့တိုက်ပွဲရှောင်ကယ်ဆယ်ရေးစခန်း ရွှေမြင်သာဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ နမ္မတူမြို့နယ် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဆင့်က အမှာစကားပြောကြားပြီး အလှူရှင် နမ္မတူဇင့်အောက်ဆိုဒ်ထုတ်လုပ်ရေးစက်ရုံ ဒါရိုက်တာ ဦးမြအောင်က လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုက်ပွဲရှောင် အိမ်ထောင်စု ၁၂၀၊ လူဦးရေ ၄၇၇ ဦးတို့အတွက် ငွေကျပ် ၄၁၁၉၉၀၀ တန်ဖိုးရှိ ဆန်၊ ဆီ၊ ဆေး၊ ဆားစသည့် စားသောက်ကုန်ပစ္စည်းများကို ဒါရိုက်တာ ဦးမြအောင်က တိုက်ပွဲရှောင်ဒေသခံများအား အစုအဖွဲ့အလိုက် ကူညီထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

ကြေးမုံ
အောက်တိုဘာ ၅၊ ၂၀၁၆

# ဆီးရီးယားအရေး ရုရှားနှင့်ဆွေးနွေးမှု အမေရိကန်ဆိုင်းငံ့


**နယူးယောက် အောက်တိုဘာ ၄**

ဆီးရီးယားနိုင်ငံတွင် အပစ်အခတ်ရပ်စဲရေး တည်တံ့ခိုင်မာအောင် မည်ကဲ့သို့ ပြုလုပ်ရမည်ဆိုသည့် အရေးနှင့်ပတ်သက်၍ ရုရှားနိုင်ငံနှင့် ဆွေးနွေးမှုများကို အမေရိကန်နိုင်ငံက ရပ်ဆိုင်းလိုက်သည်။ ဆီးရီးယားတွင် အမေရိကန်နှင့် ရုရှားတို့အကြား ယာယီအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်သည် လွန်ခဲ့သည့်လတွင် ကျိုးပျက်သွားခဲ့ပြီး လွန်ခဲ့သည့်သီတင်းပတ်တွင် တိုက်ခိုက်မှုများ ပြန်လည်မြင့်တက်လာခဲ့သည်။

ရုရှားနိုင်ငံသည် ပေးထားသည့်ကတိကဝတ်များကို ချိုးဖျက်ခဲ့သည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်မှုညွှန်ကြားရေးမှူး အဲလစ်ဇဘတ် ထူဒီယိုက အောက်တိုဘာ ၃ ရက်တွင် သတင်းထောက်များကို ပြောကြားသည်။ ရုရှားနှင့် ဆီးရီးယားအစိုးရတို့သည် အပစ်အခတ်ရပ်စဲရေးနှင့်ပတ်သက်၍ ရှေ့နောက်စကားမတည်ဘဲ စစ်ရေးနည်းလမ်းဖြင့် ဖြေရှင်းရန် ရွေးချယ်ခဲ့ကြသည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။ အရပ်သားများနေထိုင်ရာ နေရာများတိုက်ခိုက်ခံရမှုနှင့် ဆေးရုံများကို ပစ်မှတ်ထားတိုက်ခိုက်မှုများမှာလည်း များပြားလာသည်ဟု ဆိုသည်။ အမေရိကန်၏ ယခုကဲ့သို့ စွပ်စွဲမှုများသည် အပြစ်များကိုလွှဲချရန် ကြိုးစားနေခြင်းဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီး မာရီယာ ဇာခါရိုဗာက တုံ့ပြန်ပြောကြားသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီနှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗရော့ဗ်တို့သည် အပစ်အခတ်ရပ်စဲရေးအတွက် တယ်လီဖုန်းဖြင့် အကြိမ်ကြိမ်ဆက်သွယ်ဆွေးနွေးခဲ့ကြသည်။ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် ကျိုးပျက်ပြီး တိုက်ခိုက်မှုများ ပြန်လည်ပြင်းထန်လာခြင်းသည် ဆီးရီးယားပြည်တွင်းစစ်ငြိမ်းချမ်းရေးဆွေးနွေးမှုများအတွက် အကျိုးယုတ်ထိခိုက်စေသည်ဟု လေ့လာသူများက သုံးသပ်ကြသည်။ **အင်န်အိတ်ချ်ကေ။**






# ၂၀၁၆ ခုနှစ် ရူပဗေဒနိုဘယ်ဆု ဗြိတိန်နွယ်ဖွား သိပ္ပံပညာရှင်သုံးဦးပူးတွဲရရှိ

**စတော့ဟုမ်း အောက်တိုဘာ ၄**

ဗြိတိန်နွယ်ဖွား သိပ္ပံပညာရှင်သုံးဦးသည် ၂၀၁၆ ခုနှစ် ရူပဗေဒ နိုဘယ်ဆုကို ပူးတွဲဆွတ်ခူးရရှိကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက အောက်တိုဘာ ၄ ရက်တွင် သတင်းထုတ်ပြန်သည်။

ဒေးဗစ်တူးလက်၊ ဒွန်ကန်ဟယ်ဒန်နှင့် မိုက်ကယ်ကိုစတာလစ်တို့သည် ဆွီဒင်ခရောင်း ရှစ်သန်း(ဒေါ်လာ ၉၃၇၀၀၀)တန်ဖိုးရှိ နိုဘယ်ဆုကို ပူးတွဲရယူကြမည်ဖြစ်သည်။

ဒြပ်ထု၏ထူးခြားဆန်းပြားသော ပုံသဏ္ဌာန်များနှင့်ပတ်သက်၍ လေ့လာတွေ့ရှိခဲ့ကြသော ဗြိတိန်နွယ်ဖွား သိပ္ပံပညာရှင်သုံးဦးကို နိုဘယ်ဆုအတွက် ရွေးချယ်ကြောင်း နိုဘယ်ကော်မတီက ထုတ်ပြန်ကြေညာသည်။

ရုပ်ပစ္စည်းအချို့တွင် ထူးခြားသောလျှပ်စစ်ဆိုင်ရာ ဂုဏ်သတ္တိများ အဘယ်ကြောင့်ဖြစ်ပေါ်ရသည်ကို ရှင်းပြနိုင်သည့်လေ့လာတွေ့ရှိချက်ကို သိပ္ပံပညာရှင်များ ဖော်ထုတ်နိုင်ခဲ့ကြောင်း၊ အနာဂတ်ကာလတွင် ယင်းတွေ့ရှိချက်ကို အခြေခံကာ ကွမ်တမ်ကွန်ပျူတာများတည်ဆောက်ခြင်းနှင့်သက်ဆိုင်နေသော ဒြပ်ပစ္စည်းသစ်များ ဖော်ထုတ်နိုင်ရန် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ဆွီဒင်နိုင်ငံအခြေစိုက် နိုဘယ်ဆုရွေးချယ်ရေးကော်မတီက ပြောကြားသည်။

ဒြပ်ပစ္စည်းဆိုင်ရာကွမ်တမ်သီအိုရီနှင့် ပတ်သက်နေသော နက်ရှိုင်းလှသည့် အတွေးအမြင်သစ်များကို ဖော်ထုတ်နိုင်သည့် သိပ္ပံပညာရှင်သုံးဦးမှာ အမေရိကန်ပြည်ထောင်စုရှိ ဝါရှင်တန်တက္ကသိုလ်၊ ပရင်စတန်တက္ကသိုလ်နှင့် ဘရောင်းတက္ကသိုလ်တို့တွင် ပါမောက္ခများအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသူများဖြစ်ကြသည်။

ဒြပ်ပစ္စည်းများ၏ ထူးခြားသော ဂုဏ်သတ္တိများနှင့်ပတ်သက်၍ သုတေသနပြုလေ့လာတွေ့ရှိချက်များကို နားလည်သိရှိနိုင်စေရန် ဗြိတိန်နွယ်ဖွားသိပ္ပံပညာရှင်များက ဖော်ထုတ်နိုင်ကြောင်း နိုဘယ်ကော်မတီ၏ခေတ္တဥက္ကဋ္ဌ ပါမောက္ခ နီးလ်မာတင်ဆန်က ပြောကြားသည်။

**ရိုက်တာ။**

# သီရိလင်္ကာတွင် ပြည်သူနှစ်သိန်းကျော် မိုးခေါင်မှုဒဏ်ခံစားနေရ

**ကိုလံဘို အောက်တိုဘာ ၄**

သီရိလင်္ကာနိုင်ငံရှိ ခရိုင်အချို့၌ အိမ်ထောင်စုပေါင်း ၅၁၅၆၁ စုမှ လူဦးရေ ၂၀၈၀၀၀ နီးပါးသည် မိုးခေါင်မှုဒဏ်ကို ခံစားနေကြရကြောင်း သီရိလင်္ကာနိုင်ငံ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးဌာန (ဒီအမ်စီ)က အောက်တိုဘာ ၄ ရက်တွင် ပြောကြားသည်။

သီရိလင်္ကာနိုင်ငံတွင်မိုးခေါင်မှုကြောင့် ရေရှားပါးပြတ်လပ်မှုနှင့်ကြုံတွေ့နေရသူများမှာ နိုင်ငံအရှေ့ပိုင်းပြည်နယ်၌ ၆၉၆၇၈ ဦး၊ မြောက်ပိုင်းပြည်နယ်၌ ၈၆၀၀၊ အနောက်မြောက်ပိုင်းပြည်နယ်၌ ၈၄၂၂ ဦး၊ ဆာဘာရာဂူမူပါ ပြည်နယ်တွင် ၁၀၀၀၀ ကျော်နှင့်နိုင်ငံ၏ မြောက်ဘက် အလယ်ပိုင်းပြည်နယ်၌ ၁၁၀၃၅၀ တို့သည် မိုးခေါင်မှုကြောင့် သောက်သုံးရေပြတ်လပ်မှုဒဏ် ခံစားနေရကြောင်း သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးအဖွဲ့(ဒီအမ်စီ)၏စာရင်းဇယားများအရ သိရသည်။

သီရိလင်္ကာနိုင်ငံတောင်ပိုင်း၌ ပြည်သူများသည် ရေတွင်းများမှ ရေများကိုရှာဖွေစုဆောင်းနေရပြီး ယင်းဒေသရှိ ကီရာမာအိုရာနှင့် ကတ်တာကာဒူဝါရေလှောင်ကန်များ၌ ရေများလုံးဝမရှိတော့ကြောင်း၊ သီရိလင်္ကာနိုင်ငံအနောက်တောင်ပိုင်း ဒေသတစ်လျှောက်အား ဖြတ်သန်းစီးဆင်းသည့် ကာလူဂန်ဂါမြစ်ရေတွင်လည်း ပင်လယ်ရေများဝင်ရောက်ရောနှောလာနေသဖြင့် အမျိုးသားရေထောက်ပံ့ရေးနှင့် ဆည်မြောင်းအဖွဲ့က အခြေအနေအား ထိန်းချုပ်ရပ်တန့်ရေးအတွက် ဆောင်ရွက်နေကြောင်း သတင်းတွင် ဖော်ပြသည်။

**ဆင်ဟွာ။**



# တူရကီရဲတပ်ဖွဲ့ဝင် ၁၂၀၀၀ ကျော်အား ဖာသူလာဂူလန်နှင့်ဆက်သွယ်မှုဖြင့် အလုပ်မှထုတ်ပယ်

**အန်ကာရာ အောက်တိုဘာ ၄**

ဖာသူလာဂူလန်နှင့်ချိတ်ဆက်ဆက်သွယ်ခဲ့သည်ဟူသော သံသယဖြင့် တူရကီရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်ပေါင်း ၁၂၈၀၁ ဦးအား ၎င်းတို့၏ ရာထူးတာဝန်မှ ဖယ်ရှားလိုက်ကြောင်း တူရကီအစိုးရလုံခြုံရေးဆိုင်ရာ ညွှန်ကြားမှုဦးစီးဌာနက ယနေ့ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။

တူရကီလုံခြုံရေးဆိုင်ရာ ညွှန်ကြားမှုဦးစီးဌာန၏ အင်တာနက်ဝက်ဘ်ဆိုက်တွင် ဖော်ပြသော ယင်းကြေညာချက်အရ အလုပ်မှ ထုတ်ပယ်ခံရသည့်ရဲတပ်ဖွဲ့ဝင်များတွင် အဆင့်မြင့်အရာရှိ ၂၅၄၃ ဦးပါဝင်သည်ဟု သိရသည်။

ထိုစဉ်အတွင်း တူရကီပြည်ထဲရေးဝန်ကြီးဌာနကလည်း ဖာသူလာဂူလန်နှင့်ဆက်သွယ်မှုရှိခဲ့သည့် ရဲတပ်ဖွဲ့ဝင် ၃၇ ဦးကို အလုပ်မှထုတ်ပယ်ခဲ့ကြောင်း တူရကီအစိုးရပိုင်အန်နာဒိုလူသတင်းဌာနက ဖော်ပြသည်။

ဇူလိုင် ၁၅ ရက်တွင်ဖြစ်ပွားခဲ့သည့် မအောင်မြင်သော အာဏာသိမ်းရန်ကြိုးပမ်းမှုအား အမေရိကန်ပြည်ထောင်စု၌ အခြေစိုက်နေထိုင်သည့် မွတ်စလင်တရားဟောဆရာ ဖာသူလာဂူလန်က စီစဉ်ညွှန်ကြားခဲ့ကြောင်း တူရကီအစိုးရက စွပ်စွဲပြစ်တင်ထားပြီး ယင်းအာဏာသိမ်းယူရန် ကြိုးပမ်းမှုအတွင်း လူပေါင်း ၂၄၁ ဦးသေဆုံးကာ ၂၀၀၀ ကျော် ထိခိုက်ဒဏ်ရာရခဲ့သည်။ **ဆင်ဟွာ။**

# ဘရူနိုင်းနိုင်ငံ၏ လူတစ်ဦးချင်းကာကွယ်ရေးအသုံးစရိတ်မှာ အာဆီယံဒေသ၌ ဒုတိယအမြင့်ဆုံးဖြစ်

**ဘန်ဒါစရီဘီဂါဝမ် အောက်တိုဘာ ၄**

စတော့ဟုမ်းအပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးသုတေသနအင်စတီကျု(SIPRI)က နောက်ဆုံးအကြိမ် ထုတ်ပြန်သော ကိန်းဂဏန်းများအရ ဘရူနိုင်းနိုင်ငံမှာ စင်ကာပူနိုင်ငံပြီးနောက် အာဆီယံဒေသအတွင်း လူတစ်ဦးချင်းအတွက် ကာကွယ်ရေးအသုံးစရိတ် ဒုတိယအများဆုံးနိုင်ငံဖြစ်သည်။

အဆိုပါအဖွဲ့၏ ၂၀၁၅ ခုနှစ် အချက်အလက်များကိုအခြေခံ၍ ဘရူနိုင်းအစိုးရက စုစုပေါင်းကာကွယ်ရေးဘတ်ဂျက် အမေရိကန်ဒေါ်လာသန်း ၄၆၀ တွင် လူတစ်ဦးချင်းအတွက် အမေရိကန်ဒေါ်လာ ၁၀၁၂ သုံးစွဲခဲ့ပြီး စုစုပေါင်းအစိုးရအသုံးစရိတ် ၈ ဒသမ ၂ ရာခိုင်နှုန်းသို့မဟုတ် ဂျီဒီပီ၏ ၃ ဒသမ ၇ ရာခိုင်နှုန်းရှိသည်။ ဘရူနိုင်းနိုင်ငံ၏လူတစ်ဦးချင်းကာကွယ်ရေးအသုံးစရိတ်မှာ ၂၀၀၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၆၉၂ ဒေါ်လာမှ ၂၀၁၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၀၁၂ ဒေါ်လာထိရှိခဲ့ပြီး ပြီးခဲ့သော ၁၀ နှစ်အတွင်း ၄၆ ရာခိုင်နှုန်းမြင့်တက်လာခဲ့ကြောင်း ဒေသန္တရမီဒီယာများက ဆိုသည်။

အာဆီယံဒေသအတွင်း စုစုပေါင်းကာကွယ်ရေးအသုံးစရိတ်အရ စင်ကာပူနိုင်ငံမှာ ပထမနေရာ၌ရှိနေဆဲဖြစ်ပြီး အာဆီယံနိုင်ငံများစုစုပေါင်းစစ်ရေးအသုံးစရိတ်၏ ၂၅ ရာခိုင်နှုန်းရှိကာ အင်ဒိုနီးရှားနိုင်ငံက ၂၀ ရာခိုင်နှုန်းဖြင့် ဒုတိယနေရာရှိနေကာ ထိုင်းနိုင်ငံက ၁၅ ရာခိုင်နှုန်းဖြင့် တတိယနေရာရှိနေသည်။ ဘရူနိုင်းနိုင်ငံမှာ အာဆီယံဒေသစုစုပေါင်းကာကွယ်ရေးအသုံးစရိတ်၏ တစ်ရာခိုင်နှုန်းမျှသာရှိသည်။

SIPRI၏ အဆိုအရ အာရှ-ပစိဖိတ်ဒေသမှာကာကွယ်ရေးအသုံးစရိတ်နှင့် လက်နက်ကုန်သွယ်မှုတွင် တရိပ်ရိပ်တက်နေသော အလားအလာရှိပြီး ကမ္ဘာ့လက်နက်တင်သွင်းမှုများ၏ ၄၆ ရာခိုင်နှုန်းရှိသည်။ အဆိုပါဆွီဒင်နိုင်ငံအခြေစိုက် SIPRI မှာ ပဋိပက္ခ၊ လက်နက်ထိန်းချုပ်မှုနှင့် လက်နက်ဖျက်သိမ်းမှုတွင် သုတေသနလုပ်ငန်းကို နှစ်မြှုပ်လုပ်ဆောင်နေပြီး ကမ္ဘာတစ်ဝန်းစစ်ရေးအသုံးစရိတ်ဆိုင်ရာ ဘက်စုံပါဝင်သော အချက်အလက်များ ပံ့ပိုးပေးသည်။ **ဆင်ဟွာ။**

# မီးရထားသယ်ယူပို့ဆောင်ရေးကဏ္ဍ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်စေရန် အဆင့်အတန်းမြှင့်တင်ပေးရေးအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၄**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၄) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ မေးခွန်း ၂ ခု မေးမြန်းဖြေကြားပြီး အဆိုတစ်ခုအား ဆွေးနွေးခဲ့ကြသည်။

နန်းယွန်းမဲဆန္ဒနယ်မှ ဦးဝမ်းလှ၏ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ **နန်းယွန်းမြို့နယ်နှင့် ပန်ဆောင်၊ ဒုံဟီးမြို့နယ်ခွဲတို့တွင် GSM 3G ဖုန်းလိုင်းများအား မည်သည့်အချိန်တွင် အပြီးတပ်ဆင်ပေးမည်ကို သိလိုခြင်းမေးခွန်းနှင့်** အင်းစိန်မဲဆန္ဒနယ်မှ ဦးမောင်မောင်ဦး၏ **အင်းစိန်မြို့နယ်အတွင်းရှိ မီးရထားစက်ခေါင်းစက်ရုံနှင့် မီးရထားအိမ်ရာဝင်းအတွင်းရှိ အလုပ်သမားဝန်ထမ်းမိသားစုအိမ်ခန်းများနှင့် လိုင်းခန်းများတွင် ၂၄ နာရီ လျှပ်စစ်မီးရရှိရေးအတွက် မည်သို့ဆောင်ရွက်ပေးမည်ကို သိလိုခြင်းမေးခွန်း**တို့နှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ဆက်သွယ်မှုရရှိစေရန် နန်းယွန်းမြို့နှင့် ပန်ဆောင်မြို့များတွင် လိုင်းအင်အား ၇၅၀ ပါ CDMA-450 MHZ စခန်းတစ်ခုစီဖွင့်လှစ်၍ မိုဘိုင်းဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဒုံဟီးမြို့နယ်တွင်လည်း တယ်လီဖုန်းလိုင်း ၄ လိုင်းပါ MPT Satellite Terminal ဆက်သွယ်ရေးစခန်း ၁ ခု ဖွင့်လှစ်ထားရှိပြီးဖြစ်ပါကြောင်း၊ ဒုံဟီးမြို့နယ်တွင် GSM 3G စနစ် မိုဘိုင်းဆက်သွယ်ရေးစခန်း တည်ဆောက်လျက်ရှိရာ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလကုန်ခန့်တွင် 3G မိုဘိုင်းဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ နန်းယွန်းမြို့နယ်နှင့် ပန်ဆောင်မြို့နယ်ခွဲများတွင် တာဝါတိုင် အစားထိုးတည်ဆောက်ပြီးမှသာ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ ပြည်ပဆက်သွယ်ရေးအော်ပရေတာများကိုလည်း ကွန်ရက်များတိုးချဲ့တည်ဆောက်သွားနိုင်ရေး တိုက်တွန်းညှိနှိုင်းသွားမည်ဖြစ်ကြောင်း၊ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် နယ်စွန်နယ်ဖျားအားလုံး ဆက်သွယ်ရေးစနစ်ရရှိရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အင်းစိန်မီးရထားစက်ခေါင်းစက်ရုံနယ်မြေနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြန်မာ့မီးရထားဝန်ထမ်းအိမ်ရာတွင် ၂၄ နာရီ လျှပ်စစ်မီးအချိန်ပြည့်ရရှိစေရန် လိုအပ်သည့်မီတာ၊ Transformer နှင့် ဆက်စပ်ပစ္စည်းများ တပ်ဆင်ရေးအတွက် YESC နှင့် ညှိနှိုင်းဆောင်ရွက်မည်ဖြစ်၍ ကုန်ကျငွေအား အနီးစပ်ဆုံးဘဏ္ဍာရေးနှစ်မှစ၍ ဘဏ္ဍာနှစ်အလိုက် ဘဏ္ဍာငွေထည့်သွင်းလျာထား တောင်းခံသွားမည်ဖြစ်ကြောင်း၊ ဘဏ္ဍာငွေခွင့်ပြုချက်ရရှိမှုပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။


ဖြူးမဲဆန္ဒနယ်မှ ဦးသန်းညွန့်


ပြည်မဲဆန္ဒနယ်မှ
ဒေါက်တာခင်စိုးစိုးကြည်


တပ်မတော်သား လွှတ်တော်
ကိုယ်စားလှယ် ဗိုလ်မှူးရဲနိုင်လွင်

ထို့နောက် ဖြူးမဲဆန္ဒနယ်မှ ဦးသန်းညွန့်၏ မီးရထားသယ်ယူပို့ဆောင်ရေးကဏ္ဍကို ယခုထက် ပိုမိုရင်းနှီးမြှုပ်နှံပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်စေရန် အဆင့်အတန်းမြှင့်တင်ပေးရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ၁၃ ဦးတို့က ထောက်ခံဆွေးနွေးကြသည်။

ပြည်မဲဆန္ဒနယ်မှ ဒေါက်တာခင်စိုးစိုးကြည်က မီးရထားစီးနင်းခြင်း၏ ကောင်းကျိုးများကြောင့် ပြည်သူများသည် ရထားစီး၍ခရီးနှင်လိုကြသည်မှာ အမှန်တရားပင်ဖြစ်ကြောင်း၊ သို့သော် ထိန်းသိမ်းပြုပြင်မှုနည်းပြီး ခေတ်မမီတော့သည့် ရထားပို့ဆောင်ရေးကြောင့် ပြည်သူများ အခြားသော ခရီးလမ်းကြောင်းများကိုသာ ရွေးချယ်ခရီးနှင်နေကြရကြောင်း၊ မီးရထားသယ်ယူပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မည်ဆိုပါက ပြည်သူများအတွက် ငွေကြေးကုန်ကျမှုများစွာ သက်သာမည်ဖြစ်ကြောင်း၊ ကုန်စည်စီးဆင်းမှုမြန်ဆန်ပြီး စရိတ်အကုန်အကျနည်းမည်ဖြစ်သည့်အတွက် ကုန်ဈေးနှုန်းကိုလည်း တစ်ဖက်တစ်လမ်းမှ ထိန်းညှိပေးနိုင်မည်ဖြစ်ကြောင်း၊ ရထားပို့ဆောင်ရေးကဏ္ဍ၏ လိုအပ်ချက်များကို ပြင်ဆင်သင့်ကြောင်း၊ ရထားများ၏ ထွက်ခွာချိန်၊ ဆိုက်ရောက်ချိန် မှန်ကန်ရေးကိုလည်း အမြဲစစ်ဆေးသွားရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းအခွင့်အရေးနှင့် ဝန်ထမ်းများခန့်ထားနိုင်ရေး ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ ရထားလက်မှတ်ရောင်းချရေးစနစ်ကိုလည်း ပြောင်းလဲသင့်ပါကြောင်း၊ မီးရထားသယ်ယူပို့ဆောင်ရေးကဏ္ဍကို အရှုံးခံရင်းနှီးမြှုပ်နှံပေးသင့်ကြောင်း၊ မီးရထားသယ်ယူပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံတော်အစိုးရအနေဖြင့် ရင်းနှီးမြှုပ်နှံသင့်ကြောင်း ဆွေးနွေးသည်။

တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးရဲနိုင်လွင်က မျက်မှောက်ကာလတွင် ကားလမ်းကိုသာ အဓိကထားအသုံးပြုနေကြသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ လမ်းများပိုမိုကောင်းမွန်လာခြင်း၊ ယာဉ်လိုင်းများ အပြိုင်အဆိုင်ပြေးဆွဲခြင်း၊ ဝန်ဆောင်မှုကောင်းခြင်း၊ အချိန်မြန်ဆန်ခြင်းနှင့် Door to Door ရောက်ရှိနိုင်ခြင်းတို့ကြောင့် ကားလမ်းကို အသုံးပြုနေကြခြင်းဖြစ်ကြောင်း၊ နိုင်ငံတကာတွင် မီးရထားသယ်ယူပို့ဆောင်ရေးကို တွင်တွင်ကျယ်ကျယ် အသုံးပြုနေကြပါကြောင်း၊ အဓိကအကြောင်းအရင်းမှာ အချိန်တိကျမှုနှင့် ငွေကြေးအကုန်အကျသက်သာခြင်းတို့ကြောင့်ဖြစ်ကြောင်း၊ မြန်မာ့မီးရထားကဏ္ဍကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန် တစ်ဆင့်ပြီးတစ်ဆင့် အဆင့်လိုက်ရည်မှန်းချက်များချမှတ်ကာ တိုးမြှင့်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မီးရထားပို့ဆောင်ရေးကဏ္ဍ အရှုံးပေါ်နေသည်ကို အဖြေရှာရန်လိုအပ်ကြောင်း၊ မီးရထားရင်းနှီးမြှုပ်နှံမှုသည် ငွေကြေးအင်အားလွန်စွာများပြားပြီး ရေရှည်ဆောင်ရွက်မှသာ အကျိုးအမြတ်ရရှိနိုင်သည့်လုပ်ငန်းဖြစ်ကြောင်း၊ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများ စိတ်ပါဝင်စားလာရန် ရေရှည်ခိုင်မာပြီး အာမခံချက်ရှိသည့်၊ နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ရေရှည်အကျိုးစီးပွားကို ရှေးရှုသည့် ရင်းနှီးမြှုပ်နှံမှုဥပဒေများ၊ နည်းဥပဒေများကို ထုတ်ပြန်အကောင်အထည်ဖော်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ မြန်မာ့မီးရထားကဏ္ဍ အဆင့်မြင့်မားလာစေရန် ဘဏ္ဍာငွေတိုးမြှင့်ထောက်ပံ့မတည်ပေးခြင်း၊ မီးရထားပို့ဆောင်ရေးဌာနအနေဖြင့် ကုန်စည်ပို့ဆောင်ရေးကဏ္ဍကို အားဖြည့်မြှင့်တင်ဝင်ငွေရှာပြီး ရေရှည်ရပ်တည်နိုင်ရန် ကြိုးပမ်းခြင်းနှင့် ခရီးသည်ဝန်ဆောင်မှုများတွင်လည်း ပြည်တွင်း ပြည်ပ စီးပွားရေးလုပ်ငန်းရှင်များကို ရင်းနှီးမြှုပ်နှံစေခြင်းတို့ဖြင့် မြန်မာ့မီးရထားပို့ဆောင်ရေးကဏ္ဍ နိုင်ငံတကာအဆင့်မီနိုင်ရေးဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း ဆွေးနွေးသည်။

ယင်းနောက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ၅ နှစ်အတွင်း အားလုံးပြီးစီးအောင် မလုပ်နိုင်သည့်အတွက် အဆိုကို မှတ်တမ်းတင်ပေးနိုင်ရန် ဆွေးနွေးသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားရယူပြီး အဆိုကို မှတ်တမ်းတင်ကြောင်း ကြေညာသည်။ **(သတင်းစဉ်)**

# ပုဏ္ဏားကျွန်းမြို့နယ်တွင် စပါးစိုက်ပျိုးမှုတိုးတက်ဖွံ့ဖြိုးရေးစီမံကိန်းများနှင့်စပ်လျဉ်း၍ ဖြေကြား

**နေပြည်တော် အောက်တိုဘာ ၄**

လိုအပ်သည့် စူးစမ်းလေ့လာမှုများပြုလုပ်ပြီး အမှန်တကယ်အကျိုးဖြစ်ထွန်းမှုရှိသည့် လုပ်ငန်းဖြစ်ပါက **ပုဏ္ဏားကျွန်းမြို့နယ်တွင် စပါးစိုက်ပျိုးမှုတိုးတက်ဖွံ့ဖြိုးရေးစီမံကိန်းများကို** နိုင်ငံတော်ဘဏ္ဍာငွေမှ ကျခံ၍ဖြစ်စေ၊ နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများထံမှ ငွေကြေးအကူအညီ အထောက်အပံ့များရယူ၍ဖြစ်စေ ဆောင်ရွက်နိုင်ရေး စီစဉ်ပေးသွားမည်ဟု စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်းက ပြောကြားသည်။

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၄၂ ရက်မြောက်နေ့တွင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ်၏ **"ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်၌ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ် သို့မဟုတ် အခြားဘဏ်များ၏ ကူညီထောက်ပံ့ငွေ သို့မဟုတ် ချေးငွေဖြင့် အောက်မြန်မာပြည် စပါးစိုက်ပျိုးမှုတိုးတက်ဖွံ့ဖြိုးရေးစီမံကိန်းကဲ့သို့သော စီမံကိန်းများ အကောင်အထည်ဖော်ရန် အစီအစဉ် ရှိ၊ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ထိုသို့ ဖြေကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဒုတိယဝန်ကြီးက ပုဏ္ဏားကျွန်းမြို့နယ်တွင် ရေချိုထိန်းသိမ်းသိုလှောင်ပြီး သောက်သုံးရေပေးဝေနိုင်ရေးအတွက် ခမီးကြိမ်ချောင်း ရေလှောင်တမံကို တည်ဆောက်ခဲ့ပြီးဖြစ်သည့်အပြင် တန်ခိုးရေငန်တားတာ၊ မက္ကလာကျရေငန်တားတာ၊ အထုပ်သည် လယ်သမားတာ၊ မဒေသာလယ်သမားတာ၊ ဆင်အင်းကြီးလယ်သမားတာများ ပြုပြင်ခြင်းစသည်တို့ကို ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင်လည်း တံဘက်လှမ်းလယ်သမားတာ၊ ခမောင်းတောလယ်သမားတာနှင့် ကျောက်ဆိပ်ပြင်လယ်သမားတာတို့ကို ဆက်လက်ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ပုဏ္ဏားကျွန်းမြို့နယ်အတွင်းရှိ ပဒေသာချောင်း၊ တောက်တဲ့ချောင်း၊ တန်ခိုးချောင်းနှင့် အိုင်ဒင်ချောင်းများ ဖြတ်သန်းစီးဆင်းနေသော ရပ်ဝန်းတွင် ကမ္ဘာ့ဘဏ်အကူအညီဖြင့် အောက်မြန်မာပြည် စပါးစိုက်ပျိုးမှု တိုးတက်ဖွံ့ဖြိုးရေးစီမံကိန်းများကဲ့သို့ ဆောင်ရွက်ရန်ကိစ္စနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့်လုပ်ငန်း သဘောသဘာဝအရ လုပ်ငန်းပမာဏ ကြီးမားကျယ်ပြန့်မည်ဖြစ်သည့်အတွက် လိုအပ်သည့် စူးစမ်းလေ့လာမှုများကို အနည်းဆုံး သုံးနှစ်ခန့် အချိန်ယူဆောင်ရွက်သွားရမည်ဖြစ်ပြီး အမှန်တကယ် အကျိုးဖြစ်ထွန်းမှုရှိပါက ဒီဇိုင်းပြုတွက်ချက်ကာ လိုအပ်သည့်ရန်ပုံငွေကို တင်ပြ၍ နိုင်ငံတော်ဘဏ္ဍာငွေမှ ကျခံ၍ဖြစ်စေ၊ ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများထံမှ ငွေကြေးအကူအညီအထောက်အပံ့များရယူ၍ဖြစ်စေ ဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။


စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်
ဆည်မြောင်းဝန်ကြီးဌာန
ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်း


ရခိုင်ပြည်နယ်
မဲဆန္ဒနယ်အမှတ် (၃)မှ
ဦးခင်မောင်လတ်

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးကျော်သန်း၏ **"ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ရတနအုပ်စုနှင့် ခြံဆွယ်အုပ်စုတွင်ရှိသည့် ကျိုးပေါက်နေသော တာတမံများကို ဆားငန်ရေ မဝင်ရောက်နိုင်စေရန် ပြည်ထောင်စုဘတ်ဂျက်ငွေဖြင့် သင်္ဂနက်ကျွန်တောင်နှင့် လကွက်တောင်တို့ကို သွယ်တန်း၍ ဆည်ဖို့ပေးရန် အစီအစဉ် ရှိ၊ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်းက ကျောက်ဖြူမြို့နယ် ရတနအုပ်စုနှင့် ခြံဆွယ်အုပ်စုရှိ ကျိုးပေါက်နေသော လယ်သမားတာစုစုပေါင်း (၄၃)ခုကို ပြန်လည်ပြုပြင်နိုင်ရေးအတွက် သင်္ဂနက်ကျွန်တောင်မှ လကွက်တောင်အထိ အလျားပေ ၉၈၀၀ နှင့် လကွက်တောင်မှ ရွာသဘော်ဆိပ်တောင်အထိ အလျားပေ ၁၆၀၀၀ ဆည်ဖို့ဆောင်ရွက်ရန် လိုအပ်သဖြင့် အကျယ် ၃၁၉ ပေ၊ ပျမ်းမျှအနက် ပေ ၂၀ ရှိ တိန်ချောင်းကို ပိတ်ဆို့ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ထို့ပြင် ရေထုတ်နုတ်နိုင်ရန် ကွန်ကရစ်ရေတံခါးလေးလုံး ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အဆိုပါလုပ်ငန်းများဆောင်ရွက်ပြီးပါက ဧရိယာ ၃၉၀၀ ဧကခန့်ကို ကာကွယ်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရရန်ပုံငွေ တင်ပြတောင်းခံပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတက်ထွန်းအောင်၏ **"ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် မြောက်ဘက်ခြမ်းတွင်တည်ရှိသော ငွက်စွယ်ကျွန်းကို ရေငန်တားတမံအသစ်တစ်ခု ဆည်ဖို့ပေးရန် အစီအစဉ် ရှိ၊ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ငွက်စွယ်ကျွန်းအား ရေငန်တားတမံ အသစ်တစ်ခုဆည်ဖို့ပေးရန် ဖြစ်မြောက်နိုင်စွမ်း အကြိုကွင်းဆင်းစစ်ဆေးမှု၊ မြေပြင်တိုင်းတာမှု၊ ဒေသန္တရဆိုင်ရာ စူးစမ်းလေ့လာမှုနှင့် ခန့်မှန်းကုန်ကျစရိတ် အသေးစိတ်တွက်ချက်မှုများ ဆောင်ရွက်ရန်လိုအပ်သည့်အပြင် ရန်ပုံငွေရရှိရေးလုပ်ငန်း အခြေအနေအရ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် အဆိုပြုလုပ်ငန်းကို ဆောင်ရွက်နိုင်မှုမရှိသေးပါကြောင်းနှင့် အသေးစိတ်ကွင်းဆင်းစစ်ဆေးဆောင်ရွက်မှုများပြုလုပ်ပြီး ဖြစ်မြောက်နိုင်စွမ်းရှိပါက ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်အစိုးရရန်ပုံငွေတွင် ဦးစားပေးအလိုက် ထည့်သွင်းတင်ပြ၍ ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဇော်မင်းလတ်(ခ) ဦးကိုလတ်၏ **"ရှမ်းပြည်နယ်တောင်ပိုင်း ရပ်စောက်မြို့နယ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ဘဏ်ခွဲအသစ်တစ်ခုဖွင့်လှစ်မည်ဆိုပါက ဘဏ်ခွဲဖွဲ့စည်းပုံရရှိရန် လိုအပ်ခြင်း၊ ဝန်ထမ်းအင်အား စုစုပေါင်း၏ သုံးပုံနှစ်ပုံအင်အားကိုသာ ခန့်ထားခွင့်ပြုသည့် ကန့်သတ်ချက်ရှိနေခြင်း၊ ရုံးအဆောက်အအုံလိုအပ်ခြင်း၊ ရန်ပုံငွေလိုအပ်ချက်ရှိခြင်းစသည့် အကန့်အသတ်များရှိနေပါသဖြင့် လောလောဆယ်တွင် ရပ်စောက်မြို့နယ် ဘဏ်ခွဲအသစ်တစ်ခု ဖွင့်လှစ်ရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားသည်။

ဥပဒေကြမ်းကော်မတီဝင် ဦးဆန်းမြင့်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော **"မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်း"**နှင့်စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များပါဝင်သော ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

လွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်းနှင့် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၄၃ ရက်မြောက်နေ့တွင် ဆွေးနွေးရန်ဆုံးဖြတ်ကြောင်း ကြေညာသည်။

**(သတင်းစဉ်)**

ကမ္ဘာ့ဆရာများနေ့ ဂုဏ်ပြုဆောင်းပါး

# တကယ့်ဆရာဘဝ တကယ့်ဆရာအလှ

## ဒေါက်တာသန်းဦး

**"ချစ်ခင်လေးမြတ် မေတ္တာစာတ်ပွား**
**ဟောကြားဆုံးမ ပြောကနာသယ့**
**စင်ဖြူလေးနက် မိန့်မြွက် ခွန်းချို**
**အကုသိုလ်တွေ မယှဉ်စေဟု**
**ခုနစ်ထွေအင်္ဂါ ပြည့်ညီညာ**
**မှီပါ ဆရာကောင်း"**

**ပထမရွှေကျင်ဆရာတော်ဘုရားကြီး**

**"ဆရာကောင်း" ၏ ဂုဏ်အင်္ဂါ (၇)ဖြာ**

"ဆရာကောင်း" ဂုဏ်အင်္ဂါ ခုနစ်ဖြာသည်ကား -

၁။ **ပိယ** ချစ်ခင်မြတ်နိုးမှု ခံယူခြင်း၊
၂။ **ဂုရု** အလေးဂရုပြုမှု ခံယူခြင်း၊
၃။ **ဘာဝနိယ** မေတ္တာစိတ် ပွားနိုင်အောင် အားထုတ်ခြင်း၊
၄။ **ဝတ္တာ** အပြစ်တွေ့လျှင် ပြောဆိုဆုံးမခြင်း၊
၅။ **ဝစနက္ခမ** ပြောဆိုတင်ပြသည်တို့ကို ကောင်းမွန်စွာ နားထောင်ခြင်း၊
၆။ **ဂမ္ဘီရဂါကထာ ကတ္တာ** လေးနက်သော စကားကိုပြောဆိုခြင်း၊
၇။ **နေစဋ္ဌာနေ နိယောဇက** အပြစ်ဖြစ်စေမည့် လောကကိစ္စများကို မစေခိုင်းမတိုက်တွန်းခြင်း

တို့ဖြစ်ပါသည်။

**"ဆရာမြတ်"၏ ကောင်းမြတ်သော နာ(၇)နာ**

"မြတ်ဆရာ" တစ်ဦးတွင် ရှိအပ်သည့် "နာ"(၇)နာတို့သည်ကား -

(၁) စေတနာ
(၂) အကြင်နာ
(၃) စာနာ
(၄) ကရုဏာ(ဂရုနာ)
(၅) ဝါသနာ
(၆) စံနမူနာ
(၇) အနစ်နာ

တို့ဖြစ်ပါသည်။

**အကောင်းဆုံး အမြတ်ဆုံး အသက်မွေးမှု**

"လောကတွင် အသက်မွေးဝမ်းကျောင်းမှု များစွာရှိသည်တို့အနက် "ပညာဖြင့် အသက်မွေးခြင်း"သည် အကောင်းဆုံး အမြတ်ဆုံးဖြစ်သည်" ဟူ၍ အာဠာဝကသုတ်တွင် ရှင်တော်မြတ်ဘုရားက အာဠာဝက၏ အမေးကို အဖြေပေးရာ၌ တိကျပြတ်သားမှန်ကန် အကျိုးရှိစွာ ရှင်းလင်းဖွင့်ဟ မိန့်ဆိုမှာကြားခဲ့ကြောင်း ထပ်လောင်း လေ့လာသိရှိမှတ်သားရပြန်ပါသည်။ မှတ်သားဖွယ်ကောင်းလေစွ။ ကောင်းစွာ မှတ်သားပါ၏။ ဤမှတ်သားထားချက်အတိုင်းလည်း ကြိုးစားခံယူကျင့်သုံးဖြစ်ပါ၏။

**ဆရာဘဝသို့ တက်လှမ်းရောက်ရှိခြင်း**

စာရေးသူသည် လွန်ခဲ့သော ၁၉၅၄ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် ကျောင်းဆရာဘဝသို့ တက်လှမ်းရောက်ရှိခဲ့ပါသည်။ ၂၀၁၆ ခုနှစ် စင်တင်ဘာ ၁ ရက်မှ ပြန်ပြောင်းရေတွက်သော် လွန်ခဲ့သော ၆၂ နှစ်က ဆရာ့လောက ဆရာ့ဘဝသို့ စတင်ရောက်ရှိခဲ့ခြင်းဖြစ်ပါသည်။ အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆရာကြီးအဖြစ် တကယ့်ဆရာ့ဘဝကို လက်တွေ့ကျကျ စတင်ခဲ့ရခြင်းဖြစ်ပါသည်။ အထက်တန်းကျောင်းများတွင် အထက်တန်းပြဆရာတစ်ယောက်တည်းသာရှိသဖြင့် (ဆရာမပြည့်စုံသဖြင့်) ကျောင်းဆရာကြီးသည် လိုအပ်သည့် ဘာသာရပ်များကို အထက်တန်းပြ ဆရာတစ်ယောက်နှင့်မခြား ဘာသာရပ်အများကိုယူ၍ တပည့်များကို သင်ကြားပြသခဲ့ရပါသည်။ အလွန်ပင်ပန်းပါသည်။ အကျိုးကျေးဇူးမှာ တပည့်များနှင့် များစွာရင်းနှီးသွားခြင်းပင်ဖြစ်ပါသည်။

ထိုစဉ်က စာရေးသူသည် အသက်အားဖြင့် (၂၆)နှစ် လူပျိုတစ်ယောက်ဖြစ်ပါသည်။ မိမိထက်အသက်ကြီးသူ လက်ထောက်အထက်တန်းပြ၊ အလယ်တန်းပြ၊ မူလတန်းပြ ဆရာ ဆရာမများကို လေးလေးစားစား ကောင်းကောင်းမွန်မွန် ဆက်ဆံဆောင်ရွက်ခဲ့ပါသည်။ တပည့်များကိုလည်း ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ ကောင်းမွန်စွာဆက်ဆံ၍ မသိတာကိုသိအောင်၊ မတတ်တာကို တတ်အောင်၊ လိမ္မာယဉ်ကျေးသိမ်မွေ့အောင် ဟောပြောညွှန်ပြနမူနာကောင်းပြ၍ ဆိုဆုံးမသွန်သင်ပဲ့ပြင်ပေးဖြစ်ခဲ့ပါသည်။ သို့ဖြင့် လက်ထောက် ဆရာ ဆရာမများ၏ လေးစားအားထားမှုနှင့် တပည့်များ၏ ချစ်ကြောက်ရိုသေမှုတို့ကို ကောင်းမွန်စွာ ရရှိခဲ့ပါသည်။

ယခုအခါ စာရေးသူကိုယ်တိုင် သင်ကြားမှုကို ခံယူခဲ့ကြသည့် တပည့်များအနက် သက်ရှိထင်ရှားရှိသူအချို့သည် အသက်အားဖြင့် (၇၆) နှစ်သို့ပင် ရောက်ရှိနေကြပြီး စာရေးသူနှင့်အတူ "အာစရိယ ပူဇော်ပွဲ"၌ ယှဉ်တွဲ၍ပင် အပူဇော်ခံယူနေပြီဖြစ်ပါသည်။

၁၉၆၄ ခုနှစ်တွင် စာရေးသူသည် နိုင်ငံတော် ဆရာအတတ်သင်ကျောင်း ကျောင်းအုပ်ကြီးတာဝန်ကို တိုးမြှင့်ထမ်းဆောင်ခွင့်ရခဲ့ပါသည်။ ဆရာအတတ်သင် သင်တန်းသား သင်တန်းသူများကို အသင်အပြကောင်းသည့် ဆရာ ဆရာမများ ဖြစ်လာအောင် သင်ကြားပြသလေ့ကျင့်ပေးခွင့်လည်း ရခဲ့ပါသည်။ ထိုစဉ်က သင်တန်းသား သင်တန်းသူများသည် လက်ထောက်ဆရာဘဝ၊ ကျောင်းအုပ်ဆရာကြီးဘဝဖြင့် ယခုအခါ ပင်စင်ယူခဲ့ကြ၍ အသက်အားဖြင့် (၇၀) ဆယ်ကျော် ရှိနေကြပြီလည်းဖြစ်ပါသည်။

> **"လောကတွင် အသက်မွေးဝမ်းကျောင်းမှုများစွာ ရှိသည်တို့အနက် ပညာဖြင့် အသက်မွေးခြင်းသည် အကောင်းဆုံး အမြတ်ဆုံးဖြစ်သည်" ဟူ၍ အာဠာဝကသုတ်တွင် ရှင်တော်မြတ်ဘုရားက အာဠာဝက၏ အမေးကို အဖြေပေးရာ၌ တိကျပြတ်သားမှန်ကန် အကျိုးရှိစွာ ရှင်းလင်းဖွင့်ဟ မိန့်ဆိုမှာကြားခဲ့**

ဤစာရေးသူသည် ကျောင်းဆရာကြီးဘဝ၊ ကျောင်းအုပ်ကြီးဘဝမှ အဆင့်ဆင့်သော တာဝန်များကို ထမ်းဆောင်ခဲ့ပြီးနောက် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဘဝသို့ တက်လှမ်းရောက်ရှိခဲ့ပါသည်။ ညွှန်ကြားရေးမှူးချုပ်ဘဝတွင် မိမိကိုယ်ကို တစ်ပြည်လုံးရှိ မူလတန်းကျောင်းများ၏၊ အလယ်တန်းကျောင်းများ၏၊ အထက်တန်းကျောင်းများ၏၊ ဆရာအတတ်သင်ကျောင်းများ၏ ကျောင်းအုပ်ကြီးအဖြစ် ဆရာ့စိတ်ဓာတ်ဖြင့် ကောင်းစွာ အလေးအနက်ခံယူ၍ ကိုယ်စွမ်း၊ ဉာဏ်စွမ်း၊ ဝီရိယစွမ်းရှိသမျှ စွမ်းစွမ်းတမံ ဆောင်ရွက်ဖြစ်ခဲ့ပါသည်။ သို့ဖြစ်၍ ဆရာဘဝကို စွဲစွဲမြဲမြဲ ခံယူကျင့်သုံးဖြစ်ခဲ့ပါသည်။

၁၉၆၄ ခုနှစ်မှ အစပြု၍ အများပြည်သူတို့အတွင်း စာမတတ်သူများကို စာတတ်မြောက်လာစေရန် မြန်မာနိုင်ငံ စာတတ်မြောက်ရေးလှုပ်ရှားမှုတွင် မြန်မာနိုင်ငံ စာတတ်မြောက်ရေး ဗဟိုကော်မတီ အတွင်းရေးမှူးတာဝန်ဖြင့် ကြိုးပမ်းအားထုတ်ဆောင်ရွက်ခွင့်ရခဲ့ပြန်သဖြင့် စာမတတ်သူနှစ်သန်းကျော် စာတတ်မြောက်လာသောကြောင့် ဝမ်းမြောက်ဝမ်းသာ မုဒိတာပွားခဲ့ရပါသည်။ အဆိုပါ ၁၉၆၄ ခုနှစ်မှအစပြု၍ "လူရည်ချွန်" ခုနစ်ထောင်ကျော်ကို ပြုစုပျိုးထောင်ပေးခွင့်နှင့် ကြုံဆုံခဲ့ရသဖြင့်လည်း ထပ်လောင်းနှစ်ထောင်းအားရဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူဖြစ်ခဲ့ရပါသည်။

ဤသည်ကား စာရေးသူ၏ တကယ့်ဆရာ့ဘဝတွင် တကယ့်လက်တွေ့ဘဝ၊ တကယ့်လက်တွေ့ကျကျ အားရပါးရ တစ်ဝကြီးဆောင်ရွက်ခွင့်ရခဲ့ခြင်းများ ဖြစ်ပါသည်။

**ဆရာ့အလှနှင့် ပြည့်စုံရခြင်း**

စာရေးသူသည် ဆရာဘဝ၌ ဆရာအရည်အချင်း၊ ဆရာ့အရည်အသွေးတို့နှင့် ကုံလုံပြည့်စုံစေရန် ဆရာအတတ်ပညာများကို ပြည်တွင်းပြည်ပ နှစ်ဌာန၌ ဆည်းပူးရယူခဲ့ပါသည်။ ဝိဇ္ဇာ(ပညာ)ဘွဲ့၊ ပညာရေးဝိဇ္ဇာဘွဲ့၊ ပညာရေးမဟာဝိဇ္ဇာဘွဲ့တို့ကို ဆည်းပူးရယူခဲ့ပြီးနောက် မိခင်ပြည်တွင်းပြည်ပ တက္ကသိုလ်များက ဂုဏ်ထူးဆောင်စာပေပါရဂူဘွဲ့ နှစ်ဘွဲ့ကိုလည်း ချီးမြှင့်ပေးအပ်သဖြင့် ကောင်းစွာလက်ခံရယူခဲ့ရပါသည်။

ယခုအခါ စာရေးသူသည် "ဦးသန်းဦး ဖောင်ဒေးရှင်းအဖွဲ့"ကို ထူထောင်၍ ရန်ကုန်ပညာရေးတက္ကသိုလ်၊ စစ်ကိုင်းပညာရေးတက္ကသိုလ်၊ စစ်ကိုင်းပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် အသီးသီးတွင် ပညာရေးဝိဇ္ဇာဘွဲ့ကို ပထမ ရရှိဆွတ်ခူးသူများအား "ဦးသန်းဦး ဖောင်ဒေးရှင်း ရွှေတံဆိပ်ဆု" ကို ရွှေသားစစ်စစ်ဖြင့် နှစ်စဉ်ပေးအပ်ချီးမြှင့် ဂုဏ်ပြုလျက်ရှိပါသည်။

ယခုအခါ ဤစာရေးသူသည် အသက်အားဖြင့် (၈၉)နှစ်သို့ ရောက်ရှိလာပြီဖြစ်၍ ဆရာဘဝတစ်လျှောက်လုံး ပြည်တွင်းပြည်ပနှစ်ဌာနတို့၌ သင်ယူရယူဆည်းပူးခဲ့သော ပညာရပ်များကို "ပညာအမွေ" ပေးသည့် အနေဖြင့် ရန်ကုန်ပညာရေးတက္ကသိုလ်တွင် ၂၀၁၅ ခုနှစ်မှအစပြုကာ အချိန်ပိုင်းပါမောက္ခအနေဖြင့် ပညာရေးပါရဂူတန်း၊ ပညာရေးမဟာတန်းနှင့် ပညာရေးမဟာဒသနတန်းများတွင် မြန်မာ့ပညာရေးအယူအဆ၊ မြန်မာ့ပညာရေးသမိုင်း၊ မြန်မာ့ပညာရေးအတွေ့အကြုံ စသည်တို့ကို ကိုယ်တိုင်ကိုယ်ကျ တစ်ဝကြီး ပို့ချပေးလျက်ရှိပါသည်။

ဤစာရေးသူသည် ဇာတာသက်အားဖြင့်(၈၉)နှစ်၊ ဆရာ့ဘဝ သက်တမ်းအားဖြင့် (၆၂) နှစ်တာကာလအတွင်း သားတပည့်များ၊ မြေးတပည့်များအား . . . .

| | | |
|---|---|---|
| **မေတ္တာ** | **ကို** | **အခြေခံ** |
| **အကြင်နာ** | **ကို** | **အခြေခံ** |
| **စာနာ** | **ကို** | **အခြေခံ** |
| **ကရုဏာ (ဂရုနာ)** | **ကို** | **အခြေခံ** |
| **မုဒိတာ** | **ကို** | **အခြေခံ** |
| **စေတနာ** | **ကို** | **အရင်းခံ** |
| **ဝါသနာ** | **ကို** | **အရင်းခံ** |
| **နမူနာ** | **ကို** | **အရင်းခံ** |

ထားပြီး ရိုးသားနိုးကြား ကြိုးစားမှုတို့ဖြင့် ဆရာ့အလှသုံးပါးဖြစ်သော လက်ရုံးအလှ (လက်ရုံးရည်) (Education of Hand)၊ ပညာအလှ (ပညာရည်) (Education of Head) နှင့် နှလုံးအလှ (နှလုံးရည်) (Education of Heart) တို့ကို ဆင်မြန်းလျက် ဆရာ့အလှပန်းပန်လျက်၊ နေ့မအား ညမနား အားထည့် အားသွင်း အားထုတ်လျက်ရှိပါကြောင်း။

တကယ့် ဆရာ့ဘဝ၊ တကယ့်ဆရာ့အလှဖြင့် သေတပန်သက်တစ်ဆုံး ဆရာ့စိတ်ဓာတ်အရင်းခံ၍ သင်ယူမှုပြုခြင်း၊ သင်ကြားမှုပြုခြင်းတို့ကို ရွက်ဆောင်သွားရန် သန္နိဋ္ဌာန်ပြုထားပြီး ဖြစ်ပါကြောင်း။

ဤစာရေးသူအား "ဆရာကောင်းတပည့် ပန်းကောင်းပန်" နိုင်အောင် သွန်သင်ပြသ ဆိုဆုံးမခဲ့ကြသော သင်ဆရာအပေါင်းနှင့် မြင်ဆရာ၊ ကြားဆရာအပေါင်းတို့အား. . .

**"သဒ္ဓါညွတ်နူး ဂုဏ်ရည်စူး၍**
**နဖူးမြေစိုက် ခြေကိုတိုက်လျက်**
**ဦးခိုက်မာန်ဖျော့ ဆံကေလျော့ပြီး**
**ထပ်ကျော့ခါခါ ကန်တော့ပါ၏**
**အိုဘယ့်ဆရာ 'မြတ်ဆရာ' "။** ။

## မြတ်ဆရာ

ဆ - နှိုင်းဆတတ်ရေး၊ သင်ကာပေးလို့
ရင်သွေးငယ်သား၊ တပည့်များကို
စားသွားမြထက်၊ သိဉာဏ်လက်ဖို့
ရွက်ဆောင်ပေးတာ၊ မြတ်ဆရာ။

ရာ - သင့်ရာသင့်ကြောင်း၊ နည်းလမ်းကောင်းကို
မနှောင်းညွှန်ပြ၊ ကင်းမာနဖြင့်
အတ္တမဖက်၊ အားမာန်ထည့်လျက်
သင်ခဲ့ပေတာ၊ မြတ်ဆရာ။

များ - တို့များဘဝ၊ အေးချမ်းလှကာ
လောကအလယ်၊ ဂုဏ်ဝင့်ထည်ဖို့
မကြွယ်ဒေါသ၊ ပယ်လောဘနဲ့
မနောလှရေး၊ ဆုံးမပေးသည်
နွေးထွေးပျူငှာ၊ မြတ်ဆရာ။

နေ့ - ယနေ့လူငယ်၊ ပညာကြွယ်မှ
နောင်ဝယ်လူကြီး၊ ထိန်ထိန်ညီးသည့်
ဆီမီးရောင်ပမာ၊ ထွန်းလင်းဖြာဖို့
ပညာဆီများ၊ ဖြည့်ပေးထားကာ
ကြွားဝင့်စေတာ၊ မြတ်ဆရာ။ ။

ဇာမဏီ(ပုဂံ)

ကမ္ဘာ့ဆရာများနေ့ ဂုဏ်ပြုဆောင်းပါး

# ဘဝဗိသုကာ အာစရိယ ဆရာ

## ဦးကျော်စိန်(မန္တလေး)

ခရစ်နှစ် ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၅ ရက်၊ မြန်မာသက္ကရာဇ် ၁၃၇၈ ခုနှစ် သီတင်းကျွတ်လဆန်း ၄ ရက် (ဗုဒ္ဓဟူးနေ့)သည် **"ကမ္ဘာ့ဆရာများနေ့"**ဖြစ်၏။ ထိုနေ့သည် ပညာရေးနေ့ နေ့ထူးနေ့မြတ်တစ်နေ့ ဖြစ်ပါသည်။ ထိုပညာရေး နေ့ထူးနေ့မြတ်၌ မြန်မာ့ဆရာ ဆရာမများအပါအဝင် ကမ္ဘာ့ဆရာ ဆရာမများ၏ ကျေးဇူးဂုဏ်ကို ကောင်းစွာ ဖွင့်ဟဖော်ကျူးကြပြီး ဂုဏ်ပြုကြရမည်ဖြစ်ပါသည်။ ကမ္ဘာ့ကုလသမဂ္ဂပညာ၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ချုပ် (ယူနက်စကို)သည် ဆရာ ဆရာမများ၏ ဂုဏ်သိက္ခာနှင့်စပ်လျဉ်း၍ ပထမဦးစွာ စာတမ်းကို ရေးဆွဲပြုစုခဲ့ပါသည်။ ယင်းစာတမ်းသည် လွန်ခဲ့သော နှစ်ငါးဆယ်ခန့်က ဖြစ်သည်။

ထိုကဲ့သို့ ရေးဆွဲပြုစုပြီးနောက် အလုပ်သမားရေးနှင့်လည်း သက်ဆိုင်သည့်ကိစ္စဖြစ်၍ ယူနက်စကိုအဖွဲ့ချုပ်ကြီးက အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ် ILO နှင့် ထပ်မံညှိနှိုင်းဆွေးနွေးတိုင်ပင်ပါသည်။ ယူနက်စကိုအဖွဲ့ချုပ်နှင့် ILO အဖွဲ့ချုပ်နှစ်ခုသည် ဆရာများ၏ ဂုဏ်သိက္ခာနှင့်စပ်လျဉ်းသည့် ထောက်ခံချက်ကို ထပ်မံရေးဆွဲပြုစုခဲ့ကြ၏။ ထို့နောက် အစိုးရအဖွဲ့များ၊ လူမှုရေးဆိုင်ရာအဖွဲ့များ တက်ရောက်ကြသည့် **"အထူးညီလာခံကြီး"**သို့ တင်ပြခဲ့ပါသည်။ ၁၉၆၆ ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့က ကျင်းပခဲ့သော အဆိုပါ **"အထူးညီလာခံကြီး"** နှင့် ဆရာများဂုဏ်သိက္ခာဆိုင်ရာ ထောက်ခံချက်ကို အညီအညွတ် ဆွေးနွေးလက်ခံ အတည်ပြု ပြဋ္ဌာန်းပေးခဲ့သဖြင့် ကမ္ဘာပေါ်တွင် ဆရာများ ဂုဏ်သိက္ခာထောက်ခံချက်(ဝါ) ပြဋ္ဌာန်းချက်သည် အခိုင်အမာ အတည်ပြုပေါ်ထွက်လာခြင်းဖြစ်၏။ ကမ္ဘာ့ဆရာများ သမိုင်းတွင် ထိုကဲ့သို့ သမိုင်းတွင်၊ သမိုင်းဝင်ဖြစ်ခဲ့ရသည့် ၁၉၆၆ ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့ကို **"ကမ္ဘာ့ဆရာများနေ့"**အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ပါသည်။

မျက်မှောက်ခေတ်ကို **"ပညာခေတ်"**ဟု ခေါ်ကြသည်။ ပညာခေတ်တွင် ပညာသင်ကြား ပို့ချပေးသူ ဆရာများ၏ အခန်းကဏ္ဍသည် မရှိမဖြစ်လိုအပ်၏။ ကမ္ဘာ့နိုင်ငံအသီးသီးတွင်လည်း ဆရာတို့အား အလေးထားကြရသည်။ မြင့်မြတ်သောဆရာတို့၏ ဂုဏ်ကျေးဇူးကို ဖော်ကျူးလာကြသည်။ ချီးမြှင့်ဂုဏ်ပြုလာကြသည်။ **"ကမ္ဘာ့ဆရာများနေ့"** ကို နိုင်ငံအလိုက် ဆရာများအား ဂုဏ်ပြုအခမ်းအနားများ ကျင်းပပေးရန် ကြေညာချက်ထုတ်ပြန်ထားသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင်လည်း **"ကမ္ဘာ့ဆရာများနေ့"** အား နိုင်ငံတော်က ကြီးမှူး၍ တခမ်းတနား ကျင်းပပါသည်။ နှစ်စဉ် ကမ္ဘာ့ဆရာများနေ့တွင် ဆရာ ဆရာမများကိုလည်းကောင်း၊ မည်သည့်နေရာဒေသတွင်မဆို ကလေးသူငယ်များကို အရည်အသွေးမြင့်မားသော ပညာရေး ဖြည့်ဆည်းပေးရာတွင် ဆရာ ဆရာမများ ပါဝင်ရသည့် ဗဟိုအချက်အချာ အခန်းကဏ္ဍကိုလည်းကောင်း ချီးကျူးဂုဏ်ပြုကြပါသည်။

နိုင်ငံတစ်နိုင်ငံတွင် နိုင်ငံရေး၊ စီးပွားရေး၊ နိုင်ငံတော်ကာကွယ်ရေး အင်အားသုံးရပ် တောင့်တင်းခိုင်မာရေးအတွက် နိုင်ငံသားတိုင်း၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးပါသည်။ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိကမဏ္ဍိုင်မှာ ပညာရေးဖြစ်၏။ သို့ဖြစ်၍ ပညာရေးကဏ္ဍကို နိုင်ငံတကာအဆင့်မီ မြင့်မားလာရန် တိုးတက်မြှင့်တင်ဆောင်ရွက်ပေးသွားရန် အရေးကြီးပါသည်။ နိုင်ငံတကာအဆင့်မီ ပညာရေးအဆင့်အတန်း တက်လှမ်းနိုင်ရန်အတွက် ဆရာများ၏ အခန်းကဏ္ဍသည် အရေးကြီးလှပေသည်။

အလုံးစုံသော ဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်တွင် ပညာသည်သာလျှင် ပဓာန၊ ပညာသည်သာလျှင် အဓိကဖြစ်၏။ ထို့ကြောင့် ပညာသည်ဖွံ့ဖြိုးတိုးတက်လာမှု အလုံးစုံ၏ ရင်းမြစ်ဖြစ်သည်။ အသိပညာကို ဆောင်ကြဉ်းပေးနိုင်သော ဝိဇ္ဇာပညာရပ်ဖြစ်စေ၊ အတတ်ပညာကို ဆောင်ကြဉ်းပေးနိုင်သော သိပ္ပံပညာရပ်ဖြစ်စေ ဖွံ့ဖြိုးတိုးတက်မှုအလုံးစုံတွင် အပြန်အလှန် အမှီသဟဲပြုလျက်ရှိနေပေသည်။ ထို့ကြောင့် ကျောင်းသင်ခန်းစာမှသည် ဘဝအတွက် သင်ခန်းစာများဖြစ်သွားသည်အထိ ဆရာများက တာဝန်ယူ သင်ကြားလေ့ကျင့်ပေးကြမည်ဖြစ်သည်။

မျိုးဆက်သစ် လူငယ်လူရွယ်များကို ဆရာကောင်းများကသာလျှင် စိတ်ဓာတ်၊ စည်းကမ်း၊ ပညာကောင်းအောင် ဆောင်ရွက်ပေးနိုင်ပြီး နိုင်ငံအပေါ် သစ္စာစောင့်သိသော အနာဂတ်မျိုးဆက်သစ်ကောင်းများကို မွေးထုတ်နိုင်မည်ဖြစ်ပါသည်။ ဆရာကောင်းဆိုသည်မှာ ကျောင်းစာအပြင် အရာရာကို လမ်းညွှန်သင်ပြဆုံးမပေးနိုင်သော ဆရာများကို ဆိုလိုခြင်းဖြစ်၏။ ထို့အပြင် မျိုးချစ်စိတ်ရှိခြင်း၊ ဘာသာရပ်ကျွမ်းကျင်ခြင်း၊ သင်ကြားနည်းပိုင်နိုင်ခြင်း၊ အစဉ်ဉာဏ်ရည်သွေးနေခြင်း၊ ဆရာစိတ်ရှိခြင်း စသည့်အချက်များနှင့် ပြည့်စုံသူကို ဆရာကောင်းဟု ခေါ်ပါသည်။ ဆရာသည် အသိပညာ၊ အတတ်ပညာ သင်ကြားပို့ချသူ ဖြစ်ရုံမျှသာမက တပည့်များ လိမ္မာရေးခြားရှိပြီး လူတော်လူကောင်းများ၊ လူရည်ချွန်၊ လူရည်မွန်များ ဖြစ်လာစေရန် ဆိုဆုံးမသူ၊ ပြုစုပျိုးထောင်သူလည်း ဖြစ်မှသာ မြတ်ဆရာဟူ၍ မှတ်ယူခြင်းကို ခံကြရမည်ဖြစ်ပါသည်။

ပညာရေး၌ ဆရာသည် အချက်အချာကျသဖြင့် ကောင်းမွန်သော အနာဂတ်ကို တည်ဆောက်နိုင်ရန် ဆရာများကို ပြုစုပျိုးထောင်ရေးတွင် ကောင်းမွန်စွာ ရင်းနှီးမြှုပ်နှံရန် လိုအပ်ပေသည်။ ကမ္ဘာတွင် ရင်ဆိုင်ကြုံတွေ့နေရသော စီးပွားရေးအကျပ်အတည်းမှ လွတ်မြောက်နိုင်ရေးအတွက် စီးပွားရေး၊ လူမှုရေး၊ အတတ်ပညာဆိုင်ရာ စွမ်းဆောင်မှုပြုရာ၌လည်း ဆရာများကအစပြု၍ ကြိုးပမ်းသွားရမည်ဖြစ်ပေသည်။

**The teachers of the country, one may say,have its future in their hands.**

**(William James)**

**"တိုင်းပြည်တစ်ပြည်၏ အနာဂတ်သည် ဆရာတွေ၏ လက်ထဲတွင်ရှိသည်ဟု ပြော၍ ရသည်"**

ကမ္ဘာ့ပညာရှင်တစ်ဦးဖြစ်သူ William James ဆိုသူ ပုဂ္ဂိုလ်၏ ဖွင့်ဆိုမှုအရ တိုင်းပြည်တစ်ပြည်၏ အနာဂတ်သည် ထိုတိုင်းပြည်ရှိ ဆရာများ၏ လက်ထဲ၌ ရှိနေသည်ဟု ပြော၍ရကြောင်း အဓိပ္ပာယ်သက်ရောက်နေပါသည်။ တိုင်းပြည်တစ်ပြည်အတွက် အားကိုးအားထားရမည့် မျိုးဆက်သစ်လူငယ်တို့သည် ထိုတိုင်းပြည်၏ အနာဂတ်ကို စင်စစ်အားဖြင့် ပိုင်စိုးကြသူများဖြစ်ကြ၏။ အဆိုပါ မျိုးဆက်သစ်လူငယ်များကို သင်ကြားပြသနေသူများ၊ ဆုံးမပဲ့ပြင်သွန်သင်နေကြသူများ၊ တစ်နည်းအားဖြင့် မျိုးဆက်သစ်လူသားရင်းမြစ် လူငယ်များကို ပြုစုပျိုးထောင်ပေးနေကြသူများမှာ ဆရာများပင် ဖြစ်ကြပါသည်။

ဆရာသည် အနန္တကျေးဇူးရှင်ဖြစ်၏။ မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာအရလည်းကောင်း၊ယုံကြည်ကိုးကွယ်မှုအရလည်းကောင်း ဗုဒ္ဓဘာသာဝင်များအနေဖြင့် လက်ခံထားရှိကြပါသည်။ သို့ဖြစ်၍ တပည့်တို့အပေါ် ဆရာ၏ ဩဇာသက်ရောက်မှုသည် ကြီးမား၍ မည်သည့်အခါမှ အဆုံးသတ်သွားမည်မဟုတ်ပေ။ ဆရာ၏ ဩဇာသက်ရောက်မှုသည် ထာဝရရှင်သန်နေမည် ဖြစ်ပါသည်။ ယနေ့ ပညာရာစု၊ ပညာခေတ်၊ ပညာ့လူအဖွဲ့အစည်းတွင် ဆရာများ၏ သင်ပြမှု၊ ထိုသင်ပြမှု၏ အကျိုးသက်ရောက်မှု၊ အနာဂတ်အတွက် လိုအပ်ချက် စသည်တို့သည် စာသင်ခန်းတွင် ဆရာများက တပည့်များကို မည်ကဲ့သို့ သင်ကြားပေးနေသနည်းဆိုသည့်အပေါ်တွင် တည်နေတော့သည်။

ဆရာများသည် မိမိတို့ကိုယ်တိုင် စံပြပုဂ္ဂိုလ်များဖြစ်သဖြင့် ဌာနဆိုင်ရာစည်းကမ်းများ၊ လူမှုရေးစည်းကမ်းတို့တွင် အစွန်းအထင်း မရှိစေရန် စောင့်ထိန်းခြင်း၊ ဆရာ့ဂုဏ်သိက္ခာကို ထိခိုက်နစ်နာစေမည့် အပြုအမူမှန်သမျှ ရှောင်ကြဉ်ခြင်းဖြင့် မြင့်မြတ်သည့် ဆရာသိက္ခာကို ပြည့်ဝစေနိုင်ပါသည်။ ဆရာသည် အနာဂတ်တည်ဆောက်နိုင်စွမ်းရှိသော လူငယ်လူရွယ်များကို လေ့ကျင့်ပျိုးထောင်ရာတွင် စာသင်ခန်းနှင့် ပြင်ပကမ္ဘာဆက်စပ်ခြင်း၊ နိုင်ငံအကျိုးပြုဒေသဖွံ့ဖြိုးမှုများ ဆောင်ရွက်ခြင်း စသည်တို့ကို သင်ကြားပေးသင့်ပေသည်။

ဤ ၂၁-ရာစုသည် ထူးခြားထက်မြက်သည့် ရာစုဖြစ်၏။ ကမ္ဘာ့ရွာတွင် ပညာသည်သာ ရတနာဖြစ်၍ ဆရာကလည်း အခရာဖြစ်ပါသည်။ ပညာကို မှန်ကန်စွာပေးနိုင်သူ၊ ပညာကို မှန်ကန်စွာ ပေးရမည့်သူသည် ဆရာဖြစ်ပါသည်။ ရှေးပညာရှိကြီးများက **"ဆရာကောင်းကို မှီဝဲဆည်းကပ်ပါလေ၊ ဆရာကို လက်မလွှတ်ပါစေလင့်၊ ဆရာမပြ နည်းလမ်းမကျ၊ ဆရာလွှတ်တော့ရှိုင်း"**ဟု ဆိုရိုးပြုထားခဲ့ကြပါသည်။

ဆရာ့ထံမှ စနစ်တကျသင်ယူမှုနှင့် ခံယူမှုကို တပည့်များ ရရှိသွားစေရန် ဆောင်ကြဉ်းပေးရမည်ဖြစ်၏။ ထိုကဲ့သို့ ကြံဆောင်ဖော်ဆောင် သင်ပြလမ်းညွှန်ပေးကြရမည့်သူများသည် ယနေ့ကမ္ဘာ့ဆရာများပင်ဖြစ်ကြပါသည်။

ဆရာသည် လူငယ်လူရွယ်များကို စာပေသင်ကြားပေးရုံသာမက အတွေးအမြင် မှန်ကန်စေရန်၊ အကောင်းအဆိုး ဝေဖန်ပိုင်းခြားတတ်စေရန်၊ ပြဿနာများကို ဖြေရှင်းတတ်စေရန် ဆုံးမပဲ့ပြင် သွန်သင်ပေးသည်။ ထို့အပြင် အသိအလိမ္မာရှိ၍ ရည်ရွယ်ချက်နှင့် စေတနာ ကောင်းမွန်လှပစေရန် ပန္နက်ချပေးသည့် အကြီးအကျယ်ဆုံးသော ဗိသုကာလည်းဖြစ်၏။ ကမ္ဘာပေါ်၌ တာဝန်အကြီးမားဆုံးနှင့် အသိမ်မွေ့ဆုံးသော လုပ်ငန်းများ၊ လူ့အဖွဲ့အစည်းအတွက် ဆောင်ရွက်ပေးနေသူလည်း ဖြစ်သည်။ ထိုအချင်းအရာများကို အောင်မြင်စေရန် ဆောင်ရွက်ပေးနေသူများမှာ ဆရာများသာ ဖြစ်သည်။

ဤကမ္ဘာတွင် ဆရာနှင့်ကင်းသော နိုင်ငံဟူ၍ မရှိသကဲ့သို့ ဆရာကင်းမဲ့သော ကမ္ဘာ့အကျော်အမော် ပုဂ္ဂိုလ်များလည်း မရှိနိုင်ပေ။ အနာဂတ် နိုင်ငံအကျိုး သယ်ပိုးကြမည့် နိုင်ငံ့သားကောင်း၊ သမီးကောင်းများ မွေးထုတ်ပေးရေးကို တာဝန်ယူရသူများမှာ ဆရာဖြစ်၏။ မိမိနိုင်ငံ ပညာရည်မြင့်မားရေးနှင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေးတို့အတွက် ခေတ်မီအတတ်ပညာများကို အစဉ်လေ့လာဆည်းပူးနေရသူများမှာလည်း ဆရာဖြစ်၏။ ထိုအတတ်ပညာ နည်းနာအသစ်အဆန်းတို့ကို တပည့်တို့အား ပြန်လည်ဖြန့်ဖြူးသင်ကြားပြသပေးရေး တာဝန်ယူရသူမှာလည်း ဆရာပင်ဖြစ်ပေသည်။ ဤသို့ဖြင့် ကမ္ဘာ့ဆရာများသည် မိမိတို့ တတ်သိကျွမ်းကျင်လိမ္မာသည့် ပညာဖြင့် ကမ္ဘာကို အလှဆင်ပေးနေကြသူ ကမ္ဘာ့ဆရာများအဖြစ်လည်းကောင်း၊ အနာဂတ်ကို ဖန်တီးမည့် ကမ္ဘာ့ဆရာကဏ္ဍတစ်ရပ်အဖြစ် လည်းကောင်း ယနေ့သတ်သတ်မှတ်မှတ် မှတ်ယူလက်ခံထားကြပါသည်။

သို့ပါ၍ ဆရာအဖြစ် အသက်မွေးမှုသည် မြင့်မြတ်သော အသက်မွေးမှုဖြစ်၏။ ဆရာ့ဘဝသည် ခန့်ညားထည်ဝါလှပါသည်။ ဆရာ့ဘဝကို ဂုဏ်ရည်အမြင့်ဆုံးသော ဘဝသခင်ကျေးဇူးရှင်၊ ဥယျာဉ်မှူး၊ ဘဝလမ်းကြောင်း မတိမ်းစောင်းရအောင်၊ အမှောင်ခွင်းသည့် အလင်းရှင်၊ ဘဝပဲ့ကိုင်၊ ဆီမီးတိုင်၊ ပန်းကိုမြတ်နိုး ပန်းပျိုးလက်စသည်ဖြင့် တင်စားခေါ်ဆိုကြသဖြင့် ဆရာ့ဂုဏ်၊ ဆရာ့ကျေးဇူး ဖော်ကျူး၍ မကုန်နိုင်တော့ပေ။ ဆရာများသည် မိမိ၏ ဝါသနာအလျောက် ဆရာအဖြစ်ခံယူကာ တပည့်ကျောင်းသားများအား စာပေတတ်မြောက်ထူးချွန်ရုံသာမက လူ့ဘဝတစ်လျှောက်လုံး ရပ်တည်နိုင်စေရန် စိတ်ဓာတ်၊ စည်းကမ်း၊ ပညာတို့ကိုပါ မိမိဘဝအရင်းတည်ကာ ပြုစုပျိုးထောင်လျက်ရှိကြပါသည်။ ဤကဲ့သို့သော နိုင်ငံ့ဝန်ထမ်းအဖြစ်ကို အမှုထမ်းခဲ့ရဖူးသည့် စာရေးသူအနေဖြင့် အောက်တိုဘာလ ၅ ရက်နေ့တွင် ကျရောက်သော **"ကမ္ဘာ့ဆရာများနေ့"**ကို ဂုဏ်ပြုရေးသားရပါသည်။ ။

**ဆရာဘဝ**

ဘဝခွဲတမ်း

ကံစမ်းသောအခါ

ငါ-မဲလိပ်တစ်လိပ်ရခဲ့တယ်

ရတဲ့မဲဟာ

ကျောင်းဆရာ

ဗလာနဲ့မခြား

ကံနည်းပါတယ်

ဒါပေမယ့်

ဒါနနဲ့ သီလအမြတ်

ငါ-ကျေနပ်တယ်

ဆရာဆိုတာ

တပည့်မရှား

တစ်ပြားမရှိ

ပီတိကိုစား

အားရှိတယ်

ပီတိစားရင်းကျောင်းသွားမယ်

ကျောင်းလမ်းပေါ်က ဒါနသည်။

x,Kb bl v ilfu n f0;D

**ကျောင်းသားလူငယ်များ စာပေဗဟုသုတတိုးပွားရေး ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲများ ကျင်းပ**

**တာချီလိတ် အောက်တိုဘာ ၄။** ။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျောင်းသားလူငယ်များ စာဖတ်စွမ်းရည်မြင့်မားပြီး ဉာဏ်ရည်ထက်မြက်မြင့်မားကာ ဗဟုသုတများ တိုးတက်ရရှိစေရေးအတွက် ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲကို အောက်တိုဘာ ၃ ရက် နံနက် ၉ နာရီက အဆိုပါရုံး အစည်းအဝေးခန်းမ၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးလှဌေးက ပြိုင်ပွဲများကျင်းပပေးခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တာချီလိတ်အခြေခံပညာအထက်တန်းကျောင်း၊ ဆန်ဆိုင်းအခြေခံပညာအထက်တန်းကျောင်း၊ ပုန်းထွန်အခြေခံပညာအထက်တန်းကျောင်းခွဲ၊ ရွှေမဟာကိုယ်ပိုင် အထက်တန်းကျောင်းနှင့် တာလော့အခြေခံပညာအလယ်တန်းကျောင်းခွဲတို့မှ ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲများတွင် ကျောင်းသား ကျောင်းသူ ၂၄ ဦး ပါဝင်ယှဉ်ပြိုင်သည်။

ဆက်လက်၍ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား မြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးထိန်မင်း၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်မေလွင်၊ ခရိုင်ဦးစီးအရာရှိ ဦးလှဌေးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးပြီး တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများနှင့် လူမှုရေးအသင်းအဖွဲ့များက ပြသထားသည့် စာအုပ်စာစောင်များ၊ နံရံကပ်ပြဘုတ်များအား ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

# အငြင်းပွားမှုဖျန်ဖြေရေးလုပ်ငန်းစဉ်ဆိုင်ရာ အာဆီယံပဋိညာဉ်စာတမ်း နောက်ဆက်တွဲစာချုပ်သို့ မြန်မာနိုင်ငံက အတည်ပြုဝင်ရောက်ရန်ကိစ္စနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြား

**နေပြည်တော် အောက်တိုဘာ ၄**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(၁၅)ရက်မြောက်နေ့ကို ယနေ့မွန်းလွဲပိုင်းတွင် ကျင်းပရာ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က အတည်ပြုပြီးဖြစ်သည့် "အရေးပေါ်စီမံမှု အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း"ကို မှတ်တမ်းတင်ခဲ့သည်။

နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော "အငြင်းပွားမှု ဖျန်ဖြေရေးလုပ်ငန်းစဉ်ဆိုင်ရာ အာဆီယံပဋိညာဉ်စာတမ်း နောက်ဆက်တွဲစာချုပ်သို့ မြန်မာနိုင်ငံက အတည်ပြုဝင်ရောက်ရန်" ကိစ္စနှင့်စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်က အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)၏ အငြင်းပွားမှုဖျန်ဖြေရေးလုပ်ငန်းစဉ်ဆိုင်ရာ အာဆီယံပဋိညာဉ်စာတမ်း နောက်ဆက်တွဲစာချုပ်ကို ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ ၂၀၁၀ ခုနှစ် ဧပြီ ၈ ရက်တွင် မြန်မာနိုင်ငံအပါအဝင် အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးများ လက်မှတ်ရေးထိုးခဲ့ကြပါကြောင်း။

ယခု နောက်ဆက်တွဲစာချုပ်ကို အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံအနက် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတို့က အတည်ပြုဝင်ရောက်ပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့ အတည်ပြုရန် ကျန်ရှိနေပါကြောင်း၊ အတည်ပြုဝင်ရောက်ရန် ကျန်ရှိသည့်နိုင်ငံများအနေဖြင့် ယခုစာချုပ်ကို အတည်ပြုနိုင်ရေးအတွက် ပြည်တွင်းလုပ်ထုံးလုပ်နည်းများကို ပြီးစီးအောင် ဆောင်ရွက်နေပြီဖြစ်ကြောင်း ပြောကြားသည်။

ထို့ပြင် ဒုတိယဝန်ကြီးက အဆိုပါစာချုပ်သည် အာဆီယံနိုင်ငံအချင်းချင်း အငြင်းပွားမှုများဖြစ်ပွားလာပါက ငြိမ်းချမ်းစွာဖြေရှင်းနိုင်ရေး၊ အာဆီယံပြည်သူများနှင့် အဖွဲ့ဝင်နိုင်ငံများအားလုံး ငြိမ်းချမ်းစွာနေထိုင်သွားနိုင်ရေး၊ အာဆီယံပဋိညာဉ်စာတမ်းနှင့် အခြားအာဆီယံစာချုပ်စာတမ်းများကို အကောင်အထည်ဖော်ရေးနှင့် စပ်လျဉ်း၍ ဖြစ်ပေါ်လာနိုင်သည့် အငြင်းပွားမှုပြဿနာများကို ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် ယန္တရားများကို ပြဋ္ဌာန်းထားခြင်းဖြစ်၍ မြန်မာနိုင်ငံအနေဖြင့် အတည်ပြုချုပ်ဆိုရန်လိုအပ်သည့်စာချုပ် ဖြစ်ပါကြောင်း။

ယခုနောက်ဆက်တွဲစာချုပ်ကို မြန်မာနိုင်ငံကအတည်ပြုပါဝင်နိုင်ရေးနှင့်ပတ်သက်၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့က ကန့်ကွက်ရန်မရှိကြောင်း သဘောထားမှတ်ချက်များ ရရှိပြီးဖြစ်သည့်အပြင် စီးပွားရေးရာကော်မတီနှင့် ပြည်ထောင်စုအစိုးရအဖွဲ့တို့၏ ခွင့်ပြုချက်များလည်း ရရှိပြီးဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အငြင်းပွားမှု ဖျန်ဖြေရေးလုပ်ငန်းစဉ်ဆိုင်ရာ အာဆီယံပဋိညာဉ်စာတမ်း နောက်ဆက်တွဲစာချုပ်ကို အတည်ပြုဝင်ရောက်ခြင်းဖြင့် ဒေသတွင်း ယုံကြည်ကိုးကားထိုက်သော အငြင်းပွားမှုဖြေရှင်းရေးလုပ်ငန်းစဉ်တစ်ရပ်ကို ဖော်ဆောင်နိုင်မည်ဖြစ်သည့်အပြင် ငြိမ်းချမ်းသာယာ၍ တိုးတက်ကောင်းမွန်သည့် အာဆီယံအသိုက်အဝန်း တည်ဆောက်ရေးအတွက် ပူးပေါင်းဆောင်ရွက်သည့် ဝန်းကျင်တစ်ခုကို ထိန်းသိမ်းတည်တံ့စေပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများ ပဋိပက္ခဖြစ်ပွားခြင်း၊ ထိပ်တိုက်တွေ့ဆုံခြင်းများ မဖြစ်ပေါ်စေရန် ကာကွယ်ပေးရေးအတွက် ကူညီပံ့ပိုးပေးနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

လွှတ်တော်နာယကက ယင်းပဋိညာဉ်စာတမ်း နောက်ဆက်တွဲစာချုပ်နှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို အောက်တိုဘာ ၇ ရက်တွင်ကျင်းပမည့် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(၁၆)ရက်မြောက်နေ့တွင် ဆောင်ရွက်ရန်လျာထားပါကြောင်း၊ ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း အသိပေးကြေညာသည်။

**(သတင်းစဉ်)**



ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့ ကျင်းပစဉ်။ (သတင်းစဉ်)

## ပုဂံယဉ်ကျေးမှုအမွေအနှစ် ရှေးဟောင်းစေတီ၊ ပုထိုး၊ သာသနိက အဆောက်အအုံများ ပြန်လည်ပြုပြင်မွမ်းမံရန် အလှူငွေပေးအပ်လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၄**

ပုဂံယဉ်ကျေးမှု အမွေအနှစ် ရှေးဟောင်းစေတီ၊ ပုထိုး၊ သာသနိက အဆောက်အအုံများ ပြန်လည်ပြုပြင်မွမ်းမံရန်အတွက် Huawei Technologies (Yangon) Co.,Ltd က အလှူငွေပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီက နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် တာဝန်ရှိသူများ၊ Huawei Technologies (Yangon) Co.,Ltd. မှ CEO Mr.Zhang Liman နှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ Huawei Technologies (Yangon) Co.,Ltd. မှ CEO Mr. Zhang Liman က လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ကျေးဇူးတင်စကား ပြောကြားရာတွင် ၂၀၁၆ ခုနှစ် ဩဂုတ် ၂၄ ရက် မြေငလျင်ဒဏ်ကြောင့် ပုဂံရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဒေသရှိ စေတီပုထိုးများ ပြိုကျပျက်စီးခဲ့ပြီး ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ် အဆောက်အအုံများလည်း ထိခိုက်ပျက်စီးခဲ့ရပါကြောင်း၊ ယဉ်ကျေးမှုတန်ဖိုးမြင့်မား၍ အမျိုးဂုဏ်၊ ဇာတိဂုဏ်တို့ကို ဖော်ညွှန်းနေသည့် ရှေးဟောင်းယဉ်ကျေးမှု စေတီ၊ ပုထိုး၊ သာသနိက အဆောက်အအုံများ ထောင်ချီ၍ တစုတဝေးတည်းရှိသည့်နေရာသည် ကမ္ဘာပေါ်တွင် ပုဂံဒေသတစ်ခုတည်းသာ ရှိပါကြောင်း၊ ဩဂုတ် ၂၄ ရက်တွင် လှုပ်ခတ်ခဲ့သည့် မြေငလျင်ကြောင့် စေတီပုထိုး မြောက်မြားစွာ ပြိုကျပျက်စီးခဲ့ရသည့်အတွက် နိုင်ငံသူ၊ နိုင်ငံသားများအနေဖြင့် အလွန်ဝမ်းနည်းကြေကွဲရပါကြောင်း၊ ယခုကဲ့သို့ သဘာဝဘေးအန္တရာယ်နှင့် ကြုံတွေ့ရသည့်အချိန်တွင် ကူညီထောက်ပံ့လှူဒါန်းသည့်အတွက် Huawei Technologies (Yangon) Co.,Ltd. မှ CEO Mr.Zhang Liman နှင့် ကုမ္ပဏီဝန်ထမ်းများအားလုံး ဘေးဘယာဝေးကွာပါစေကြောင်း ပြောကြားသည်။

ဆက်လက်၍ CEO Mr.Zhang Liman က အလှူငွေကျပ်သိန်း ၅၀၀ ပေးအပ်လှူဒါန်းပြီး ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ မှတ်တမ်းဓာတ်ပုံရိုက်ကူးကြသည်။

**(သတင်းစဉ်)**







## မြန်မာနိုင်ငံ၏ အမျိုးသားအဆင့် မူခင်းကြိုတင်ကာကွယ်ရေး မဟာဗျူဟာရေးဆွဲအကောင်အထည်ဖော်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မူခင်းဆိုင်ရာရုံး ( UNODC) တို့ သဘောတူလက်မှတ်ရေးထိုးဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံစီမံကိန်း (Country Programme) (၂၀၁၄-၂၀၁၇)တွင် ပါဝင်သည့် အမျိုးသားအဆင့် မူခင်းကြိုတင်ကာကွယ်ရေးမဟာဗျူဟာရေးဆွဲ အကောင်အထည်ဖော်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၄ ရက် နံနက် ၉ နာရီတွင် နေပြည်တော် ရွှင်ရယ်အေစီအီးဟိုတယ်၌ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် UNODC မြန်မာနိုင်ငံဆိုင်ရာ မန်နေဂျာ Mr. Troels Vester က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ်ဇော်ဝင်းက ပြောင်းလဲလာသော မူခင်းကြိုတင်ကာကွယ်ရေးဆိုင်ရာ အယူအဆများ၊ မြန်မာနိုင်ငံမူခင်းကြိုတင်ကာကွယ်ရေးတွင် အဓိကဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံအစိုးရအဖွဲ့ ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် လူ့အခွင့်အရေးကော်မရှင်တို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ရဲအရာရှိကြီးများ၊ တိုင်းဒေသကြီးများနှင့် ပြည်နယ်များမှအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးများ၊ ဒုတိယရဲတပ်ဖွဲ့မှူးများ တက်ရောက်ခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲ ပထမနေ့ကို နံနက် ၁၁ နာရီတွင် နေပြည်တော် မင်္ဂလာသီရိဟိုတယ်၌ ဆက်လက်ကျင်းပရာ မူခင်းကြိုတင်ကာကွယ်ရေးနှင့် ပတ်သက်၍ ကုလသမဂ္ဂ၏ ပြဋ္ဌာန်းချက်များနှင့်လမ်းညွှန်ချက်များ၊ အတွေ့အကြုံကောင်းများ၊ မြန်မာနိုင်ငံတွင် နှစ်အလိုက်ဖြစ်ပွားခဲ့သော မူခင်းအမျိုးအစားများနှင့် အရင်းခံအကြောင်းတရားများ၊ အန္တရာယ်ဖြစ်စေသော အကြောင်းတရားများ၊ ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစနစ်နှင့် မူခင်းကြိုတင်ကာကွယ်ရေး ဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။ အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၅ ရက်အထိ နေပြည်တော် မင်္ဂလာသီရိ ဟိုတယ်၌ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## လျှပ်စစ်အန္တရာယ်အသိပညာပေးဟောပြော

**အင်းတကော် အောက်တိုဘာ ၄**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် အင်းတကော်မြို့ အထကကျောင်း၌ အောက်တိုဘာ ၂ ရက် မွန်းလွဲ ၂ နာရီက အင်းတကော်မြို့ လျှပ်စစ်အင်ဂျင်နီယာ ဦးမြင့်သိန်း ဦးဆောင်၍ ဝန်ထမ်းများက အင်းတကော်မြို့ရှိ ပြည်သူများနှင့် ကျောင်းသား ကျောင်းသူ ၃၀၀ ခန့်တို့အား လျှပ်စစ်အန္တရာယ် အသိပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေ၍ အသိပညာပေးခဲ့ကြောင်း သိရသည်။

**(၀၇၅)**

# တရုတ်ရေတပ် ရေကြောင်းကာကွယ်ရေး အဖွဲ့ဝင်များ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်သို့ လာရောက်လေ့လာ

**ရန်ကုန် အောက်တိုဘာ ၄**
မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးအလည်အပတ်ရောက်ရှိနေသော တရုတ်ရေတပ် ရေကြောင်းကာကွယ်ရေးအဖွဲ့ဝင်များသည် ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးကျင်းပနေမှုကို လာရောက်လေ့လာကြသည်။

တရုတ်ရေတပ် ရေကြောင်းကာကွယ်ရေးအဖွဲ့မှ Senior Captain Mr. Wang Hongli အပါအဝင် အဖွဲ့ဝင် ၁၁ ဦးတို့သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး H.E. Mr Hong Liang နှင့်အတူ ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး(ဒုတိယနေ့)ကျင်းပနေမှုကို လာရောက်လေ့လာကြရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်းနှင့် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးတင်အောင်ထွန်းတို့က ကြိုဆိုနှုတ်ဆက်ကြသည်။

တရုတ်ရေတပ် ရေကြောင်းကာကွယ်ရေးအဖွဲ့သည် တိုက်ချင်းပစ် ဒုံးတင်စစ်ရေယာဉ်နှစ်စင်းနှင့်အတူ အေဒင်ပင်လယ်ကွေ့တွင် ရေကြောင်းကာကွယ်ရေးတာဝန်ပြီးမြောက်ပြီးနောက် စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၄ ရက်အထိ မြန်မာနိုင်ငံသို့လာရောက်လည်ပတ်ခြင်းဖြစ်ပြီး ခရီးစဉ်အတွင်း နှစ်နိုင်ငံချစ်ကြည်ရေး ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရန်ရည်ရွယ်ထားကြောင်း သိရသည်။

ယခု တရုတ်ရေတပ် ရေကြောင်းကာကွယ်ရေး အဖွဲ့၏ ချစ်ကြည်ရေးခရီးစဉ်သည် ၂၀၁၄ ခုနှစ်က တရုတ်ရေတပ်လေ့ကျင့်ရေးသင်္ဘော လာရောက်လည်ပတ်ပြီးနောက်ပိုင်း ထပ်မံရောက်ရှိလာခြင်းဖြစ်ပြီး အောက်တိုဘာ ၄ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းမှ ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။**ဇော်ကြီး(ပဏီတ)**



# ပညာရေးနယ်ပယ်မှ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဂုဏ်ပြုစကားသံများ

အောက်တိုဘာ ၅ ရက်သည် ကမ္ဘာ့ဆရာများနေ့ (WORLD TEACHER'S DAY) နေ့ဖြစ်ပါသည်။ အဆိုပါကမ္ဘာ့ဆရာများနေ့အား ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများဖြစ်သည့် ယူနက်စကို၊ အိုင်အယ်လ်အို၊ ယူနီဆက်ဖ်၊ ယူအန်ဒီပီနှင့် အပြည်ပြည်ဆိုင်ရာပညာရေးအဖွဲ့ကြီးငါးဖွဲ့မှ အကြီးအကဲများက ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် စုပေါင်းသဝဏ်လွှာကို ပေးပို့သဖြင့် ကမ္ဘာ့ဆရာများနေ့အခမ်းအနားတွင် ဖတ်ကြားဖော်ပြလျက်ရှိပါသည်။ အလားတူ ကမ္ဘာ့ဆရာများနေ့တွင် အာစရိယပူဇော်ပွဲများ၊ ဆုပေးပွဲများ၊ ဟောပြောပွဲများစသည့်ဆက်စပ်အစီအစဉ်များလည်း အထိမ်းအမှတ်အခမ်းအနားနှင့် ပူးတွဲကျင်းပလေ့ရှိပါသည်။


ဦးတိုးဝင်း


ဒေါ်ငွေငွေသန်း


Tr.TRACY

"ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် လှုပ်ရှားမှုအနေနဲ့ အောက်တိုဘာ ၅ ရက် မနက်ပိုင်းမှာ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်အခမ်းအနားကို အထက(၁)အောင်မြေခန်းမမှာ ကျင်းပမှာဖြစ်ပါတယ်။ အဲဒီအခမ်းအနားမှာ ကျွန်တော်ကပဲ ကမ္ဘာ့ဆရာများနေ့သဝဏ်လွှာကို ဖတ်ကြားပေးမှာဖြစ်ပြီး အသက်(၇၀)အထက်ရှိတဲ့ ဆရာကြီး၊ ဆရာမကြီးများကို ဂါရဝပစ္စည်းများနဲ့ ကန်တော့ကြမှာဖြစ်ပါတယ်။ ခရီးဝေးကွာမှု၊ ကျန်းမာရေးချို့တဲ့မှု စတဲ့အကြောင်းအမျိုးမျိုးကြောင့် မကြွရောက်နိုင်တဲ့ ဆရာကြီး၊ ဆရာမကြီးများထံကိုလည်း အိမ်တိုင်ရာရောက်သွားရောက်ပေးပို့ကန်တော့ကြမှာဖြစ်ပါတယ်။ ပြီးတော့ သက်ကြီး ဆရာကြီး၊ ဆရာမကြီးတွေရဲ့ ဩဝါဒစကားချီးမြှင့်မှုကိုခံယူပြီး မြို့နယ်အဆင့် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် စာစီစာကုံးနဲ့ ကဗျာဆုရရှိကြသူတွေကိုလည်း ဂုဏ်ပြုဆုတွေ ချီးမြှင့်ပေးသွားမှာဖြစ်ပါတယ်" ဟု ဖျာပုံမြို့နယ်ပညာရေးမှူး ဦးတိုးဝင်းက ပြောသည်။

"ကျွန်မတို့ အထက(၁)ကျောင်းမှာ လက်ရှိ ပညာသင်ယူနေတဲ့ ကျောင်းသား ကျောင်းသူ ၂၅၀၀ ကျော်ရှိပါတယ်။ ဆရာ ဆရာမ အင်အားကတော့ ကျွန်မအပါအဝင် အားလုံး အယောက် ၆၀ ခန့်ရှိပါတယ်။ ကမ္ဘာ့ဆရာများနေ့ကိုဂုဏ်ပြုသောအားဖြင့် ကျောင်းအဆင့် စာစီစာကုံးနဲ့ ကဗျာပြိုင်ပွဲဆုရရှိသူများကို ဂုဏ်ပြုချီးမြှင့်ပေးသွားမှာဖြစ်ပါတယ်။ ကျွန်မတို့ကျောင်းက ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှာ နဝမတန်း လူရည်ချွန် တစ်ဦး၊ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှာ နဝမတန်း လူရည်ချွန် တစ်ဦးနဲ့ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်မှာ ဒသမတန်း လူရည်ချွန်နှစ်ဦး မွေးထုတ်ပေးနိုင်ခဲ့ပါတယ်။ ဒါဟာ ဆရာဆရာမတွေရဲ့ကျေးဇူးတွေ အများကြီးပါနေပါတယ်။ ကမ္ဘာ့ဆရာများနေ့ကို တကယ်ချစ်မြတ်နိုးတယ်ဆိုရင် ကမ္ဘာ့ဆရာများနေ့အခမ်းအနား တက်ရောက်ရုံတင်မဟုတ်ဘဲ နေ့စဉ်ဆရာ့ကျင့်ဝတ်နဲ့အညီ နေထိုင်ကျင့်ကြံသင်ကြားပေးပြီး ကိုယ်ချင်းစာနာစိတ်အပြည့်အဝနဲ့ ဘက်စုံဖွံ့ဖြိုးတိုးတက်တဲ့ လူတော် လူကောင်းတွေဖြစ်လာအောင် ပြုစုပျိုးထောင်ပေးရမယ်လို့ အမြဲခံယူထားပါတယ်"ဟု အထက(၁)ဖျာပုံမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ငွေငွေသန်းက ပြောသည်။

"ကျွန်မကတော့ ကမ္ဘာ့ဆရာများနေ့ဆိုတာ နေ့စဉ်နှလုံးသွင်းရမယ့်အရာလို့မြင်ပါတယ်။ ကမ္ဘာမှာ ဆရာဆိုတာ မရှိလို့ကိုမဖြစ်ပါဘူး။ လူသားတစ်ယောက်ရဲ့ အနာဂတ်လှပပြီး မိမိကိုယ်ကို ကောင်းစွာတည်ဆောက်နိုင်ဖို့ ဆရာဆိုတာ အမြဲလိုအပ်နေမှာဖြစ်ပါတယ်။ ဒါကြောင့်မို့ ကမ္ဘာ့ဆရာများနေ့ကို ဂုဏ်ပြုတဲ့အနေနဲ့ မိမိတတ်နိုင်တဲ့ ပညာအရင်းအနှီးနဲ့ ၂၀၁၃ ခုနှစ်ကစပြီး ပဉ္စမတန်းကနေ ဒသမတန်းအထိ ပညာသင်ကြားနိုင်တဲ့ (TTA)ကိုယ်ပိုင်အထက်တန်းကျောင်း တည်ထောင်ဖွင့်လှစ်ပြီး သင်ကြားပေးခဲ့တာ ခုဆိုရင် ပညာသင်နှစ် သုံးနှစ်တိုင်ခဲ့ပါပြီ။ ဒီသုံးနှစ်ကာလအတွင်းမှာလည်း မြို့နယ်အောင်ချက်အမြင့်ဆုံး ပထမဆုကို သုံးနှစ်ဆက်တိုက်ရရှိခဲ့ပါတယ်။ ကိုယ်ပိုင်အထက်တန်းကျောင်းအဖြစ် မတည်ထောင်ခင်ကလည်း ကိုယ်ပိုင်ကျူရှင်(TTC)အဖြစ် (၁၆)နှစ်တိုင်တိုင်ဖွင့်လှစ်ခဲ့ပြီး ခြောက်ဘာသာ၊ ငါးဘာသာ၊ လေးဘာသာ စသည်ဖြင့် ဂုဏ်ထူးရှင်များစွာကိုလည်း မွေးထုတ်ပေးနိုင်ခဲ့ပါတယ်။ နှစ်စဉ် အောက်တိုဘာ ၅ ရက်မှာ ကျရောက်တဲ့ ကမ္ဘာ့ဆရာများနေ့ကို ကြိုဆိုဂုဏ်ပြုဖို့ဆိုရင် ပါးစပ်နဲ့ဂုဏ်ပြုနေရုံနဲ့ မလုံလောက်ပါဘူး။ လက်ရှိ ကျောင်းသားဗဟိုပြုပြီး ပိုလုပ်ပေးသင့်တာတွေနဲ့ တကယ်လက်တွေ့အကောင်အထည်ဖော်မှ တကယ်ဂုဏ်ပြုရာရောက်မယ်ဆိုတဲ့ ခံယူချက်နဲ့ ကျောင်းသားအင်အား ၂၁၀ ကို ဝါရင့်အတွေ့အကြုံရှိ ထူးချွန်ဆရာ ဆရာမ ၃၆ ဦးထိတိုးမြှင့်ပြီး သင်ကြားပေးနေပါတယ်။ ဒါမှ ကမ္ဘာ့ဆရာများနေ့ကို တစ်ဖက်တစ်လမ်းက ဂုဏ်ပြုရာရောက်မှာပါ။ ကျောင်းသင်ဘာသာရပ်များအပြင် လူတစ်ယောက်ရဲ့ဘဝ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကို ရည်ရွယ်ပြီး နိုင်ငံတကာသုံး (International Teaching Techniques)များအသုံးပြုပြီး English Language Four Skills လေ့ကျင့်သင်ကြားမှုတွေ၊ Computer Course သင်ကြားမှုတွေ၊ ကလေးတစ်ဦးချင်းစီရဲ့ ကာယဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေတဲ့ (Physical Fitness)ကို Music and Dance နဲ့ ပူးတွဲလေ့ကျင့်သင်ကြားပေးမှုတွေ၊ ဦးနှောက်နဲ့နှလုံးသား စိတ်ခွန်အားတွေ ဟန်ချက်ညီညီ ဖွံ့ဖြိုးဖို့အတွက် သုတ၊ ရသ စာပေဆွေးနွေးမှုတွေကို စနစ်တကျ လေ့ကျင့်သင်ကြားပေးနေပါတယ်။

ဒါ့အပြင် သိပ္ပံလက်တွေ့လေ့ကျင့်ခန်းတွေကိုလည်း ဝါရင့်ဆရာကြီးက ကြီးကြပ်ပြီး ကျောင်းသား ကျောင်းသူတွေကိုယ်တိုင်လုပ်ဆောင်စေပါတယ်။ ဒါ့အပြင် ဗဟုသုတပြည့်ဝပြီး ကာယ၊ ဉာဏ၊ စာရိတ္တ၊ ရသနှင့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုပညာရပ်တွေအပြင် စာပေ၊ ပန်းချီ၊ ဂီတ၊ အနုသုခုမပညာတွေအပါအဝင် ဇာတိ၊ ဉပတိ ဖွံ့ဖြိုးဖို့အတွက်ပါ အထောက်အပံ့ဖြစ်စေတဲ့ စာပေဟောပြောပွဲတွေကိုလည်း နာမည်ကြီးစာရေးဆရာတွေ ဖိတ်ခေါ်ပြီး ကျင်းပပေးလျက်ရှိပါတယ်။ ဒါမှသာ ဆရာ ဆရာမတွေအနေနဲ့ မိမိတို့ထမ်းဆောင်ရမယ့် ကျင့်ဝတ်နဲ့တာဝန်ကို အတိုင်းအတာတစ်ခုအထိ ကျေပွန်တယ်လို့ယူဆပြီး ကမ္ဘာ့ဆရာများနေ့ကိုလည်း နေ့စဉ်ဂုဏ်ပြုရာရောက်မှာပါ။ ဒါမှသာ တစ်ဦးတစ်ယောက်မှသည် တစ်ကမ္ဘာလုံးဖွံ့ဖြိုးတိုးတက်ကောင်းမွန်တဲ့လောကကို ဖန်တီးနိုင်မှာပါ" ဟု ဖျာပုံမြို့ TTA ကိုယ်ပိုင်အထက်တန်းကျောင်း တည်ထောင်ဖွင့်လှစ်သင်ကြားသူ Tr.TRACY က ပြောသည်။

**(သပြေထွန်း)**

## ❒ အောင်ပွဲရမှု

ပြိုင်ပွဲဝင်ဦးရေအများဆုံး ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

မြန်မာမြားပစ်အဖွဲ့ခေါင်းဆောင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ဦးနှင့်အဖွဲ့သည် ယမန်နေ့ မွန်းလွဲ ၂ နာရီ မိနစ် ၅၀ က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိကာ အားကစားနှင့်ကာယပညာ ဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)မှ သင်တန်းသား သင်တန်းသူများ၊ မိဘဆွေမျိုးမိတ်ဆွေများ လာရောက်ကြိုဆိုခဲ့ကြသည်။

အလားတူ ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့၌ ကျင်းပခဲ့သည့် (၅)ကြိမ်မြောက် အာရှသဲသောင်ပြင် ဗိုဗီနမ်အားကစားပြိုင်ပွဲတွင် မြန်မာဗိုဗီနမ်အားကစားအဖွဲ့သည် ရွှေ (၂)ခု၊ ငွေ (၃)ခု၊ ကြေး (၂)ခုဖြင့် နိုင်ငံအလိုက် ဒုတိယနေရာရရှိခဲ့သည်။

အောက်တိုဘာ ၁ ရက်က ကျင်းပသော Mixed Events Weapon Self - Defence အမျိုးသား အမျိုးသမီးပြိုင်ပွဲတွင် မောင်ခိုင်ဇင်ဝင်း၊ မဆုလဲ့ဖြိုးတို့က ကြေးတံဆိပ်(၁)ခုဖြင့် လည်းကောင်း၊ Men's Five Gate Form အမျိုးသားတစ်ကိုယ်တော်လက်သိုင်းတွင် မြန်မာအသင်းမှ မောင်ဘိုဘိုကလည်းကောင်း၊ Women's Dragon Tiger Form အမျိုးသမီးတစ်ကိုယ်တော်လက်သိုင်းပြိုင်ပွဲတွင် မခိုင်ဝါဖူးကလည်းကောင်း အကောင်းဆုံးဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသော်လည်း ဆုတံဆိပ်နှင့်လွဲချော်ခဲ့သည်။

အောက်တိုဘာ ၂ ရက် နောက်ဆုံးပွဲစဉ်များတွင် Men's Dual Machete Form အမျိုးသား နှစ်ယောက်တွဲ လက်နက်မဲ့ပြိုင်ပွဲတွင် မောင်မနားကွီးနှင့် မောင်ဘိုဘိုတို့က ရွှေတံဆိပ်(၁)ခုဖြင့်လည်းကောင်း၊ Dual Swort Form အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲတွင် မနှင်းသီတာနှင့် မခိုင်ဝါဖူးတို့က ငွေတံဆိပ်(၁)ခုဖြင့်လည်းကောင်း၊ Men's Dual Form အမျိုးသား နှစ်ယောက်တွဲ လက်နက်ပါ ပြိုင်ပွဲတွင် မောင်ခိုင်ဇင်ဝင်း၊ မောင်ဖြိုးမင်းစိုးတို့က ကြေးတံဆိပ်(၁)ခုဖြင့် အသီးသီးဆွတ်ခူးရရှိခဲ့သည်။

ယင်းပြိုင်ပွဲတွင် မြန်မာဗိုဗီနမ်အားကစားအဖွဲ့သည် ရွှေတံဆိပ်(၂)ခု၊ ငွေတံဆိပ်(၃)ခု၊ ကြေးတံဆိပ်(၂)ခုဖြင့် နိုင်ငံအလိုက် ဒုတိယရရှိခဲ့ပြီး ယမန်နေ့ည ၆ နာရီ ၁၀ မိနစ်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိရာ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူးဦးစိုးအောင်၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မိုး၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်)မှ သင်တန်းသား သင်တန်းသူများ၊ မြန်မာနိုင်ငံသိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ယွပ်ဆိုင်းအိန် မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် ကျောင်းအုပ်ကြီး ဦးအောင်ငွေး၊ မြန်မာနိုင်ငံ ဗိုဗီနမ်အဖွဲ့ချုပ်မှ အမှုဆောင်များ၊ မိဘဆွေမျိုးမိတ်ဆွေများက ရှမ်းအိုးစည်အက၊ အိုးစည်ဒိုးပတ်အကများဖြင့် စည်စည်ကားကားသိုက်သိုက်မြိုက်မြိုက်ကြိုဆိုဂုဏ်ပြုခဲ့ကြကြောင်း သိရသည်။ **(ကြေးမုံ)**


ပဲခူးတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ ခရိုင်လျှပ်စစ်အင်ဂျင်နီယာတို့၏လမ်းညွှန်ချက်နှင့်အညီ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးကြည်ဝင်းနှင့် ဝန်ထမ်းများက စက်တင်ဘာ ၃၀ ရက်တွင် ဒိုက်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများအား လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဆွေးနွေးဟောပြောစဉ်။
ကျော်ကျော်(IPRD)

# စက်မှုဝန်ကြီးဌာနနှင့် JICA တို့ ပူးပေါင်းကျင်းပသည့် မြန်မာ့စက်မှုကဏ္ဍဖွံ့ဖြိုးရေးမူဝါဒဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၄**
စက်မှုဝန်ကြီးဌာနနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)တို့ပူးပေါင်း၍ မြန်မာ့စက်မှုကဏ္ဍဖွံ့ဖြိုးရေးမူဝါဒဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့က နေပြည်တော်ရှိ Park Royal Hotel ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးကိုယ်စား အမြဲတမ်းအတွင်းဝန် ဦးကိုကိုလွင်က စက်မှုလုပ်ငန်းတစ်ခုချင်းစီအလိုက် ဖွံ့ဖြိုးရေးကို ဦးတည်ဆောင်ရွက်နိုင်ရန်အတွက် Strengthening Industrial Promotion Functions စီမံကိန်းကို အကောင်အထည်ဖော်ရခြင်းဖြစ်ကြောင်း၊ ယင်းစီမံကိန်း၏ အစီအစဉ်တစ်ရပ်ဖြစ်သော ယခုကျင်းပသည့်ရှင်းလင်းဆွေးနွေးပွဲမှ စီးပွားရေးနှင့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေမည့် မူဝါဒဆိုင်ရာ အကြံပြုချက်နှင့် လမ်းညွှန်ချက်များ ရရှိနိုင်လိမ့်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဂျပန်နိုင်ငံ Hitotsubasi University မှ ပါမောက္ခဖြစ်သူ Mr. KonosukeOdaka က MEDP ၏ နောက်ဆက်တွဲဆောင်ရွက်ချက်အဖြစ် Project for Strengthening Industrial Promotion Functions (SIPF) ကို စက်မှုဝန်ကြီးဌာနနှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ SIPF စီမံချက်အရ ယခုကဲ့သို့ မြန်မာ့စက်မှုကဏ္ဍဖွံ့ဖြိုးရေးမူဝါဒဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကို ကျင်းပခြင်းဖြင့် စက်မှုကဏ္ဍဖွံ့ဖြိုးရေးအတွက် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်နှင့် စီမံချက်များကို ဖော်ထုတ်ချမှတ်သွားနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

အခမ်းအနား ခေတ္တရပ်နားစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီမှ တာဝန်ရှိသူများသည် ၂၀၁၀ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ငါးနှစ်တာဆောင်ရွက်ခဲ့သည့် Myanmar Economic Development Program (MEDP)ကို ပြန်လည်သုံးသပ်ဆွေးနွေးကြပြီး မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် မူဝါဒချမှတ်၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို သုံးသပ်ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင် စာတမ်းရှင်များက ခေါင်းစဉ်အလိုက် စာတမ်းများ အသီးသီးဖတ်ကြားပြီးနောက် Cabinet Secretarial of Japan မှ Counsellor ဖြစ်သူ Mr. Akira Matsunaga၊ တိုကျိုတက္ကသိုလ်မှ ပါမောက္ခ Mr. FumiharuMienoနှင့် ဂျပန်နိုင်ငံ National Graduate Institute for Policy Studies မှ ပါမောက္ခဖြစ်သူ Toshihiro Kudo တို့က ပြန်လည်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် တက်ရောက်ကြသူများ၏ မေးမြန်းချက်များကို စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် JICA မှ တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။

**(သတင်းစဉ်)**



စက်မှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကိုကိုလွင်က Seminar on Industrial Development Policy in Myanmar အခမ်းအနားတွင် အဖွင့်အမှာစကားပြောကြားစဉ်။



# စကြာတောင်ဒေသမှ ကျောက်ထွင်းလိုဏ်ဂူနှင့် ဗုဒ္ဓဆင်းတုတော်များအား ရှေးမူမပျက် ပြန်လည်ထိန်းသိမ်းသွားမည်

**နွားထိုးကြီး အောက်တိုဘာ ၄**
စကြာတောင်ဒေသမှ တွေ့ရှိရသည့် ကျောက်ထွင်းလိုဏ်ဂူကြီး ကိုးခုနှင့် ဗုဒ္ဓဆင်းတုတော်များမှာ မြန်မာ့ယဉ်ကျေးမှုပန်းတမော့ကျောက်ဆစ်လက်ရာများဖြစ်ကာ နိုင်ငံတော်နှင့် ဒေသဆိုင်ရာအတွက် အရေးပါသည့် ယဉ်ကျေးမှုအမွေအနှစ်များဖြစ်သောကြောင့် ရေရှည်တည်တံ့စေရန် ရှေးမူလက်ရာမပျက် ပြန်လည်ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေး)ဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးညိုမြင့်ထွန်းက ပြောသည်။

အဆိုပါလက်ရာများကို မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် ဘူးကိုင်းကျေးရွာအုပ်စု ခံစပ်ကုန်းကျေးရွာအရှေ့မြောက်ဘက်တွင် တွေ့ရှိခဲ့ခြင်းဖြစ်ပြီး ဗုဒ္ဓဆင်းတုတော်များ၊ လိုဏ်မုခ်တံကဲထုဆစ်လက်ရာများနှင့် ၎င်းအနီးမှတွေ့ရှိရသည့် ရုပ်တုလက်ရာများ ကုန်းဘောင်ခေတ်အလယ်ပိုင်း(အမရပူရခေတ်) လက်ရာများဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေး)ဌာနခွဲမှ ကွင်းဆင်းလေ့လာချက်များအရ သုံးသပ်တွေ့ရှိရကြောင်း သိရသည်။

"ဗုဒ္ဓဆင်းတုတွေနဲ့ ဝသုန္ဒြေနတ်သမီးရုပ်တု၊ ကြာပန်းကိုင်နတ်ရုပ်တုတွေနဲ့ ခြင်္သေ့ရုပ်တုတွေ ထုဆစ်ထားဟန်က အမရပူရခေတ်ယဉ်ကျေးမှု ပန်းတမော့ပညာရပ်ကို သိသာထင်ရှားစေတယ်။ မြန်မာ့ယဉ်ကျေးမှုလက်ရာတွေ မပျောက်ပျက်ဘဲ ရေရှည်တည်တံ့အောင် ကျေးရွာသံဃနာယကအဖွဲ့များ၊ ဒေသခံများ၊ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့တွေနဲ့ ရှေးဟောင်းဌာနတို့ ပူးပေါင်းထိန်းသိမ်းဖို့လိုပါတယ်"ဟု ၎င်းက ပြောသည်။

၂၀၁၅ ခုနှစ် ဒီဇင်ဘာလဆန်းက စကြာတောင်ပေါ်သို့ တောင်တက်လမ်း ဖောက်လုပ်ရှင်းလင်းရာမှ သဲကျောက်လိုဏ်ဂူများနှင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို စတင်တွေ့ရှိခဲ့ကြောင်း၊ ဒီဇင်ဘာ ၂၃ ရက်က ဒေသခံများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကာ ရှေးဟောင်းပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေး အမိန့်ကြော်ငြာစာများ ဖြန့်ဝေခဲ့ကြောင်း၊ ကွင်းဆင်းလေ့လာမှုကို ၂၀၁၆ ခုနှစ် စက်တင်ဘာ ၅ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

# ဆင့်ပွားသင်တန်းဆင်းပွဲကျင်းပ

**မော်လမြိုင် အောက်တိုဘာ ၄**
မော်လမြိုင်ခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ ကြီးမှူးကျင်းပသော လူစုလူဝေးအား စနစ်တကျထိန်းသိမ်းခြင်း (ဆင့်ပွား) သင်တန်းအမှတ်စဉ် (၄/၂၀၁၆ ) ဆင်းပွဲအခမ်းအနားကို စက်တင်ဘာ ၃၀ ရက်က မွန်ပြည်နယ်ရဲအကူတပ်ဖွဲ့ခွဲ(အတ္ထရံ)သင်တန်းခန်းမ၌ ပြုလုပ်ရာ မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူးကိုယ်စား ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး သောင်းဝင်းက သင်တန်းဆင်းမိန့်ခွန်းပြောကြားပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

သင်တန်းဆင်းပွဲ အခမ်းအနားသို့ မွန်ပြည်နယ် ရဲအကူတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး အောင်မြင့်နိုင်၊ မော်လမြိုင် ခရိုင်ရဲတပ်ဖွဲ့မှ ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူး စိန်ဝင်း၊ မိတ်ဖက်အဖွဲ့အစည်းများမှ အရာရှိများ၊ ခရိုင် /မြို့နယ် ရဲတပ်ဖွဲ့မှူးများ၊ မော်လမြိုင်မြို့ပေါ်ရှိ နယ်မြေရဲစခန်းမှူးများ၊ သင်တန်းနည်းပြဆရာများနှင့် သင်တန်းသားများ စုစုပေါင်းအင်အား ၆၀ ခန့်တက်ရောက်ခဲ့ကြောင်း သိရသည်။

**(၃၀၇)**

# ၂၀၁၆ ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် ဓာတ်ပုံ၊ ဆောင်းပါးနှင့် ဝတ္ထုတိုပြိုင်ပွဲကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၄**
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် အခြေခံအကျဆုံးဖြစ်သည့် ပြည်သူလူထုများပါဝင်သည့် လူထုအားကစားလှုပ်ရှားမှုကို နှစ်စဉ်ဒီဇင်ဘာလတိုင်း ကျင်းပလျက်ရှိရာ အဆိုပါ စုပေါင်းအားကစားလှုပ်ရှားမှုများ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်များပြားလာစေရေးအတွက်လည်းကောင်း၊ ပြည်သူလူထုအတွင်း အားကစားအသိအမြင် ဗဟုသုတများ၊ ကျန်းမာရေးအသိပညာ ဗဟုသုတများနှင့် အားကစားလှုပ်ရှားဆောင်ရွက်မှုများနှင့် အားကစားလုပ်ငန်းများသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနေမှု အခြေအနေများအား ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့်သိရှိနေရန် လိုအပ်သည်။

ထို့ကြောင့် အားကစားလှုပ်ရှားဆောင်ရွက်မှုများသည် ကျန်းမာရေးကို အထောက်အကူပြုကြောင်း၊ အားကစားအောင်မြင်မှုသည် နိုင်ငံတစ်ခု၏ဂုဏ်၊ လူမျိုးတစ်မျိုး၏ သိက္ခာဖြစ်ကြောင်း၊ အားကစားလုပ်ငန်းစဉ်များနှင့် အားကစားပြိုင်ပွဲများသည် နိုင်ငံတော် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုကြောင်း၊ အားကစားအောင်မြင်မှုသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို ရောင်ပြန်ဟပ်စေကြောင်း၊ အားကစားတိုးတက်မြင့်မားခြင်းသည် နိုင်ငံတော်၏ ဂုဏ်သိက္ခာ၊ အဆင့်အတန်းနှင့် အခြေအနေကို ဖော်ပြနေခြင်းဖြစ်ကြောင်း၊ အားကစားပြိုင်ပွဲများ အောင်မြင်မှုရရှိရေးအတွက် အားကစားစိတ်ဓာတ်သည် အရေးပါကြောင်း၊ အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် ဆောင်ရွက်သင့်သည့် အကြံပြုတင်ပြချက်များ၊ အားကစားနှင့် ပညာရေးပေါင်းစပ်ဆောင်ရွက်ရမည့် အခြေအနေများနှင့် မြန်မာ့အားကစားအစဉ်အလာကောင်းများ အပါအဝင် အမျိုးသားအားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ ပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားနိုင်ရေးတို့အား စည်းရုံးဆွဲဆောင်နိုင်ရေးတို့အတွက် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှု အထိမ်းအမှတ် ဓာတ်ပုံ၊ ဆောင်းပါးနှင့် ဝတ္ထုတိုပြိုင်ပွဲ ကျင်းပသွားမည်ဖြစ်သည်။

ဆောင်းပါးပြိုင်ပွဲအတွက် ကွန်ပျူတာစာလုံး Font Size (၁၄) အရွယ်အစားဖြင့် A4 စာမျက်နှာ ခုနစ်မျက်နှာထက်မနည်း၊ ရှစ်မျက်နှာထက်မများ၊ ဝတ္ထုတိုပြိုင်ပွဲအတွက် ကွန်ပျူတာစာလုံး Font Size (၁၄) အရွယ်အစားဖြင့် A4 စာမျက်နှာ ၁၀ မျက်နှာထက်မနည်း၊ (၁၁)မျက်နှာထက်မများ မိမိတို့ ကြိုက်နှစ်သက်ရာ ခေါင်းစဉ်ဖြင့် ရေးသားယှဉ်ပြိုင်နိုင်သည်။

ပြိုင်ပွဲဝင်ရောင်စုံဓာတ်ပုံများကို ၁၀"x၁၂" အရွယ်ဖြင့် အကန့်အသတ်မရှိ တင်သွင်းယှဉ်ပြိုင်နိုင်ပြီး ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှု ပေါ်လွင်စေရမည့်အပြင် ဓာတ်ပုံခေါင်းစဉ်ဖော်ပြရမည်။

အထက်ဖော်ပြပါ ဝတ္ထုတို၊ ဆောင်းပါးနှင့် ဓာတ်ပုံပြိုင်ပွဲဝင် စာမူများနှင့် ဓာတ်ပုံများကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၇ ရက် နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး လူထုအားကစားနှင့် ပညာပေးဌာနခွဲ အားကစားနှင့် ကာယပညာဦးစီးဌာန နေပြည်တော် ရုံးအမှတ်(၃၁)သို့ လိပ်မူ ကာ ပေးပို့ကြရန်နှင့် စာမူနှင့်အတူ လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ ပေါ်လွင်ထင်ရှားသော နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူမှန် တစ်စောင်၊ ကိုယ်တိုင်ရေးသားကြောင်း ဝန်ခံချက်တစ်စောင်တို့ ပါရှိရမည်ဖြစ်ပြီး အဆိုပါ အချက်အလက်များ အားလုံးထည့်သွင်းထားသည့် Soft Copy တစ်ချပ်ကိုပါ ထည့်သွင်းပေးပို့ကြပါရန်ဖြစ်သည်။

ပြိုင်ပွဲတွင် လက်ခံရရှိသော စာမူများနှင့် ဓာတ်ပုံများအနက် ဆုရရှိသည့် ဝတ္ထုတို၊ ဆောင်းပါးနှင့် ဓာတ်ပုံပြိုင်ပွဲများအတွက် ပထမဆု ကျပ်ခုနစ်သိန်း၊ ဒုတိယဆု ကျပ်ခြောက်သိန်း၊ တတိယဆု ကျပ်ငါးသိန်းနှင့် နှစ်သိမ့်ဆု ကျပ်လေးသိန်း အသီးသီးချီးမြှင့်သွားမည်ဖြစ်သည်။

ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိကြသည့် ဆုရစာမူများကို နေ့စဉ်ထုတ်သတင်းစာများနှင့် အားကစားဂျာနယ်များတွင် ဂုဏ်ပြုဖော်ပြသွားမည်ဖြစ်ရာ စာမူပေးပို့ရန် သတ်မှတ်ရက်ထက် နောက်ကျပေးပို့လာသော စာမူများ၊ ဓာတ်ပုံများ၊ သတ်မှတ်ထားသည့် စာရွက်စာတမ်း၊ အထောက်အထားမပြည့်စုံသော စာမူများနှင့် ဓာတ်ပုံများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ကြောင်း၊ အသေးစိတ်သိရှိလိုပါက ဖုန်း- ၀၆၇-၄၀၆၀၂၆၊ ၀၆၇-၄၀၆၀၂၇ နှင့် ၀၉-၂၀၀၂၁၉၆ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။

**(ကြေးမုံ)**

# လူထုဗဟိုပြုစီမံကိန်း မိတ်ဆက်ခြင်းအခမ်းအနားကျင်းပ

**မိုးကောင်း အောက်တိုဘာ ၄**
မိုးကောင်းမြို့ မိုးကောင်းခန်းမ၌ အောက်တိုဘာ ၄ ရက် နံနက် ၉ နာရီက မိုးကောင်းမြို့နယ် လူထုဗဟိုပြုစီမံကိန်း မိတ်ဆက်ခြင်းအခမ်းအနားကို ကျင်းပရာ တာဝန်ရှိသူများက လူထုဗဟိုပြုစီမံကိန်းဆိုင်ရာ ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများက သိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပြီး အဆိုပါ လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၌ ကမ္ဘာ့ဘဏ်၏ ထောက်ပံ့ငွေဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူကာ မိုးကောင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၃၇ အုပ်စုမှ ကျေးရွာပေါင်း ၈၀ တွင် ပါဝင်သည့် ကျေးလက်နေပြည်သူ ၁၀၇၅၉၆ ဦးအတွက် ကျေးရွာများရှိ လူဦးရေအလိုက် လူထုသို့ တိုက်ရိုက်ထောက်ပံ့ငွေများ ပေးအပ်ခြင်း၊ ကျေးရွာများအတွင်း အခြေခံလိုအပ်ချက်များဖြစ်သည့် လမ်း၊ တံတား၊ ကျောင်း၊ ဆေးပေးခန်း၊ အဆောက်အအုံများနှင့် လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေသန့်ရရှိရေး စီမံကိန်းလုပ်ငန်းများကို စနစ်တကျရေးဆွဲကာ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မိုယ်းကျ(မြစ်ကြီးနား)**

# ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ စက်မှုပိုင်းဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းသားများ မွေးထုတ်



**ရန်ကုန် အောက်တိုဘာ ၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန စက်မှုတိုင်း(၁) စက်မှုလုပ်ခွင်သင်တန်းကျောင်း(ရန်ကုန်)မှ လုပ်ငန်းခွင်သုံးစက်ယန္တရားကြီးများ ရေရှည်ကောင်းမွန်စွာ ပြုပြင်ထိန်းသိမ်းသုံးစွဲနိုင်ရေးလုပ်ငန်း မြန်ဆန်ထိရောက်မှုရှိစေရေးနှင့် စက်စွမ်းအားပြည့် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်နိုင်ရေးတို့အတွက် ထိရောက်အကျိုးရှိပြီး ကျွမ်းကျင်ထက်မြက်သော စက်ပြင်များ (Effective and skilled Mechanics) နှင့် စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းမောင်းနှင်နိုင်သော စက်မောင်းများ (Correct Technique and Procedures Machine Operators)ကို လေ့ကျင့်ပျိုးထောင်နိုင်ရန် ကျွမ်းကျင်မှုဆိုင်ရာသင်တန်းများကို ၁၉၇၄-၁၉၇၅ ဘဏ္ဍာရေးနှစ်မှစ၍ ယနေ့ထိဖွင့်လှစ်သင်ကြားပို့ချလျက်ရှိသည်။

သင်တန်းများဖွင့်လှစ်ပို့ချရာတွင် အဓိကအားဖြင့် စက်ပြင်ဝန်ထမ်းများအတွက် ကျွမ်းကျင်မှုဆိုင်ရာစက်မှုကျွမ်းကျင်အဆင့် (၄)နှင့် အဆင့် (၃)သင်တန်းများ၊ စက်မောင်းဝန်ထမ်းများအတွက် ကျွမ်းကျင်မှုဆိုင်ရာ စက်ယန္တရားမောင်းအဆင့်(၄)နှင့် အဆင့်(၃)သင်တန်းများကို အဓိကထား၍သင်ကြားပို့ချလျက်ရှိပြီး ဩဂုတ် ၂၉ ရက်မှ အောက်တိုဘာ ၇ ရက်အထိ သင်တန်းသားဦးရေ ၆၀ အား စက်မှုကျွမ်းကျင်အဆင့်(၃) သင်တန်းအမှတ်စဉ်(၁၀)ကို ပို့ချပေးလျက်ရှိသည်။

နိုင်ငံတော်အတွက် တစ်ထောင့်တစ်နေရာမှ ပါဝင်ဖြည့်ဆည်းပေးနိုင်မည့် နိုင်ငံ့ဝန်ထမ်းကောင်းများ ပေါ်ထွန်းစေရေးအတွက် အခါအားလျော်စွာ လျှပ်စစ်နှင့် ဂဟေဆက် ဝန်ထမ်းများအား ကျွမ်းကျင်မှုဆိုင်ရာ လျှပ်စစ်ဂဟေဆက် အဆင့်(၄)နှင့် အဆင့်(၃)သင်တန်း၊ စက်ပြင်စက်မောင်းစီမံခန့်ခွဲမှုသင်တန်းများ၊ ကွင်းကြီးကြပ်မှုသင်တန်းများအပြင် ယခုအခါ စက်မှုဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးနှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး (Skill Development)သင်တန်းများကိုပါ စာတွေ့၊ လက်တွေ့ ဖွင့်လှစ်ပို့ချပေးလျက်ရှိနေပြီဖြစ်သည်။

ယခုအခါ အမျိုးသားအဆင့်လုပ်သားများကျွမ်းကျင်မှု "စံ" သတ်မှတ်ရေးအဖွဲ့ (National Skills Standards Authority-NSSA) ၏ လျာထားရည်မှန်းချက်နှင့်အညီ သင်တန်းသား(ဝန်ထမ်း/လုပ်သားများ)အတွက် အချိန်တိုအတွင်း ထိရောက်အကျိုးရှိသော နည်းလမ်းများဖြင့် လုပ်ငန်းခွင်မှလိုအပ်သည့် စံနှုန်းများနှင့်ကိုက်ညီစွာ သင်တန်းသားများ၏ လုပ်ငန်းကျွမ်းကျင်မှုကို ဦးစားပေးသောသင်ရိုးညွှန်းတမ်းများ၊ သင်ကြားရေးနည်းစနစ်နှင့် ပုံစံများ၊ သင်ကြားရေးဆိုင်ရာ အထောက်အကူပြုပစ္စည်း လိုအပ်ချက်နှင့် ကြိုတင်ပြင်ဆင်ဖြည့်ဆည်းမှုများ၊ သင်တန်းချိန်အတွင်းအသုံးပြုနိုင်သောနည်းလမ်းစဉ်များ၊ သင်တန်းသားများထံမှ တုံ့ပြန်မှုအခြေအနေအကဲဖြတ်ဆောင်ရွက်ချက်များ၊ လုပ်ငန်းခွင်မှလုပ်ငန်းများအတိုင်း လုပ်ငန်းခွင်သုံး ပစ္စည်းများဖြင့် လိုအပ်သော လုပ်ငန်းစံနှုန်းများအတိုင်း သင်ကြားသင်ယူလေ့လာစေခြင်း စသည့် နည်းစနစ်များဖြင့် လက်တွေ့ထိရောက်အကျိုးရှိပြီး ကျွမ်းကျင်မှု "စံ" ပြည့်မီသည့် စက်ပြင်/စက်မောင်း ဝန်ထမ်းများကို လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိကြောင်း စက်မှုလုပ်ခွင်သင်တန်းကျောင်း(ရန်ကုန်)မှ သိရသည်။

"သင်တန်းတွေစတင်ဖွင့်လှစ်ခဲ့တဲ့ ၁၉၇၄-၁၉၇၅ ခုနှစ်ကစပြီး ဌာနတွင်းကျွမ်းကျင်မှုဆိုင်ရာသင်တန်းတွေကို သင်ရိုးညွှန်းတမ်းများနဲ့အညီ သင်တန်းသားတွေကို ပြုစုပို့ချပေးခဲ့ပါတယ်။ ၁၉၉၀ ခုနှစ်မှာတော့ UNDP အစီအစဉ်နဲ့ ဩစတြေးလျနိုင်ငံ Snowy Mountains Engineering Corporation ကနေပြီး သင်တန်းစံနှုန်းများနဲ့ ညှိနှိုင်းကာ မြန်မာနိုင်ငံရဲ့ ပကတိဖြစ်တည်မှုအခြေအနေနဲ့ ဆီလျော်ကိုက်ညီမယ့် ဘာသာရပ်ဆိုင်ရာ သင်ရိုးညွှန်းတမ်းတွေ၊ စက်မှုနည်းပညာများပြောင်းလဲမှုနှင့် လုပ်ငန်းလိုအပ်ချက် အခြေအနေများအရ ကျွမ်းကျင်မှုပုံစံ (Competencies)၊ သင်ရိုးညွှန်းတမ်း (Curriculum)၊ သင်ကြားမှုဆိုင်ရာ (Teaching Resources,Learning Resources, Assessment Materials) စတဲ့ Terminology တွေနဲ့အညီ ပြင်ဆင်ဖြည့်စွက်ရေးဆွဲပြီး သင်တန်းသားတွေကို စဉ်ဆက်မပြတ် သင်ကြားပို့ချပေးလျက်ရှိပါတယ်"ဟု ဆည်မြောင်းနှင့် ရေအသုံးချစီမံခန့်ခွဲရေးဦးစီးဌာန စက်မှုတိုင်း(၁) စက်မှုလုပ်ခွင်သင်တန်းကျောင်း (ရန်ကုန်)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

စက်မှုကျွမ်းကျင်သင်တန်းသားများအတွက် သင်တန်းများပို့ချရာတွင် လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းစေရေးနှင့် ကျန်းမာရေးဆိုင်ရာများဖြစ်သည့် အလုပ်ခွင်သုံးတန်ဆာပလာစက်ကိရိယာများအသုံးပြုရာတွင် စနစ်တကျဖြစ်စေခြင်း၊ ပစ္စည်းများကိုင်တွယ်ရာ၊ သယ်မရွှေ့ပြောင်းရာတွင် ဘေးအန္တရာယ်ကင်းရှင်းသော နည်းစနစ်များကို အသုံးပြုစေခြင်း၊ လျှပ်စစ်ဓာတ်အားအန္တရာယ်ကင်းစွာ စနစ်တကျအသုံးပြုစေခြင်း၊ အန္တရာယ်ရှိသော ဓာတ်ဆားရည်(ဥပမာ-ဘက်ထရီ၊ အက်စစ်၊ မှုတ်ဆေး) စသည်တို့ကို ကိုင်တွယ်အသုံးပြုရာတွင်လည်းကောင်း၊ ထားသိုရာတွင်လည်းကောင်း ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်စေခြင်း၊ လုပ်ငန်းဆောင်ရွက်သူများအား လိုအပ်သည့် အကာအကွယ်ဝတ်စုံများ ထုတ်ပေးဝတ်ဆင်လုပ်ကိုင်စေခြင်း၊ သင်တန်းသားများ ကျန်းမာရေးဗဟုသုတရရှိစေရန်အတွက် မြို့နယ်ဒေသန္တရ ကျန်းမာရေးဦးစီးဌာနနှင့်ဆက်သွယ်၍ ကျန်းမာရေးအသိပေးမှုများကို ဆွေးနွေးပို့ချလေ့လာကျင့်သုံးစေခြင်း၊ လုပ်ငန်းနှင့် ဆက်စပ်သည့်ဗဟုသုတများ ရရှိစေရန် ပြင်ပအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ပေးကာ လက်တွေ့မီးငြိမ်းသတ်နည်းစနစ်များကို လေ့ကျင့်သင်ကြားပေးခြင်း၊ စက်တင်သွင်းသည့် ကုမ္ပဏီများနှင့် ဆက်သွယ်၍ စက်ယန္တရားများ ထိန်းသိမ်းမောင်းနှင်နည်းနှင့် ပြုပြင်နည်းများကို လေ့ကျင့်သင်ကြား ပို့ချပေးလျက်ရှိကြောင်း ဆည်မြောင်းနှင့် ရေအသုံးချစီမံခန့်ခွဲရေး ဦးစီးဌာန စက်မှုတိုင်း(၁) စက်မှုလုပ်ခွင်သင်တန်းကျောင်း (ရန်ကုန်)မှ သိရသည်။

စက်မှုတိုင်း(၁) စက်မှုလုပ်ခွင်သင်တန်းကျောင်း (ရန်ကုန်)အနေဖြင့် သင်တန်းစတင်ဖွင့်လှစ်ခဲ့သည့် ၁၉၇၄-၁၉၇၅ ဘဏ္ဍာရေးနှစ်မှစတင်၍ ယခုဖွင့်လှစ်သင်ကြားလျက်ရှိသော ကျွမ်းကျင်မှုဆိုင်ရာ စက်မှုကျွမ်းကျင်အဆင့် (၃) သင်တန်းအမှတ်စဉ်(၁၀)အပါအဝင် စက်ပြင်/စက်မောင်းနှင့် မွမ်းမံသင်တန်းပေါင်း ၂၁၇ ခုကို ဖွင့်လှစ်နိုင်ခဲ့ပြီး သင်တန်းသား ၁၀၈၄၂ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်သောကြောင့် အနာဂတ်ကာလအတွင်း နိုင်ငံတော်နှင့် ပြည်သူများကိုအကျိုးပြုစေမည့် ကျွမ်းကျင်မှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံ့ဝန်ထမ်းကောင်းများ ထပ်မံပေါ်ထွက်လာတော့မည်ဖြစ်သည်။

**(စိုးဝင်း-MLA)**

# နိုင်ငံတကာမွေးမြူရေးနှင့် စိုက်ပျိုးရေးပြပွဲ မန္တလေး၌ ပထမဆုံးအကြိမ်ကျင်းပမည်

**မန္တလေး အောက်တိုဘာ ၄**

မန္တလေးမြို့၌ နိုင်ငံတကာမွေးမြူရေးနှင့် စိုက်ပျိုးရေးပြပွဲကို နိုဝင်ဘာ ၁၀ ရက်မှ ၁၂ ရက်အထိ မန္တလေးတောင်ခြေရှိ Mandalay Hill Resort Hotel တွင် ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။ ပြပွဲတွင် မွေးမြူရေးဆိုင်ရာအစာများ၊ ဆေးဝါးများ၊ ခြံသုံးပစ္စည်းများ၊ မွေးမြူရေးအစာ ထုတ်လုပ်သိုလှောင်သည့် စက်ပစ္စည်းများ၊ သားပေါက်များ၊ စိုက်ပျိုးရေးလုပ်ငန်းသုံးစက်ပစ္စည်းများ၊ ဆန်စက်၊ ဆီစက်ဆိုင်ရာစက်ပစ္စည်းများ၊ မျိုးစေ့၊ ဆေးဝါးနှင့် မြေဆီမြေဩဇာများကို နိုင်ငံပေါင်း ၁၄ နိုင်ငံမှ ကုမ္ပဏီကြီးများက ရှင်းလင်းပြသကြမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ မွေးမြူရေး၊ စိုက်ပျိုးရေးဆိုင်ရာ NGO များ၊ INGO များကလည်း ဘာသာရပ်ဆိုင်ရာ ဆွေးနွေးဟောပြောခြင်းများကို ပြုလုပ်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်နေမှုများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးအခြေအနေများကို နိုင်ငံတကာကသိရှိပြီး ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာရေးအတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။ ပြပွဲသို့ ဂျပန်၊ ကိုရီးယား၊ တရုတ်၊ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် အိန္ဒိယတို့မှ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ စာနယ်ဇင်းများကို ဖိတ်ကြားထားပြီး လေ့လာရေးခရီးစဉ်များဖြင့် ၎င်းတို့ကို ရှင်းလင်းပြသသွားမည်ဖြစ်သည်။

ပြပွဲနှင့်အတူ မြန်မာ့အသားတိုးကြက်သားများ ပိုမိုဈေးကွက်ခိုင်မာရေးအတွက် Chicken King (CK) ကြက်သား၏ ပံ့ပိုးမှုဖြင့် ကြက်သားဟင်းချက်ပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ ပြည်ပသို့တင်ပို့နေသည့် ဖရဲသခွား၊ သရက်စသည့်သီးနှံများ၊ ပြည်တွင်းထုတ် နိုင်ငံတကာအဆင့်မီ သစ်သီးထွက်ကုန်ချောများ၊ လက်ဖက်၊ အချိုခြောက်၊ အကြမ်းခြောက်များ၊ ဝိုင်အမျိုးမျိုးတို့ကိုလည်း မြန်မာနိုင်ငံ သစ်သီးဝလံထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၏ အစီအစဉ်ဖြင့်လည်းကောင်း၊ နွားနို့၊ နို့ချဉ်၊ ဒိန်ချဉ်များကို မြန်မာနိုင်ငံနို့လုပ်ငန်းအသင်း၏ အစီအစဉ်ဖြင့်လည်းကောင်း ပြသသွားမည်ဖြစ်ပြီး ပြပွဲလာဧည့်သည်တော်များအနေဖြင့် မြည်းစမ်းစားသုံးဝယ်ယူနိုင်မည်ဖြစ်သည်။

ပြပွဲကာလအတွင်း မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် (မန္တလေးတိုင်းဒေသကြီး)၏ နှစ်ပတ်လည်အစည်းအဝေးကို နိုဝင်ဘာ ၁၀ ရက် နံနက်ပိုင်းတွင် လည်းကောင်း၊ ပြည်တွင်းပြည်ပမှ လုပ်ငန်းရှင်များအတွက် ချိတ်ဆက်ဆောင်ရွက်ခြင်းနှင့် အလားအလာများကို သိရှိလေ့လာနိုင်ရန်အတွက် "Investing in Agriculture and Livestock Sector in Myanmar" "မြန်မာ့စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခြင်း" ဖိုရမ်ကို နိုဝင်ဘာ ၁၁ ရက်တွင်လည်းကောင်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(ဝဝ၂)**

# နံရံကပ်ရေချမ်းစင်စာအုပ်များဖြည့်တင်း

**ကံမ အောက်တိုဘာ ၄**

ပြည်သူများ လက်လှမ်းတမီစာပေ ဖတ်ရှုနိုင်ရေးအတွက် အသစ် ထပ်မံရောက်ရှိလာသော အတွဲ(၄) အမှတ်(၈)နံရံကပ် ရေချမ်းစင်စာအုပ်များကို သရက်ခရိုင် ကံမမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများသည် ယနေ့ နံနက်ပိုင်းက မြို့ပေါ်ရပ်ကွက်များရှိ စာပေရေချမ်းစင် ခုနစ်စင်နှင့် ကျေးရွာများတွင်ထားရှိသော စာပေရေချမ်းစင် ငါးစင်တို့အား အသစ်လဲလှယ်ဖြည့်တင်းခဲ့ကြသည်။

အဆိုပါရေချမ်းစင် စာအုပ်များတွင် ပြည်သူများ ဖတ်ရှုလေ့လာနိုင်ရန် ဘာသာရပ် ၁၃ မျိုး ပါဝင်ပြီး ပြည်သူများ လက်လှမ်းမီနိုင်သည့် လူစည်ကားရာနေရာများတွင်ထားရှိကြောင်း မြို့နယ်ဦးစီးမှူး၏ပြောကြားချက်အရ သိရသည်။

**ကျော်ဇေယျဝင်း(ကံမ)**




## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် အောက်တိုဘာ ၄**

ရန်ကုန်(ရွှေဈေး) ၈၉၅၀၀၀ - ၈၉၅၀၀၀ မန္တလေး(ရွှေဈေး) ၈၉၅၀၀၀ - ၈၉၅၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၅၇၀/၅၉၀ ကျပ်၊ | ၆၀၀/၆၂၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၄၀/၆၆၀ ကျပ်၊ | ၇၀၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၈၀/၆၀၀ ကျပ်၊ | ၆၂၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၀၀/၆၂၀ ကျပ်၊ | ၆၄၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၅၃၆ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၅၇၇ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၅၄၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၆၀. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၁၁. ၉ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၈၈. ၈၆ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၆. ၃၄၃ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၅. ၃၈ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၈. ၉၄၄ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၃၅. ၈ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၄. ၀၈ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၆၇. ၇၄ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၂၂. ၀၆ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

# ASEAN Celebrity Explore Quest Malaysia သို့ မြန်မာနိုင်ငံ ကိုယ်စားပြုအနေဖြင့် ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် အဆိုတော် နန်းဆုရတီစိုး တက်ရောက်မည်





တွေ့ဆုံမေးမြန်း - ခင်ဇာလီ၊ ဓာတ်ပုံ - နန်းဆုရတီစိုး

**အာဆီယံဒေသတွင်း အနုပညာရှင်များအချင်းချင်း ပိုမိုရင်းနှီးချစ်ကြည်စေရန်နှင့် အာဆီယံဒေသတွင်း ခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ နှစ်စဉ်ကျင်းပလေ့ရှိသော ASEAN Celebrity Explore Quest Malaysia (ACEQM 2016 )သို့ မြန်မာနိုင်ငံ ကိုယ်စားပြုအနေဖြင့် ရုပ်ရှင်သရုပ်ဆောင်၊ အဆိုတော် နန်းဆုရတီစိုးအား တက်ရောက်ရန် မလေးရှားနိုင်ငံခရီးသွားလုပ်ငန်းမှ ဖိတ်ကြားထားကြောင်းသိရသည်။**

**ယင်းကြောင့်သူနှင့်တွေ့ဆုံ၍ ခရီးစဉ်တွင်း လှုပ်ရှားမှုများအပြင် လတ်တလော အနုပညာလှုပ်ရှားမှုများအကြောင်းကို အနုပညာချစ် ပရိတ်သတ်ကြီးအတွက် မေးမြန်းခဲ့သည်။**

**မေး - ဒီခရီးစဉ်မှာ အာဆီယံဒေသတွင်းက အနုပညာရှင်တွေ လာရောက်ပြီး သူတို့နိုင်ငံရဲ့စိတ်ဝင်စားဖွယ်ရာနေရာ ဒေသတွေ အကြောင်းတွေကို အပြန်အလှန်ပြောကြမယ်၊ ယဉ်ကျေးမှုတွေ မျှဝေကြမယ်ဆိုတော့ နန်းဆုကကော ကိုယ့်နိုင်ငံရဲ့ ခရီးသွားလာရေးကဏ္ဍတွေ၊ စိတ်ဝင်စားဖွယ် ဒေသတွေအကြောင်းကို ဘယ်လိုမိတ်ဆက်သွားမလဲ။**

ဖြေ- နန်းဆုတို့ မြန်မာမှာဆိုရင် ဂုဏ်ယူစရာ၊ လေ့လာစရာတွေက ပြောလို့မကုန်လောက်အောင် များပြားတယ်။ ပျူမြို့ဟောင်း၊ သရေခေတ္တရာ၊ ပုဂံကဘုရားတွေ၊ National Landmark တွေ၊ ရိုးရာဓလေ့တွေ ရေခဲတောင်ဒေသတွေ၊ ပင်လယ်ကမ်းခြေတွေ၊ သဘာဝအလှပတွေ၊ အစုံပေါ့နော်။ ဒါတွေကို ကမ္ဘာက ပိုသိအောင် ကိုယ်တတ်နိုင်တဲ့ဘက်ကနေ အနုပညာရှင်တစ်ယောက်အနေနဲ့ အကောင်းဆုံးဆောင်ရွက်သွားမှာပါ။

**မေး - ဒီခရီးစဉ်မှာ တခြားလှုပ်ရှားမှုတွေအနေနဲ့ကော ဘာတွေ ဆောင်ရွက်သွားမလဲ။**

ဖြေ - ဖွင့်ပွဲနေ့မှာ နန်းဆုက ဦးရွှေရိုး ဒေါ်မိုးအကကို ကပြသွားမှာပါ။ မြန်မာ့ရိုးရာအကဖြစ်တဲ့အပြင် နန်းဆုသဘောကျလို့ပါ။ ပြီးတော့ ဒီခရီးစဉ်မှာ တခြားအနုပညာရှင်တွေနဲ့အတူ ခရီးသွားရမယ်။ အဲဒီမှာ ခြေလျင်တောင်တက်အားကစားအပြင် တခြားအားကစားတွေလည်းပါတော့ နန်းဆုအကောင်းဆုံးကြိုးစားသွားမှာပါ။ ပြီးတော့ အဖွဲ့လိုက် Game အစီအစဉ်တွေပါမယ်။ လေ့လာရေးအစီအစဉ်တွေ၊ ဖျော်ဖြေရေးအစီအစဉ်တွေလည်း ပါဝင်တော့ အားလုံးနဲ့အတူတူ ကြိုးစားဆောင်ရွက်သွားမှာပါ။

**မေး-လက်ရှိ အနုပညာလှုပ်ရှားမှုတွေရှိရင် ပရိသတ်ကြီးအတွက် ပြောပေးပါဦး။**

ဖြေ - လတ်တလောအနုပညာလှုပ်ရှားမှုတွေကတော့ နန်းဆု ကြော်ငြာတွေ၊ ဓာတ်ပုံတွေ ရိုက်ကူးရေးတွေ လုပ်ဖြစ်နေတယ်။ သီချင်း၊ ရှိုးပွဲတွေလည်း ဆက်တိုက်ဆိုဖြစ်ပါတယ်။ မလေးရှားပွဲကပြန်လာရင်လည်း ပျဉ်းမနားမြို့မှာလည်း သီဆိုဖျော်ဖြေဖို့ရှိတော့ ပျဉ်းမနားက ပရိသတ်တွေလည်း လာရောက် အားပေးကြပါလို့ပြောချင်ပါတယ်။ မကြာခင်မှာ ရုပ်ရှင်ကားကြီးရိုက်ဖို့လည်း ရှိပါတယ်။ ပြီးတော့ နန်းဆုရဲ့တတိယမြောက်တေးအယ်လ်ဘမ်အတွက်လည်း ရိုက်ကူးမှုတွေ လုပ်နေပါပြီလို့ ပြောချင်ပါတယ်ရှင်။

**မေး-မိုးမမြင်လေမမြင် တေးစီးရီးမှာလည်း မေမေဆူလိမ့်မယ်၊ ကောလာဟလ၊ ငါရင်တွေ ခုန်နေလို့ ကမ္ဘာခြား ဖေဖေ သီချင်းတွေကလည်း လူငယ်ပရိသတ်တွေကြား အောင်မြင်ခဲ့တယ်။ နောက်ထွက်တဲ့ Forward တေးအယ်လ်ဘမ်မှာလည်း မင်းကြောင့်၊ တို့ရှေ့ဆက်သွားမှာပဲလို့ ပြီးတော့ ဘယ်အချိန်မှာနင် ဆိုတဲ့သီချင်းတွေကလည်း လူငယ်တွေအကြား အောင်မြင်မှုရခဲ့တယ်။ တတိယမြောက် တေးအယ်လ်ဘမ်အတွက်လည်း ရိုက်ကူးမှုတွေ လုပ်နေပြီဆိုတော့ ဘယ်လိုသီချင်းတွေပါဝင်မလဲ။**

ဖြေ - နန်းဆု တေးအယ်လ်ဘမ်အတွက် ထိုင်းမှာ သီချင်းရိုက်ကူးရေးတွေ လုပ်ပြီးပါပြီ။ သီချင်းလေးတွေကို ပရိသတ် နှစ်ခြိုက်စေမယ့် သီချင်းလေးတွေဖြစ်အောင် တေးရေးဆရာနဲ့ သေချာတိုင်ပင်ပြီး ရွေးချယ်ထားပါတယ်။ နန်းဆုကို ချစ်တဲ့ပရိသတ်ကြီးအတွက် အကောင်းဆုံးကြိုးစားထားပါတယ်။

**မေး - ပရဟိတ လှုပ်ရှားမှုတွေလည်း ဆောင်ရွက်နေတယ်လို့ သိရတယ်။ မကြာခင်ကလည်း Hope For Children Foundation ရဲ့ ဂုဏ်ထူးဆောင်သံအမတ်အဖြစ် နန်းဆုခန့်အပ်ခံရတော့ အခုတစ်လော ပရဟိတလုပ်ငန်းအဖြစ် ဘာတွေလုပ်ဖြစ်နေလဲ။**

ဖြေ -နန်းဆု ကလေးသူငယ်အခွင့်အရေးတွေနဲ့ ပတ်သက်ပြီး အချိန်ပေးလှုပ်ရှားဖြစ်တဲ့အပြင် တခြားပရဟိတအဖွဲ့အစည်းတွေနဲ့လည်း ရေဘေးကယ်ဆယ်ရေးလုပ်ငန်းတွေအပြင် အခြားကဏ္ဍတွေမှာလည်း ပူးပေါင်းဆောင်ရွက်နေပါတယ်။

**မေး - ပရိသတ်ကြီးကို နန်းဆုပြောချင်တဲ့ စကားများရှိရင် ပြောပေးပါဦး။**

ဖြေ-နန်းဆုကို အားပေးနေတဲ့ ပရိသတ်ကြီးကို ကျေးဇူးတင်ပါတယ် လို့ ပြောပါရစေ။ နန်းဆု ဆက်လက် ကြိုးစားသွားမှာပါ။ ပရိသတ်ကြီး စိတ်၏ချမ်းသာခြင်း ကိုယ်၏ချမ်းသာခြင်းများနှင့် ပြည့်စုံပါစေလို့လည်း နန်းဆု ဆုတောင်းပေးပါတယ်။

အဆိုပါ ခရီးစဉ်တွင် အာဆီယံဒေသတွင်း နိုင်ငံများမှ အနုပညာရှင်များ၊ ရုပ်ရှင်သရုပ်ဆောင်များ၊ မီဒီယာများလည်း တက်ရောက်ကြမည်ဖြစ်သည်။ စတုတ္ထအကြိမ်မြောက်ကျင်းပသည့် ၂၀၁၆ ခုနှစ် ACEQM ကို အောက်တိုဘာ ၅ ရက်မှ ၁၃ ရက်ထိ မလေးရှားနိုင်ငံရှိ ကွာလာလမ်ပူမြို့နှင့် ကိုတာကီနာဘာလူးမြို့တို့တွင် ကျင်းပသွားမည်ဟု သိရသည်။

## ရန်ကုန်တိုင်းဒေသကြီး (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၄**

ရန်ကုန်တိုင်းဒေသကြီး (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဖွင့်ပွဲကို အောက်တိုဘာ ၃ ရက် နံနက် ၉ နာရီတွင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) သရဖီဆောင် အနုပညာခန်းမ(၁)၌ ကျင်းပသည်။

ဖွင့်ပွဲကို ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ အဖွဲ့ဝင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ဦးအောင်နိုင်မြင့်က မင်္ဂလာရွှေမောင်းတီးခတ်၍ ဖွင့်လှစ်ပေးပြီး အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ပခန်းယိမ်းအက၊ စင်တော်ပြိုင် နှစ်ပါးသွား အက၊ အခြေခံပညာ(၁၀-၁၅) အဆင့်ပြိုင်ပွဲ ဆိုင်းအဖွဲ့လိုက်(အမျိုးသမီး)အဖွဲ့တို့ ဖျော်ဖြေကြရာ ပါမောက္ခချုပ်က ဂုဏ်ပြု ဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို အောက်တိုဘာ ၃ ရက်မှ ၄ ရက်အထိ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)၌ ပြိုင်ပွဲအမျိုးအစားအလိုက် ကျင်းပခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား ထုတ်လွှင့်မှုအစီအစဉ်
## ၅-၁၀-၂၀၁၆ (ဗုဒ္ဓဟူးနေ့)

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၃၅ | မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း |
| ၈း၃၅ | ၂၀၁၆ခုနှစ်၊ (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များလေ့လာနိုင်ရန် (အဆိုဘာသာရပ်) (ခေတ်ဟောင်းတေးနှင့်ကာလ ပေါ်တေး[ဝါသနာရှင်(ဒုတိယ တန်း )အဆင့်(အမျိုးသမီး)] |
| ၈း၅၀ | စိုက်ပျိုးရေးရာအဖြေရှာ "ပဲစိုက်ပျိုးတောင်သူများအတွက် ပဲဖြစ်ဖုဇီဝမြေဩဇာ" |
| ၉း၃၅ | ပြည်သူ့နီတိ"လူ"(တိမ်ညွန့်၊ ပေါ်လေးနိုင်ဝင်း၊ ယဉ်မင်းပိုက်) (ဒါရိုက်တာ-မိုးဇော်ကို) |
| ၁၀း၃၅ | "အထွေထွေသုတအစီအစဉ်" |
| ၁၁း၁၅ | အောက်တိုဘာလပတ် မိုးလေဝသအစီအစဉ် |
| ၁၁း၃၅ | မြန်မာ့ရုပ်မြင်သံကြား ပညာရေးအစီအစဉ် |
| ၁၂း၃၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာတိုင်နေ့ရက်များ" (အပိုင်း-၃) |
| ၁း၁၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "ဘုရင်မရဲ့ပန်းရွှေကြာ" (အပိုင်း-၁၁) |
| ၁း၅၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "တံ့မယူလို" (အပိုင်း-၁၂) |
| ၂း၄၀ | ကြယ်ပွင့်များရဲ့ရင်ခုန်သံ (ချောစုခင်) |
| ၃း၀၀ | "ပန်းများကိုပွင့်လန်းစေသူ" |
| ၃း၃၀ | Sunday Talk |
| ၄း၁၅ | ၂၀၁၆ခုနှစ်၊ (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအဆို၊ အက အရေး၊ အတီးပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များ လေ့လာနိုင်ရန် (အဆိုဘာသာရပ်) (ခေတ်ဟောင်း တေးနှင့်ကာလပေါ်တေး) (အခြေခံပညာ(၁၅-၂၀)အဆင့်) (အမျိုးသား) |
| ၅း၁၅ | "မြန်မာနိုင်ငံအပေါ်အမေရိကန်မှ စီးပွားရေးပိတ်ဆို့မှုများကို ရုပ်သိမ်းခြင်းနှင့် ပတ်သက်သည့်စကားသံများ |
| ၅း၃၅ | NHK Programme "ဂျပန်နိုင်ငံ၏လှပသောရေမြေ သဘာဝရှုခင်းများ" (Hokkaido ရှိ Niseko ဒေသ၏အရောင် အသွေးစုံလင်လှပမှု) |
| ၆း၃၅ | ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ "ရှေ့နေ" (ချစ်သဲစု၊ ရတနာထက်ခိုင်) [ဒါရိုက်တာ-သိမ်းစိုး (သီဟရတနာ)] |
| ၇း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "တံ့မယူလို" (အပိုင်း-၁၃) |
| ၈း၀၀ | ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၈း၃၅ | "ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ မွေးပြင်ဒေသ" (အပိုင်း-၂) |
| ၉း၀၀ | ပြည်တွင်းသတင်း၊ မိုးလေဝသအခြေအနေ -နိုင်ငံခြားဇာတ်လမ်းတွဲ "ဘုရင်မရဲ့ပန်းရွှေကြာ" (အပိုင်း-၁၂) -ဂီတသမား၊ ဂီတစကား -(ဇာတ်သဘင်တေးနှင့် ခေတ်ဟောင်းဓာတ်ပြားတေး) |

**မှတ်ချက်၊ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများထုတ်လွှင့်ပေးပါသည်။**

# ကမ္ဘာ့ဖလားတွင် ပြိုင်ပွဲဝင်အသင်း ၄၈ သင်းအထိ တိုးမြှင့်ယှဉ်ပြိုင်စေရန် ဖီဖာဥက္ကဋ္ဌ အင်ဖန်တီနိုလိုလား



၂၀၁၄ ခုနှစ်အတွင်းက ဘရာဇီးမြေတွင် ဂျာမနီနိုင်ငံလက်ရွေးစင်အသင်း ကမ္ဘာ့ဖလားနှင့်အတူ အောင်ပွဲခံစဉ်။

ဖီဖာဥက္ကဋ္ဌ အင်ဖန်တီနိုသည် ၎င်း၏ ရွေးကောက်ပွဲကတိစကားဖြစ်သည့် ကမ္ဘာ့ဖလားကို ပြိုင်ပွဲဝင်အသင်း ၄၀ ဖြင့် ယှဉ်ပြိုင်အောင် ကြိုးပမ်းသွားမည်ဟူသော ကတိစကားထက် ကျော်လွန်ကာ အသင်း ၄၈ သင်းအထိ တိုးမြှင့်သွားရန် လိုလားလျက်ရှိသည်ဟု ဘီဘီစီသတင်းဌာနက ဖော်ပြသည်။ အီတလီလူမျိုး အင်ဖန်တီနို၏ အဆိုပြုချက်အရ အုပ်စုအဆင့်ပွဲစဉ်များမတိုင်မီ ရှုံးထွက်အဆင့်ပွဲစဉ် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အဆိုပါအဆင့်တွင် အသင်း ၁၆ သင်းမှာ ပြိုင်ပွဲမှ ထွက်ခွာရမည်ဖြစ်သည်။ ကျန်အုပ်စုအဆင့်ပွဲစဉ်များအားလုံးကို အသင်း ၃၂ သင်းဖြင့် ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ကျန်အဆင့်များအားလုံးမှာ ယခင်အတိုင်း ပုံစံတူစနစ်ဖြင့်သာ ယှဉ်ပြိုင်စေမည်ဖြစ်သည်။

“ဒါက ကမ္ဘာ့ဖလားဟာအရင်အတိုင်းပြိုင်ပွဲဝင် အသင်း ၃၂ သင်းပါပဲ။ ဒါပေမယ့် ၄၈ သင်းအထိ ကမ္ဘာ့ဖလားဆိုတဲ့ အရသာကို မြည်းစမ်းခွင့်ရကြမှာပါ။ ဖီဖာရဲ့ မူလရည်မှန်းချက်ကိုက တစ်ကမ္ဘာလုံးက အသင်းတွေများနိုင်သမျှ များများဝင်ရောက်ယှဉ်ပြိုင်ခွင့်ရဖို့ပါ”ဟု အင်ဖန်တီနိုက ဘိုဂိုတာမြို့ရှိ ဆာဂျီယို အာဘိုလီဒါ တက္ကသိုလ်သို့ရောက်ရှိစဉ် ပြောကြားခဲ့သည်။

အင်ဖန်တီနိုမှာ ဖီဖာအတွင်းခြစားမှုများကို အမြစ်ဖြတ်ချေမှုန်းရေးနှင့် ကမ္ဘာ့ဘောလုံးချိန်ခွင်လျှာ ညီမျှရေးအတွက် ကမ္ဘာ့ဖလားကို ပြိုင်ပွဲဝင်အင်အား ထပ်မံတိုးချဲ့မည်ဟု ရွေးကောက်ပွဲကာလအတွင်း ကတိပြုခဲ့သူဖြစ်သည်။ သူ၏ ယခုလက်ရှိအဆိုအရ အသင်း ၁၆ သင်းမှာ တိုက်ရိုက်ခြေစစ်ပွဲအောင်မည်ဖြစ်ပြီး အိမ်ရှင်အသင်းအပါအဝင် ကျန် ၃၂ သင်းမှာ အကြိုရှုံးထွက်ပွဲစဉ်ကို ယှဉ်ပြိုင်ကြရမည်ဖြစ်ကာ ယင်းတို့အနက် ၁၆ သင်းမှာ အုပ်စုအဆင့်သို့ တက်ရောက်ခွင့်ရမည်ဖြစ်သည်။

ယင်းအဆိုပြုချက်မှာ သူ၏ရွေးကောက်ပွဲကတိ ပြိုင်ပွဲဝင်အသင်း ၄၀ အထိ တိုးချဲ့ယှဉ်ပြိုင်စေမည်ဟူသော စကားရပ်နှင့် ကွဲပြားမှုရှိနေပြီး အဆိုပါကိစ္စရပ်ကို အတည်ပြုမပြုဆိုသည်ကို လာမည့်ဇန်နဝါရီလတွင် ကျင်းပမည့် ဖီဖာအုပ်ချုပ်ရေးအဖွဲ့ဝင်များ အစည်းအဝေးတွင် မဲပေးဆုံးဖြတ်သွားမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲဝင်အသင်းများချဲ့ထွင်ရေးကိုပြီးခဲ့သည့် စက်တင်ဘာလ တစ်လလုံး ဆွေးနွေးခဲ့ကြပြီး ယခုအောက်တိုဘာလတွင်လည်း ဆက်လက်ညှိနှိုင်း အဖြေရှာသွားမည်ဟု အင်ဖန်တီနိုက ဆိုသည်။

# ဂျူဗင်တပ်အတွက် မာချီစီယို ပြန်လာနိုင်တော့မည်



ဂျူဗင်တပ်အသင်း ကွင်းလယ်လူ မာချီစီယိုမှာ ဒူးအရွတ်ကြောပြတ် ဒဏ်ရာ ရရှိခဲ့ပြီးနောက် ကာလကြာရှည် အနားယူနေခဲ့ရာမှ ပြန်လည်သက်သာပြီဖြစ်ရာ မကြာမီက အသင်း၏လေ့ကျင့်ရေး အစီအစဉ်များတွင် ပြန်လည်ဝင်ရောက်ကစားနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။ မာချီစီယိုမှာ ပြီးခဲ့သည့် ရာသီကုန်ပါလာမိုအား အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် အဆိုပါဒဏ်ရာရရှိခဲ့ပြီးနောက် ငါးလနီးပါးခန့်အနားယူနေခဲ့ရသူဖြစ်သည်။ ဂျူဗင်တပ်နည်းပြ အယ်လီဂရီက မာချီစီယို၏ ဒဏ်ရာကို အထူးဂရုစိုက်ရန် ညွှန်ကြားထားပြီး အလျင်စလို အသုံးပြုသွားဦးမည်မဟုတ်ကြောင်းလည်း ပြောကြားခဲ့ပြီးဖြစ်သည်။

အသင်းနှင့် လေ့ကျင့်ခန်းဆင်းခဲ့ပြီးဖြစ်သော်လည်း ၎င်းအား မည်သည့်အချိန်တွင် ပွဲထွက်ကစားသမားအဖြစ် အသုံးပြုမည်ဆိုသည်ကိုမူ မသိရသေးပေ။ မာချီစီယိုက လေ့ကျင့်ရေးကွင်းတွင် အကောင်းဆုံးကစားနိုင်ခဲ့သည်ဟု ခံစားရကြောင်းနှင့် ဒဏ်ရာပြဿနာမှ အလျင်အမြန် ပြန်လည်သက်သာလာစေရန် နည်းလမ်းပေါင်းမြောက်မြားစွာ အသုံးပြုခဲ့ရကြောင်း ဖွင့်ဟခဲ့သည်။ အသက်(၃၀)နှစ်ရှိပြီဖြစ်သော မာချီစီယိုမှာ ၂၀၀၆-၂၀၀၇ ဘောလုံးရာသီတွင် ဂျူဗင်တပ် ပထမအသင်းကြီးအတွက် စတင်ပွဲထွက်ကစားခွင့်ရခဲ့ပြီးနောက် ပွဲပေါင်း ၃၀၀ ဝင်ရောက်ကစားပေးခဲ့ပြီး စီးရီးအေဖလား ငါးကြိမ်ခန့်ဆွတ်ခူးနိုင်ခဲ့သည်။

# နာပိုလီတွင် ကယ်လီဂျွန်ပျော်ရွှင်

ကယ်လီဂျွန်မှာ အီတလီစီးရီးအေတွင် ကျင်လည်နေသည်မှာ သုံးနှစ်တာကာလရောက်ရှိနေပြီဖြစ်ပြီး မွေးရပ်မြေ စပိန်နိုင်ငံကို လွမ်းဆွတ်မိသော်လည်း နာပိုလီနှင့် ချုပ်ဆိုထားသည့် လက်ရှိစာချုပ်သက်တမ်းကို လျှော့ချရန်အတွက်မူ ရည်ရွယ်ချက်မရှိကြောင်း ဖွင့်ဟခဲ့သည်။ ကယ်လီဂျွန်သည် ၂၀၁၃ ခုနှစ်တွင် ရီးယဲလ်မက်ဒရစ်မှ နာပိုလီသို့ မပြောင်းရွှေ့မီ အက်စ်ပန်ညိုတွင် အငှားဖြင့် ကစားခဲ့သေးပြီး ရီးယဲလ်မက်ဒရစ်အတွက် ပွဲ ၅၀ ခန့် ဝင်ရောက်ကစားပေးခဲ့သူဖြစ်သည်။

စီးရီးအေသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် ပွဲစဉ် ၁၆၇ ပွဲတွင် သွင်းဂိုး ၅၀ အထိ သွင်းယူနိုင်ခဲ့ပြီး ၂၀၁၃-၂၀၁၄ ဘောလုံးရာသီတွင် နာပိုလီအသင်းနှင့်အတူ ကိုပါအီတလီယာဖလားကို ဆွတ်ခူးနိုင်ခဲ့သည်။ ကယ်လီဂျွန်မှာ ပြီးခဲ့သည့် ဇူလိုင်လအတွင်းကပင် နာပိုလီအသင်းနှင့် ၂၀၂၀ ခုနှစ်အထိ သက်တမ်းရှိ စာချုပ်သစ်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့သည်။ စပိန်လက်ရွေးစင်အသင်း၏ အီတလီနှင့် အယ်လ်ဘေးနီးယားတို့နှင့် ယှဉ်ပြိုင်မည့် ကမ္ဘာ့ဖလားခြေစစ်ပွဲ လူစာရင်းတွင် ရွေးချယ်မခံခဲ့ရသော်လည်း စပိန်အသင်းအတွက် ဝင်ရောက်ကစားပေးနိုင်ရေး မျှော်လင့်ချက်အတွက် ဆက်လက်ကြိုးစားဦးမည်ဖြစ်ကြောင်း ဆိုခဲ့သည်။

မေလှဲ့သင်း - စုစည်းသည်

# လက်ဝှေ့လောကမှ အနားယူခဲ့ပြီဟု ကြေညာခဲ့သူ တိုင်ဆန်ဖျူရီ ဆုံးဖြတ်ချက်ပြင်ဆင်

အစောပိုင်းတွင် လက်ဝှေ့လောကမှ အနားယူခဲ့ပြီဟုကြေညာခဲ့သူ ကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံ တန်ဆန်ဖျူရီမှာ “ကျွန်တော် ဒီနေရာမှာ ဆက်လက်ရပ်နေဆဲပါ”ဟူသော စာသားကို တွစ်တာစာမျက်နှာပေါ်တွင်ရေးသားခဲ့ခြင်းဖြင့် ၎င်းကစားသမားဘဝမှ အနားယူမှုမရှိသေးသည်ဆိုသည်ကို နိမိတ်ပြခဲ့သည်။ ဗြိတိန်နိုင်ငံသား ဖျူရီမှာ အောက်တိုဘာ ၂၉ ရက် ကလပ်ရှ်ကိုနှင့် ယှဉ်ပြိုင်ထိုးသတ်မည့်ပြိုင်ပွဲမှ နုတ်ထွက်သွားခဲ့ပြီးနောက် “ကျွန်တော်က အကြီးကျယ်အခမ်းနားဆုံး အနေနဲ့ပဲ ဒီလောကကနေ အနားယူပါပြီ”ဟု သူ၏ တွစ်တာစာမျက်နှာပေါ်တွင်ရေးသားခဲ့ရာ အဆိုပါဆုံးဖြတ်ချက်မှာ စိတ်ကျန်းမာရေးကြောင့်ဖြစ်သည်ဟု သတင်းရင်းမြစ်အတော်များများက ဖော်ပြသည်။

သို့သော် ယင်းသို့ရေးသားခဲ့ပြီးနောက် သုံးနာရီအကြာမှာပင် အစောပိုင်းရေးသားချက်မှာ ဟာသသက်သက်သာဖြစ်ကြောင်း ပြန်လည်ရေးသားခဲ့ပြန်သည်။

“ဟားဟား၊ ခင်ဗျားတို့အနေနဲ့ လမ်းသရဲဘုရင် ကျွန်တော့်ကို ဆုံးရှုံးသွားပြီလို့ ထင်ခဲ့တယ်မဟုတ်လား။ ကျွန်တော်အကောင်းဆုံးဆိုတဲ့ အနေအထားနဲ့ ဒီနေရာမှာပဲ ဆက်လက်ရပ်နေဆဲပါ။ ကျွန်တော်လက်ရှိ ချန်ပီယံဘွဲ့ကို ကာကွယ်မှာ ဖြစ်ပါတယ်။ ဒီချန်ပီယံဆုကို ကျွန်တော်ပိုင်တာပဲလေ”ဟု ပြန်လည်ရေးသားခဲ့ခြင်းဖြစ်သည်။

မူလအစီအစဉ်အရ ဖျူရီမှာ မန်ချက်စတာအရီနာကွင်းအတွင်း ကလစ်ရှ်ကိုနှင့် ဒုတိယအကြိမ်အဖြစ် ထိုးသတ်ရန် ဇူလိုင်လအတွင်း စီစဉ်ထားခဲ့ခြင်းဖြစ်သော်လည်း ခြေချင်းဝတ်ဒဏ်ရာကြောင့် အောက်တိုဘာလတွင်သာ ယှဉ်ပြိုင်တော့မည်ဟု ရွှေ့ဆိုင်းခဲ့ပြီးနောက် အောက်တိုဘာပွဲစဉ်မှလည်း နောက်တစ်ကြိမ် နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။ ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ်သည် ယင်းသို့ ဒုတိယအကြိမ် နုတ်ထွက်ခဲ့ခြင်းအတွက် ခိုင်လုံသည့် အကြောင်းပြချက်တစ်ရပ်အဖြစ် စိတ်ပိုင်းဆိုင်ရာ သန်စွမ်းမှုမရရှိသေးဟူသော အချက်ဖြင့်သာ ရှင်းလင်းခဲ့သည်ကိုတွေ့ရသည်။

ဖျူရီမှာ ဒဗလျူဘီအေနှင့် ဒဗလျူဘီအို ချန်ပီယံဆုများကို ဆွတ်ခူးနိုင်ခဲ့သော်လည်း ၎င်း၏ ဆီးနမူနာတွင် တားမြစ်ဆေး သဲလွန်စများတွေ့ရှိခဲ့ပြီးနောက် ဇွန်လအတွင်း ဗြိတိန် တားမြစ်ဆေးသုံးစွဲမှု ဆန့်ကျင်ရေးအေဂျင်စီ၏ ခေါ်ယူစစ်ဆေးမှု ခံခဲ့ရသည်။ ဖျူရီက တားမြစ်ဆေးသုံးစွဲခြင်းမရှိကြောင်း ငြင်းဆိုခဲ့သော်လည်း ယင်းပြဿနာများ ပေါ်ပေါက်လာပြီး တစ်ပွဲမျှယှဉ်ပြိုင်ထိုးသတ်ခဲ့ရခြင်းမရှိသလို စိတ်ကျရောဂါခံစားခဲ့ရပြီး လက်ဝှေ့အားကစား၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ပါဝင်ခဲ့မိခြင်းက သူ၏ဘဝတွင် ဝမ်းနည်းစရာ အကောင်းဆုံးကိစ္စတစ်ရပ်ဖြစ်ခဲ့ကြောင်း ရေးသားခဲ့သူဖြစ်သည်။



# အသက်(၄၀)ကျော်အထိ ဘောလုံးဆက်ကစားဖို့ရှိနေတဲ့ စီရိုနယ်လ်ဒို

ရီးယဲလ်မက်ဒရစ်စတား စီရိုနယ်လ်ဒိုမှာ လက်ရှိတွင်အသက်(၃၁)နှစ် ပြည့်မြောက်ခဲ့ပြီးဖြစ်သော်လည်း နောက်ထပ်ဆယ်စုနှစ်တစ်ခုလောက်အထိ ကစားသမားအနေဖြင့် ဆက်လက်ရပ်တည်ရန် ရည်ရွယ်ထားကြောင်း သိရသည်။ စီရိုနယ်လ်ဒိုသည် လာမည့် ဖေဖော်ဝါရီလဆိုလျှင် အသက်(၃၂)နှစ် ပြည့်မြောက်မည်ဖြစ်သလို ဟိုတယ်လုပ်ငန်းကဲ့သို့ အခြားပြင်ပ စီးပွားရေးလုပ်ငန်းများလည်း တစ်ဖက်တစ်လမ်းမှ လုပ်ကိုင်နေရာ ကစားသမားဘဝမှ အနားယူလျှင် အဆင်သင့်ဖြစ်နေရန် ယခုကဲ့သို့ စီးပွားရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နေသည်ဟူသော ယူဆချက်များ ထွက်နေခြင်းဖြစ်သည်။ သို့သော် လစ္စဘွန်းမြို့ သူ၏ဟိုတယ်သစ် ဖွင့်ပွဲအခမ်းအနားတွင် စီရိုနယ်လ်ဒိုက နောက်ဆယ်စုနှစ်တစ်ခုနီးပါးအထိ ကစားသမားဘဝဖြင့် ဆက်လက်ကျင်လည်ဦးမည်ဟု ပြောကြားကာ ခန့်မှန်းချက်များကို ရပ်တန့်စေခြင်းဖြစ်သည်။

စီရိုနယ်လ်ဒိုက “ကျွန်တော်အနာဂတ်ကို စဉ်းစားကြည့်တဲ့အခါ ဒီအသက်မွေးဝမ်းကျောင်းအလုပ်ကို ဆက်လက်လုပ်ကိုင်ဖို့ အချိန်အများကြီး ကျန်သေးပြီး ဆယ်စုနှစ်တစ်ခုဒါမှမဟုတ် အဲဒီထက်လျော့လည်း နည်းနည်းပဲလို့သာ စဉ်းစားလို့ရတယ်”ဟု ပြောကြားခဲ့ခြင်းဖြစ်သည်။



ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ်(၁၁)ရပ်ကွက် အောင်မင်္ဂလာကျောင်းဝိုင်း၌ အောက်တိုဘာ ၂ ရက်က ဓမ္မစေတမန်ပရဟိတအသင်းမှ ဦးဆောင်သော သုတစွယ်စုံစာကြည့်တိုက်ဖွင့်ပွဲတွင် ဘိုကလေးသိပ္ပံကျောင်းတိုက်ဆရာတော် ဦးပညာဒီပနှင့် သာသနာ့ရက္ခိတကျောင်းတိုက် ဆရာတော်ဦးခေမန္ဒတို့ ကြွရောက်ဖဲကြိုးဖြတ် ဖွင့်လှစ်ကြောင်း သိရသည်။ သတင်းနှင့်ဓာတ်ပုံ- သန်းထွန်း

# စပါးစမ်းသပ်ကွက်များ၌ စိုက်နည်းစနစ် ငါးမျိုး အသုံးပြု၍ဆောင်ရွက်နေ

**မြို့သစ် အောက်တိုဘာ ၄**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်၌ ၂၀၁၆-၂၀၁၇ မိုးစပါးသက်လတ်အထွက်ကောင်းမျိုး (ဆင်းသုခ) စိုက်ပျိုးနည်း စနစ်အရ ရိတ်သိမ်းလွန်ချိန်ကာလထိ အကျိုးအမြတ်ကွာခြားမှုကို တောင်သူများလက်တွေ့ သိရှိနိုင်ရန်ရည်ရွယ်၍ စပါးစမ်းသပ်ကွက်များ ဆောင်ရွက်ရာတွင် စိုက်ပျိုးနည်းစနစ်ငါးမျိုးဖြင့် အကျိုးဆောင်တောင်သူများ၏ အစိုးရဆည်ရေသောက် လယ်မြေတို့တွင် သုတေသနပြု စမ်းသပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"သိပ္ပံနည်းကျ ပေါင်စနစ်ဖြင့် ပျိုးထောင်ရွှေ့ပြောင်းစိုက်ပျိုးခြင်း၊ တိုက်ရိုက်ကြဲပက်စိုက်ပျိုးခြင်း၊ မျိုးစေ့ချကိရိယာဖြင့် တိုက်ရိုက်အစေ့ချစိုက်ပျိုးခြင်း၊ ပျိုးသက်နုနုစိုက်ပျိုးခြင်း၊ တောင်သူသမားရိုးကျ ပျိုးထောင်စိုက်ပျိုးခြင်းဆိုတဲ့ စိုက်နည်းစနစ်ငါးမျိုး အသုံးပြုပြီး စမ်းသပ်စိုက်ကွက်တွေမှာ သုတေသနပြုနေပါတယ်။ စတင်စိုက်ပျိုးတဲ့အချိန်ကနေ ရိတ်သိမ်းတဲ့အချိန်အထိ စိုက်ပျိုးစရိတ်နဲ့ အကျိုးအမြတ်ကွာခြားချက်ကို တောင်သူများလက်တွေ့သိမြင်ပြီး အသုံးတည့်၊ အကျိုးရှိမယ့် နည်းစနစ်တွေနဲ့ စိုက်ပျိုးခွင့်ရရှိစေဖို့ ရည်ရွယ်ပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူး ဦးဇော်လင်းက ပြောသည်။

စိုက်ပျိုးရေးအကျိုးရှိစွာ အသုံးပြုနိုင်ရန်၊ လယ်ယာလုပ်သား အခက်အခဲများ အဆင်ပြေစေရန်၊ ရာသီဥတုသဘာဝအရ သီးနှံစိုက်စနစ်ပုံစံများ ပြောင်းလဲစိုက်ပျိုးရာတွင် စိုက်ပျိုးချိန်ရာသီအမီဖြစ်စေရန် အကျိုးဆောင်တောင်သူ ဦးကျော်သန်းဦး၏ လယ်မြေတွင် စိုက်ကွင်းလက်တွေ့ ဆောင်ရွက်ထားရှိပြီး ကွင်းဆင်းကြီးကြပ်မှုများ ပြုလုပ်နေကြောင်း ၎င်းကဆက်ပြောသည်။

စပါးပင်ဖြစ်ထွန်းမှုအပေါ် တွေ့ရှိချက်အရ ပျိုးသက်နုနု ရွှေ့ပြောင်းစိုက်စနစ် စိုက်ကွက်တွင် အနှံ့ပါပင်ပွားထွက်ရှိမှုနှင့် အပင်ဖြစ်ထွန်းသန်မာမှု ပိုမိုကောင်းမွန်ပြီး စပါးမျိုးစေ့ တိုက်ရိုက်ချ စိုက်စနစ်စိုက်ကွက်များတွင် တမန်းပြင်ညီညာမှုရှိ၊ မရှိပေါ် မူတည်၍ စပါးပင်ပွားရရှိမှု ကွာခြားကြောင်း စိုက်ပျိုးရေးဦးစီးဌာန သုတေသနမှတ်တမ်းများအရ သိရသည်။

**ဇေယျာတု(မကွေး)**

## လူမှောင်ခို လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးဆွေးနွေး

**ရန်ကုန် အောက်တိုဘာ ၄**

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် သန်လျင်မြို့ အဆင့်မြင့်(မွမ်းမံ) သင်တန်းကျောင်း၌ အောက်တိုဘာ၂ ရက် နံနက် ၁၀ နာရီက လူကုန်ကူးမှုဆိုင်ရာ တားဆီးနှိမ်နင်းရေးတပ်ဖွဲ့မှ လူမှောင်ခို လူကုန်ကူးမှုဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲကို ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကြည်လွင်မြင့်က အဖွင့်အမှာစကားပြောကြားပြီး အမှတ် ၆ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု (ရန်ကုန်)မှ တပ်ဖွဲ့စုမှူး ရဲမှူး ရဲဝင်းအောင်က လူမှောင်ခို လူကုန်ကူးမှုဖြစ်စဉ်များနှင့် သိသင့်သိထိုက်သော အချက်အလက်များအား ရှင်းလင်းဆွေးနွေးသည်။ ဒုတပ်ဖွဲ့စုမှူး ဒုရဲမှူး မျိုးသိန်းက လူကုန်ကူးမှုဆိုင်ရာ အတွေ့အကြုံများအား တက်ရောက်လာသောတပ်ဖွဲ့ဝင်များနှင့် အပြန်အလှန်ဆွေးနွေးပြီး လုပ်ဆောင်ရမည့် လုပ်ငန်းလမ်းညွှန်စာအုပ်များကို ဝေငှပေးခဲ့သည်။

အခမ်းအနားသို့ တောင်ပိုင်းခရိုင်လက်အောက်ရှိ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ မြို့မစခန်းမှူးများ၊ နယ်မြေရဲစခန်းမှူးများ၊ ရဲကင်းစခန်းမှူးများ၊ အမှုစစ်အရာရှိများ စုစုပေါင်းအင်အား ၁၂၅ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**၆၈၉**

## မိုးစပါးစိုက်နည်းစနစ် ပန်းပွင့်စုံချိန် တောင်သူပညာပေး ကွင်းသရုပ်ပြပွဲပြုလုပ်

**မင်းဘူး အောက်တိုဘာ ၄**

မင်းဘူး(စကု)မြို့နယ် မိုးစပါးစိုက်နည်းစနစ် ပန်းပွင့်စုံချိန် တောင်သူပညာပေး ကွင်းသရုပ်ပြပွဲကို ဥယျာဉ်ဇင်ကျေးရွာ အိုင်မဆည် မြောက်မန်းမြောင်းမကြီးရေသောက် ကွင်းအမှတ် (၁၁၉၂)တွင် အောက်တိုဘာ ၂ ရက် နံနက် ၈ နာရီက ပြုလုပ်ခဲ့သည်။

တောင်သူပညာပေး ကွင်းသရုပ်ပြပွဲတွင် ရှေးဦးစွာ မင်းဘူး(စကု)မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်းက မိတ်ဆက်စကားပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ လူမှုရေးဝန်ကြီး ဦးနေမျိုးကျော်က ကွင်းသရုပ်ပြသရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး စိုက်ပျိုးရေး ဦးစီးမှူး ဦးခင်မောင်ဝင်းက မိုးစပါးစိုက်နည်းစနစ် စမ်းသပ်ကွက်ဆောင်ရွက်ရခြင်းနှင့် ပန်းပွင့်စုံချိန်တွင် ကွင်းသရုပ်ပြပွဲဆောင်ရွက်ရခြင်းများအကြောင်း ဆွေးနွေးဟောပြောပြီး တက်ရောက်လာသော တောင်သူများမှ သိလိုသမျှကို မေးမြန်းဆွေးနွေးခဲ့ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးသိန်းနိုင်ဝင်းနှင့် တာဝန်ရှိသူများမှ အသေးစိတ်ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။



အဆိုပါ ကွင်းသရုပ်ပြပွဲသို့ ဥယျာဉ်ဇင်ကျေးရွာအုပ်စုအတွင်းရှိ တောင်သူများနှင့် မြောက်မန်းမြောင်းမကြီးရေသောက် စပါးစိုက်ပျိုးသည့်တောင်သူများ တက်ရောက်ခဲ့ကြပြီး ဆွေးနွေးခဲ့ကြောင်း သိရသည်။

**တင်ထွန်းဦး(မင်းဘူး)**

## အမှိုက်စွန့်ပစ်မှု၊ အမှိုက်စီမံခန့်ခွဲမှုနှင့် အမှိုက်လျှော့ချမှုနည်းလမ်းများဟောပြောပညာပေး ဟောပြောပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၄**

ရန်ကုန်မြို့တော်ကြီးတွင် လူဦးရေများပြားလာသည်နှင့်အမျှ နေ့စဉ်စွန့်ပစ်လျက်ရှိသည့် အမှိုက်များကလည်း တစ်နေ့လျှင် တန်ချိန်အားဖြင့် တန် ၂၀၀၀ ကျော်ထွက်ရှိကာ နေ့စဉ်သိမ်းဆည်းပြီး နောက်ဆုံး စွန့်ပစ်အမှိုက်ပုံ လှိုင်သာယာမြို့နယ် (ထိန်ပင်)၊ မြောက်ဒဂုံမြို့နယ် (ထားဝယ်ချောင်)၊ ရွှေပြည်သာမြို့နယ် (ကျူချောင်)၊ မင်္ဂလာဒုံမြို့နယ် (လှော်ကားဥယျာဉ်လမ်း)၊ ဒလမြို့နယ်နှင့် ဆိပ်ကြီးခနောင်တိုမြို့နယ်များ၌တည်ရှိကြရာ ဖွံ့ဖြိုးတိုးတက်လာသည့် မြို့ပြအနေအထားအရ အမှိုက် စွန့်ပစ်မှုနေရာအခက်အခဲများကြုံတွေ့လာရသဖြင့် ရပ်ကွက်/မြို့နယ်နှင့် ခရိုင်အလိုက်မိဘပြည်သူများကို အမှိုက်စနစ်တကျ စွန့်ပစ်မှု အသိပညာများပေးခြင်း၊ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများအား အမှိုက်စွန့်ပစ်မှု အမူအကျင့်ကောင်းများရရှိစေရန် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၃ ရက် နံနက် ၉ နာရီက ရန်ကင်းမြို့နယ် အထက(၁)သို့ လက်ထောက်ဌာနမှူး ဒေါက်တာခင်နှင်းအေး၊ လက်ထောက်ဌာနမှူး (ခရိုင်မှူး) ဦးရန်ငြိမ်းချမ်း၊ ဌာနခွဲမှူး ဒေါ်သန်းသန်းဝင်း၊ ဌာနစုမှူး ဒေါက်တာမိုးမိုးနှင့် တာဝန်ရှိသူများ၊ ရန်ကင်းမြို့နယ် သန့်ရှင်းရေးတာဝန်ခံ ဦးတေဇာလင်းနှင့် ဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူလေးများအား အမှိုက်စွန့်ပစ်မှု အမူအကျင့်ကောင်းများရရှိစေရေး အမှိုက်လျှော့ချမှုနည်းလမ်းများအား အသိပညာပေးခဲ့ကြသည်။

"ကလေးတွေကို အမှိုက်စွန့်ပစ်တဲ့ အမူအကျင့်ကောင်းတွေကို အလေ့အကျင့်ရအောင် ဒီလိုပဲ လေ့ကျင့်နေရမယ်လို့ ထင်ပါတယ်။ အလေ့အကျင့်များများလုပ်မှသူတို့လေးတွေရဲ့စိတ်ထဲမှာ ကောင်းမွန်တဲ့ပတ်ဝန်းကျင် ရရှိစေမယ်ဆိုတာ သိရှိသွားအောင် စိတ်ထဲစွဲမြဲသွားအောင် လုပ်ပေးလေ့ကျင့်ပေးရမှာပါ" ဟု ကျောင်းအုပ်ဆရာမကြီး ဒေါက်တာမိုးသူက ပြောသည်။

ဟောပြောပွဲသို့ လက်ထောက်ဌာနမှူး၊ ခရိုင်မှူးနှင့်ဝန်ထမ်းများ၊ ရန်ကင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယအုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦးနှင့် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမြတ်ကျော်၊ ကျောင်းသား၊ ကျောင်းသူ ၂၂၅ ဦးနှင့် ဆရာ၊ ဆရာမများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မောင်မောင်**



## ပြည်သူ့ရေးရာစီမံခန့်ခွဲမှုဆိုင်ရာ (Civil Service Training)သင်တန်းဖွင့်

**လွိုင်ကော် အောက်တိုဘာ ၄**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဂျာမန်ဖောင်ဒေးရှင်း(Konrad Adenauer Stiftung )တို့ ပူးပေါင်း၍ ပြည်သူ့ရေးရာ စီမံခန့်ခွဲရေးဆိုင်ရာသင်တန်း (Civil Service Training ) ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၃ ရက် နံနက် ၉ နာရီက လွိုင်ကော်ကွန်ပျူတာတက္ကသိုလ်၌ ပြုလုပ်ခဲ့သည်။

ကယားပြည်နယ် စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါက်တာအောင်ကျော်ဌေးက အဖွင့်အမှာစကားပြောကြားပြီး အရှေ့တောင်အာရှ လေ့လာရေးစင်တာ (Asian Institute Singapore)မှ သုတေသီ ဦးတင်မောင်သန်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့သည်။

အခမ်းအနားသို့ ကယားပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလှထွေး၊ ပြည်နယ်စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါက်တာ အောင်ကျော်ဌေး၊ အရှေ့တောင်အာရှ လေ့လာရေးစင်တာ (Asian Institute Singapore)မှ သုတေသီ ဦးတင်မောင်သန်းနှင့်အဖွဲ့၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ အရာထမ်း သင်တန်းသူ၊ သင်တန်းသားများ တက်ရောက်ခဲ့သည်။

အဆိုပါသင်တန်းကို အောက်တိုဘာ ၃ ရက်မှ ၇ ရက်အထိ ငါးရက်ကြာ ဆွေးနွေးပို့ချသွားမည်ဖြစ်ပြီး ပြည်နယ်အဆင့် ဌာနဆိုင်ရာများမှ သင်တန်းသူ၊ သင်တန်းသား အရာထမ်း ၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**စိုင်းညဏ်လင်းထွဋ်(ပြန်/ဆက်)**

## ကမ္ဘာ့ကျောင်းများနို့တိုက်ကျွေးရေးနေ့အထိမ်းအမှတ် ရေဦးမြို့ပေါ်ရှိ အခြေခံပညာမူလတန်းကျောင်းအားလုံး ကြက်ဥနှင့်နွားနို့ အာဟာရများတိုက်ကျွေး

**ရေဦး အောက်တိုဘာ ၄**

လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့် ဒေသခံအလှူရှင်များ စုပေါင်းကျင်းပသည့် ကမ္ဘာ့ကျောင်းများ နို့တိုက်ကျွေးရေးနေ့ အထိမ်းအမှတ်အဖြစ် မြို့ပေါ် အခြေခံပညာမူလတန်းကျောင်းအားလုံးရှိ ကျောင်းသား၊ ကျောင်းသူများအား နွားနို့နှင့် ကြက်ဥအာဟာရများ တိုက်ကျွေးခြင်းကို စက်တင်ဘာ ၂၉ ရက် နံနက် ၁၀ နာရီက ရေဦးမြို့ အ-ထ-က (၁) မြတ်လေးဆောင်ရှိ မူလတန်းကျောင်း၌ စတင်တိုက်ကျွေးခဲ့ကြောင်းသိရသည်။

ရေဦးမြို့၌ အ- မ-က ကျောင်းပေါင်း ခုနစ်ကျောင်းရှိပြီး တစ်ရက်လျှင် တစ်ကျောင်းနှုန်းဖြင့် ခုနစ်ရက်တိုင် အလှည့်ကျတိုက်ကျွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းထိုက်(ရေဦး)**

## ကြီးချောင်းရေတိုက်စားမှုကြောင့် ထမင်းချက်ကျေးရွာ မြေနေရာသစ်အား မဲစနစ်ဖြင့်သတ်မှတ်ချထားပေး

**စေတုတ္တရာ အောက်တိုဘာ ၄**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ်ရှိ ထမင်းချက်ကျေးရွာမှ ဒေသခံပြည်သူများ ကြီးချောင်းရေတိုက်စားမှုအန္တရာယ်ကြောင့် ပြောင်းရွှေ့နေထိုင်နိုင်ရန် မြေနေရာချထားပေးခြင်းများကို အောက်တိုဘာ ၁ ရက်က ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြေနေရာချထားပေးခြင်းလုပ်ငန်းများကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးနှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ မြို့နယ်၊ ကျေးရွာ ပြောင်းရွှေ့ရေးလုပ်ငန်းကော်မတီများမှ ဌာနဆိုင်ရာဝန်ထမ်းများက ထမင်းချက်ကျေးရွာ မှ ဒေသခံပြည်သူ ၆၈ အိမ်ထောင်စုအတွက် သဘာဝဘေးအန္တရာယ်ကြောင့် ကျေးရွာသစ်မြေနေရာအား မဲစနစ်ဖြင့် တစ်အိမ်ထောင်လျှင် ပေ ၈၀× ပေ ၆၀ မြေတစ်ကွက်စီ မြေနေရာများချမှတ် ပေးခဲ့သည်။

အဆိုပါသဘာဝဘေးအန္တရာယ်ကြောင့် ရွှေ့ပြောင်းသည့် ထမင်းချက်ကျေးရွာမြေနေရာသစ်၂၃ ဒသမ ၈၆ ဧကအတွက် မြေညှိခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က သဘာဝဘေးအန္တရာယ် ကာကွယ်ရေးရန်ပုံငွေမှ ငွေကျပ်သိန်း ၃၀ နှင့် ဒီဇယ်ဂါလန် ၃၀၀၀ ထောက်ပံ့ပေးအပ်ခဲ့ပြီးဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး (၈) မှ ယာဉ်ယန္တရားကြီးများဖြင့်ကူညီဆောင်ရွက်ပေးခဲ့သည်။

**ကျော်ဇင်မင်း(IPRD)**



## ပဲခူးမြို့နယ်ရှိအလုပ်သမားများနှင့် ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များပြုလုပ်ပေး

**ပဲခူး အောက်တိုဘာ ၄**

ပဲခူးမြို့အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ အသက် ၁၀ နှစ်ပြည့် ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများရရှိရေးအတွက် ပဲခူးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ အောက်တိုဘာ ၂ ရက် နံနက် ၁၀ နာရီက ပြုလုပ်ပေးခဲ့ကြောင်းသိရသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ပဲခူးမြို့နယ်ဦးစီးမှူး ဦးမျိုးတင့်ဦးဆောင်သော ဝန်ထမ်းများသည် နန်းတော်ရာရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမိုးမြင့်ညိုနှင့်အဖွဲ့များ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၏ အကူအညီဖြင့် အသက် ၁၀ နှစ်ပြည့်ပြီး သတ်မှတ်ချက်နှင့်ကိုက်ညီသူ ကျောင်းသား၊ ကျောင်းသူ ၃၂၅ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းပြုလုပ်ပေးခဲ့သည်။

၂၀၁၆ ခုနှစ် ဇွန်လမှ၍ ပဲခူးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက စက်ရုံ၊ အလုပ်ရုံများမှ အလုပ်သမား ၄၀၀ ကျော်၊ အ-ထ-က (၁) မှ ကျောင်းသား၊ ကျောင်းသူ ၈၀၀ ကျော်၊ ရှမ်းရွာကြီး အခြေခံပညာအလယ်တန်းကျောင်းမှ ၁၂၇ ဦး၊ အ-ထ-က (၆) မှ ၃၀၀ ကျော်တို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**ဖြိုးကိုလင်း(ညောင်ခိုင်း)**

## ကျန်းမာရေးအသိ၊ သတိဖြင့်သွေးတိုးရောဂါကိုကာကွယ်သင့်

ကျန်းမာမှ ချမ်းသာမည်ဖြစ်သည်။ လူတိုင်းကျန်းမာရေးအသိရှိကာ ကြိုတင်ကာကွယ်နိုင်ပါမှ တစ်မျိုးသားလုံးကျန်းမာ ကြံ့ခိုင်လာမည်ဖြစ်သည်။ ကျန်းမာကြံ့ခိုင်ရေးနှင့် ပြည်သူများ ကျန်းမာရေးအသိရှိရန် လေ့လာသင့်လှသည်။ ထိုရောဂါများတွင် အသံတိတ်လူသတ် လက်နက်ဟုခေါ်သောသွေးတိုးရောဂါလည်း ပါသည်။ လူအများစုတွင်ဖြစ်ပွားကာ အသံတိတ်လူသတ်နေသူဟုလည်း ခေါ်ကြသည်။

အသက် ၄၀ ကျော်ကာ ကိုယ်အလေးချိန်များလာခြင်းနှင့်အတူအဝလွန်သူများ၊ စိတ်ဖိစီးမှုများသူများ၊ အရက်အလွန်အကျွံသောက်ခြင်း၊ မျိုးရိုးရှိခြင်းနှင့်အတူ ဆေးလိပ်သောက်သူများထံသို့ သွေးတိုးရောဂါသည် မသိမသာဝင်လာတတ်ပေသည်။ အသံတိတ်ဆိုသည့်အတိုင်းကြီးကျယ်သော လက္ခဏာမပြသည့်တိုင်အောင် ခေါင်းမူးခြင်း၊ ခေါင်းကိုက်ခြင်း၊ မျက်စိဝေခြင်း၊ ဇက်ကြောတတ်ခြင်း၊ အားအင်ကုန်ခမ်းခြင်း၊ မောပန်းနွမ်းနယ်ခြင်းများမှသည် ရင်တုန်ခြင်း၊ ရင်ဘတ်အောင့်ခြင်း ကိုယ်ဖောရောင်ခြင်းလက္ခဏာများမှ သွေးတိုးရောဂါ စတင်တတ်ကြောင်း သိရသည်။

အသံတိတ် လူသတ်လက်နက်ဖြစ်သော သွေးတိုးရောဂါဖြစ်လာသည်နှင့် နောက်ဆက်တွဲရောဂါဝေနာများဖြင့် အသက်ဆုံးရှုံးရတတ်သည်။

နှလုံးကြီးကာ နှလုံးညှစ်အား လျော့ကျခြင်းများ ဖြစ်တတ်သလို နှလုံးသွေးကြောကျဉ်းခြင်း၊ နှလုံးသွေးကြောပိတ်ခြင်း၊ မျက်စိမှုန်ခြင်း၊ ကွယ်ခြင်း၊ ကျောက်ကပ်ပျက်စီးခြင်းများမှသည် ရုတ်တရက် ဦးနှောက်သွေးကြောပြတ်ခြင်း၊ ဦးနှောက်ရောင်ခြင်း၊ လေဖြတ်ခြင်းတို့ဖြစ်တတ်သည့်အတွက် အထူးဂရုပြုရန် လိုအပ်လှသည်။

လူတိုင်း ကျန်းမာရေးအသိဖြင့် သွေးတိုးရောဂါကို ကာကွယ်သင့်လှသည်။ ကိုယ်အလေးချိန်ကိုထိန်းကာ အဝမလွန်အောင် နေထိုင်စားသောက်ရပေမည်။ နေ့စဉ်ပုံမှန်ကိုယ်လက်လှုပ်ရှားပြုလုပ်ကာ နေ့စဉ်နာရီဝက်ခန့်ပုံမှန် လမ်းလျှောက်ပေးခြင်း၊ ဟင်းသီးဟင်းရွက် အသီးအနှံများများစားကာ အငန်ကိုရှောင်ခြင်း၊ အရက်အလွန်အကျွံသောက်ခြင်းနှင့် ဆေးလိပ်သောက်ခြင်းတို့မှ ရှောင်ရှားကာ စိတ်ဖိစီးမှုနည်းပါးအောင် နေထိုင်သင့်ကာ အသံတိတ် လူသတ်လက်နက်သွေးတိုးရောဂါကို ကာကွယ်ထားသင့်ကြောင်းနှင့် ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိများဖြင့် ရှင်သန်နေထိုင် သင့်ပေသည်။

**နွေနဒီ(မြစ်ငယ်)**



## ကျောက်ပန်းတောင်းမြို့နှင်းဆီလမ်းထိပ်ရှိရေအိုင်ကြီးနှင့်အမှိုက်ပုံအားရှင်းလင်းပေးစေလို



**ကျောက်ပန်းတောင်း အောက်တိုဘာ ၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့ သီရိမင်္ဂလာရပ်ကွက် ဦးသာဂဒိုးကားပြင်အလုပ်ရုံနှင့် ကျော်ကြားမောင်လက်ဖက်ရည်ဆိုင်အကြားရှိ နှင်းဆီလမ်းထိပ်တွင် မိုးတွင်းကာလစတင်သည်မှ ရေစီးလမ်းမရှိသဖြင့် ရေဝပ်နေသော ဗွက်အိုင်ကြီးမှာ ကာလရှည်ကြာလာသည်နှင့်အမျှ အနံ့အသက်ဆိုးများ ပျံ့လွင့်လျက်ရှိပြီး အဆိုပါ ရေဗွက်အိုင်ကြီးအနီးတွင် အမှိုက်များကိုပါ လာရောက်စွန့်ပစ်ထားသဖြင့် ပတ်ဝန်းကျင်နေပြည်သူများမှာ စိတ်အနှောင့်အယှက်ဖြစ်လျက်ရှိနေကြကြောင်း သိရသည်။

" ဒီဗွက်အိုင်က မိုးဦးကထဲကရေဝပ်နေတာ ခုချိန်ထိပဲဗျ။ ဘယ်မှလည်းရေစီး စရာမရှိဘူး။ ရေစီးရအောင်လည်းမလုပ်ကြဘူး။ ဗွက်အိုင်ကလမ်းထိပ်မှာ လမ်းလုံးပြည့်ဖြစ်နေတော့ လမ်းသွားချင်တဲ့လူတွေက ဘယ်လိုမှသွားလို့ လာလို့ကို မရဘူး။ ဒီကြားထဲ အိမ်တစ်ချို့က လမ်းသွားတဲ့သူတွေ ခြေနင်းဖြစ်အောင် လုပ်သလိုလို ဘာလိုလိုနဲ့ ဗွက်အိုင်ဘေးမှာ အမှိုက်တွေလာပုံကြတယ်။ ကြာတော့အမှိုက်ပုံပါကြီးလာတော့မယ်။ ကားတစ်စီးလောက်ဖြတ်မောင်းသွားရင် အဲဒီဗွက်အိုင်က ရေပုပ်အနံ့က ပတ်ဝန်းကျင်သုံးလေးအိမ်အထိပြန့်တယ်။ ကြာရင်ခြင်ပေါက်ပွားတာနဲ့၊ အနံ့အသက်ဆိုးတွေနဲ့ လူတွေ ဒုက္ခရောက်လိမ့်မယ်" ဟုအဆိုပါ လမ်းတွင်နေထိုင်သူတစ်ဦးက ပြောပြသည်။

အဆိုပါရေဗွက်အိုင်မှာ မိတ္ထီလာလမ်းမကြီးမှ ရပ်ကွက်အတွင်းဆက်သွယ်သည့် နှင်းဆီလမ်းထိပ်တွင်ရှိပြီး ရေထွက်လမ်းမရှိသဖြင့် ကာလကြာ ဗွက်အိုင်ဖြစ်နေခြင်းဖြစ်ကြောင်း သိရသည်။ ယခုအခါ အဆိုပါ ဗွက်အိုင်မှ အနံ့အသက်ဆိုးများ ထွက်လျက်ရှိသည့်အပြင် ဗွက်အိုင်အနီးတွင် စွန့်ပစ်အမှိုက်များမှာ စုပုံနေပြီဖြစ်သဖြင့် သက်ဆိုင်ရာမှ အမြန်ဆုံးရှင်းလင်းပေးနိုင်ရန် ရပ်ကွက်နေပြည်သူများက ဆန္ဒရှိနေကြကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

## လမ်းခင်းရန်စုဆောင်းထားသောကျောက်များအရည်အသွေး ကွင်းဆင်းစစ်ဆေး

**မတ္တရာ အောက်တိုဘာ ၄**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လမ်းခင်းခြင်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စု လုပ်ငန်းအကောင်အထည်ဖော်ရေး အဖွဲ့များက လမ်းခင်းကျောက်များ စုဆောင်းထားရှိမှုများကို လုပ်ငန်းကြီးကြပ်မှုအဖွဲ့မှ အောက်တိုဘာ ၂ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

လုပ်ငန်းကြီးကြပ်မှုအဖွဲ့မှ ကျောင်းကုန်းကျေးရွာအုပ်စု ပေ ၉၀၀၀ × ၁၂ ပေ × ၆ လက်မရှိ ကျောင်းကုန်း-ဆည်ကြီးစု ကျေးရွာချင်းဆက်လမ်း၊ အထက်တောင်ကိုင်းကျေးရွာအုပ်စု ၂ မိုင်× ၁၂ ပေ×၃လက်မ) အထက်တောင်ကိုင်းရုံးပင် ကျေးရွာချင်းဆက်လမ်းနှင့် ဆိပ်သာကျေးရွာအုပ်စု ကျောက်တံတားချောင်းဘောင်-ကျွဲကျကျေးရွာချင်း ဆက် (၄၂၂၈ ပေ × ၁၂ ပေ × ၆ လက်မ) လမ်းများခင်းရန်အတွက် ကျောက်များ စုဆောင်းထားရှိမှုများအားစစ်ဆေးခဲ့သည်။

လမ်းများပြီးစီးပါကဒေသထွက်ကုန်စပါး၊ ပဲ၊ ကွမ်းနှင့်ငှက်ပျောများကို အချိန်တိုအတွင်း တင်ပို့ရောင်းချနိုင်မည်ဖြစ်သည်။ **ကျော်သူထွေး(မတ္တရာ)**

# အိန္ဒိယနိုင်ငံပိုင်ဘဏ်မှ မြန်မာနိုင်ငံတွင် ပထမဆုံးဘဏ်ခွဲ လာရောက်ဖွင့်လှစ်




**ရန်ကုန် အောက်တိုဘာ ၄**

အိန္ဒိယနိုင်ငံအခြေစိုက်ဘဏ်တစ်ခု ဖြစ်သည့် State Bank of India (SBI) ၏ ဘဏ်ခွဲကိုရန်ကုန်မြို့ သိမ်ဖြူလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်ရှိ Union Financial Center အဆောက်အအုံ (B)တွင် ဖွင့်လှစ်ကြောင်း အောက်တိုဘာ ၃ ရက်က ဆူးလေရှန်ဂရီလာဟိုတယ်၌ ပြုလုပ်သော ဖွင့်ပွဲအခမ်းအနားမှ သိရသည်။

SBI တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ခွင့်ပြုချက်ရရှိပြီး ဘဏ်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုများဖြစ်သည့် Deposit Account ဖွင့်ခြင်း၊ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံသည့် ကုမ္ပဏီများအတွက် ချေးငွေထုတ်ပေးခြင်း၊ ကုန်သွယ်မှုနှင့် ပတ်သက်သည့်ငွေပေးချေမှုဆိုင်ရာလုပ်ငန်းများနှင့် ငွေလွှဲခြင်း၊ နိုင်ငံခြားငွေလဲလှယ်ခြင်းများ ပြုလုပ်နိုင်သည်ဟု သိရသည်။

SBI သည် နိုင်ငံပေါင်း ၃၇ နိုင်ငံတွင် ဘဏ်ခွဲပေါင်း ၁၉၈ ခုဖွင့်လှစ်ထားပြီး သုံးစွဲသူ ၂၂ သန်းရှိကြောင်း သိရသည်။ အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံတွင် ပထမဆုံးလာရောက်ဖွင့်လှစ်သည့် ဘဏ်ခွဲတစ်ခုဖြစ်ပြီး ကနဦးရင်းနှီးမြှုပ်နှံမှု ၇၅ သန်း အသုံးပြုသွားမည်ဟု သိရသည်။

"ကျွန်မတို့ ဘဏ်အနေနဲ့ မြန်မာနိုင်ငံမှာ အခုလိုဘဏ်ခွဲတစ်ခုဖွင့်လှစ်ခွင့်ရတာ များစွာဂုဏ်ယူမိပါတယ်။ ဒီဘဏ်ခွဲက လွန်ခဲ့တဲ့ ၁၈၆၁ ခုနှစ်ကရက်စွဲတွေကို ပြန်လည်အမှတ်ရစေတယ်"ဟု State Bank of India ဘဏ်ဥက္ကဋ္ဌ Mrs. Arundhati Bhattacharya က ပြောသည်။

ယင်းဘဏ်သည် လွန်ခဲ့သည့် ၁၈၆၁ ခုနှစ်က Bank of Bengal အမည်ဖြင့် ရန်ကုန်မြို့တွင်ဖွင့်လှစ်ခဲ့သည့် နိုင်ငံခြားဘဏ်ခွဲတစ်ခုဖြစ်ပြီး ၁၉၆၃ ခုနှစ်တွင် ပြည်သူပိုင်အဖြစ် သိမ်းပိုက်ခြင်းခံခဲ့ရသည်။ ယင်းနောက်မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ၂၀၁၄ ခုနှစ် နှစ်ကုန်ပိုင်းမှစတင်ကာ နိုင်ငံခြားဘဏ်များကို ဘဏ်လုပ်ငန်း ပြန်လည်လုပ်ကိုင်ခွင့်ပြုရန် တင်ဒါခေါ်ယူခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် ဂျပန်နိုင်ငံမှ ဘဏ်သုံးခု၊ စင်ကာပူအခြေစိုက် ဘဏ်နှစ်ခု၊ တရုတ်၊ မလေးရှားနှင့် ဩစတြေးလျနိုင်ငံများမှ ဘဏ်ခွဲတစ်ခုချင်းစီကို ဖွင့်လှစ်ခွင့်ပြုခဲ့သည်။ ယခုနှစ် စက်တင်ဘာလထိ တောင်ကိုရီးယား၊ ထိုင်ဝမ်၊ ဗီယက်နမ်နှင့် အိန္ဒိယနိုင်ငံများမှ ဘဏ်ခွဲတစ်ခုချင်းစီကိုဖွင့်လှစ်ခွင့်ပြုခဲ့ရာ မြန်မာနိုင်ငံတွင် နိုင်ငံခြားဘဏ် ၁၃ ဘဏ် လာရောက်ဖွင့်လှစ်ခဲ့ပြီဖြစ်သည်။

**သတင်း– ခင်ဇာလီ၊ ဓာတ်ပုံ– မီချီကိုဟန်**

# တောင်သမန်အင်းအတွင်း ငါးဖမ်းသည့် ရေလုပ်သားများ ပုံမှန်ဝင်ငွေရရှိ

**မန္တလေး အောက်တိုဘာ ၄**

တောင်သမန်အင်းအတွင်း ငါးဖမ်းသူ၊ ငါးမျှားသူများ နေ့စဉ်ပုံမှန်ဝင်ငွေ ရရှိလျက်ရှိသည်။ အင်းအတွင်း ငါးဖမ်းသည့် ရေလုပ်သားများမှာ လွတ်လပ်စွာ ငါးဖမ်းခွင့်ရရှိနေသည့်အတွက် ကွန်၊ ပိုက်မှအစ ငါးဖမ်းကိရိယာမျိုးစုံဖြင့် ငါးဖမ်းကြသည်။ ပိုက်တန်းသူတစ်ဦးလျှင် အနည်းဆုံးပိုက်(၁၀)လက် (ဆယ်ခွေ) ကျော်ကိုင်ကာ ငါးဖမ်းခြင်းလုပ်ငန်းကို လုပ်ကိုင်ကြသည်။ ပိုက်တစ်ခွေလျှင် ငွေကျပ် ၃၅၀၀ ပေးရသည်။ သာမန်လက်လုပ်လက်စား သမားများပင် ယခုနှစ် ငါးဖမ်းခြင်းလုပ်ငန်း လုပ်ကိုင်သည်များလည်း ရှိလာသည်။

ငါးဖမ်းရာတွင် နေ့လည်ခင်းထက် ညပိုင်းပိုက်တန်း(ပိုက်ထောင်)သူများပြားလျက်ရှိသည်။ တောင်သမန်အင်းအတွင်းနေ့စဉ် ငါးဖမ်းသည့် ရေလုပ်သား (ငါးဖမ်းလှေ) ၃၀၀ ခန့် ရှိသည်။ ငါးများကိုမူ ကိုယ့်ဖောက်သည်နှင့်ကိုယ် ဖောက်သည်ပေးသူများရှိသလို ရပ်ရွာအတွင်း တိုက်ရိုက်ရောင်းချခြင်းများလည်း ပြုလုပ်သည်။ ငါးဈေးကွက်မှာမူ အနည်းငယ်ကျလျက်ရှိသည်။ တောင်သမန်အင်းအတွင်းမှ ကကတစ်ငါးများကို အများဆုံးဖမ်းမိသည်။ ကကတစ်ငါး အသေးတစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀၊ အကြီးတစ်ပိဿာလျှင် ငွေကျပ်၁၅၀၀ နှုန်းဖြင့် ရောင်းချကြောင်း သိရသည်။

အင်းအတွင်း လွတ်လပ်စွာ ငါးဖမ်းခွင့်ရသည့်အတွက် အခြေခံငါးဖမ်းလုပ်သားများမှာ ပျော်ရွှင်လျက်ရှိသည်။ ငါးဖမ်းသူ၊ ငါးမျှားသူများလည်း ယခင်ကထက်ပိုမို များပြားလာသည်။ တောင်သမန်အင်းမှာ သဘာဝအတိုင်း ဧရာဝတီမြစ်အတွင်း ထွက်သည့် တံတားဖြူ ရေထွက်ပေါက်ပါ ဖွင့်ပေးထားသည့်အတွက် ရှေးယခင်ကပုံစံအတိုင်း ငါးဖမ်းချိန် ငါးဖမ်းကာ ရေကျချိန်တွင် မူရင်းလယ်စိုက်ပျိုးခြင်းများကိုလုပ်နိုင်မည်ဟုလည်းဆိုကြသည်။

လက်ရှိကာလတွင် တောင်သမန်အင်းအတွင်း ငါးဖမ်းလှေများ နေ့စဉ်များပြားပြီး ငါးဖမ်းလုပ်သားများ နေ့စဉ်ပုံမှန်ဝင်ငွေ ရရှိလျက်ရှိကြောင်းနှင့် လွတ်လပ်စွာ ငါးဖမ်းခွင့်ရခြင်းအတွက် ရေလုပ်သားများ ဝမ်းသာလျက်ရှိကြောင်း သိရသည်။

**တိမ်တမန်**



# သဘာဝဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သောနှမ်းသီးနှံများအတွက် ထောက်ပံ့ငွေပေးအပ်

**ရေဦး အောက်တိုဘာ ၄**

၂၀၁၆ ခုနှစ် ဧပြီနှင့် မေလပိုင်းက မိုးသည်းထန်စွာရွာသွန်းခြင်း၊ ရေကြီးနစ်မြုပ်ခြင်း၊ မိုးသီးကြွေကျခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းတို့ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် တောင်သူ ၆၁ ဦးတို့အား ထောက်ပံ့ငွေပေးအပ်သည့် အခမ်းအနားကို စက်တင်ဘာ ၂၉ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ပြုလုပ်ခဲ့သည်။

ထောက်ပံ့ငွေများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါက်တာမင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးမြင့်ထွေး၊ မြို့နယ်ထောက်ပံ့ငွေပေးအပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်နိုင်နှင့်အဖွဲ့ဝင်များက သဘာဝဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နှမ်းစိုက်ဧက ၁၁၄ ဧက အတွက် နှမ်းသီးနှံတစ်ဧကလျှင် ထောက်ပံ့ငွေကျပ် ၁၅၀၀၀ နှုန်းဖြင့် စုစုပေါင်း ထောက်ပံ့ငွေကျပ် ၁၇၁၀၀၀၀ ကိုထောက်ပံ့ပေးခဲ့ကြောင်း၊ ထောက်ပံ့ငွေပေးရာတွင် တစ်စုံတစ်ရာမှ ငွေကြေးကောက်ခံခဲ့ခြင်း မရှိကြောင်း သိရသည်။

**သန်းထိုက်(ရေဦး)**

# အဝေးပြေးယာဉ်မောင်းသူများ အရက်သောက်ထားခြင်းရှိ၊ မရှိစစ်ဆေး

**ကလေး အောက်တိုဘာ ၄**

ကလေးမြို့တွင် ခရီးသွားပြည်သူများ အန္တရာယ်ကင်းရှင်းစေရန်နှင့် ယာဉ်မတော်တဆမှု လျော့နည်းပပျောက်စေရန်အတွက် အဝေးပြေးယာဉ်မောင်းသူများအား အရက်သောက် သုံးခြင်းရှိ၊ မရှိ အရက်မူးတိုင်းကိရိယာဖြင့် စက်တင်ဘာ ၂၉ ရက် နံနက် ၈ နာရီခွဲက တာဟန်းမီးပွိုင့်နှင့် မွန်းလွဲ ၁ နာရီက အဝေးပြေးကားကြီးဝင်းတွင် အရက်သေစာသောက်စားမှု ရှိ၊ မရှိ စစ်ဆေးခြင်းကို ပညာပေးကာလအဖြစ် ပထမဆုံးအကြိမ်အဖြစ် စတင်ကွင်းဆင်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

အဆိုပါစစ်ဆေးမှုကို ခရိုင်ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ဦးဆောင်ပြီးကလေးခရိုင် ကုန်းလမ်းပို့ဆောင်မှု ညွှန်ကြားရေးဦးစီးဌာန လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဌာန ဒုတိယဦးစီးမှူးနှင့် ပုဂ္ဂလိကမော်တော်ယာဉ်များစနစ်တကျ ပြေးဆွဲရေးကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့တို့က စတင်စစ်ဆေးမှုများပြုလုပ်ရာ အရက်မူးတိုင်းကိရိယာဖြင့် တိုင်းတာစစ်ဆေး၍ အရက်သေစာသောက်စားထားသည်ကို တွေ့ရှိပါက ၂၀၁၅ ခုနှစ် မော်တော်ယာဉ် ဥပဒေအရအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဆက်လက်၍အယ်လ်ကိုဟော တိုင်းကိရိယာဖြင့် တိုင်းတာစစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ချင်းတွင်းသား**



# မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ကျိုက်ထို အောက်တိုဘာ ၄**

မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးကြည်သည် သထုံခရိုင် ဦးစီးမှူးနှင့်အတူ ကျိုက်ထိုမြို့နယ် ကျွန်းတောကျေးရွာတွင်ပြုလုပ်သော အသက်မွေးဝမ်းကျောင်းပညာ အထောက်အကူပြုသင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ သင်တန်းသား သင်တန်းသူများ၏ လက်တွေ့သင်ယူမှုကို ကြည့်ရှုအားပေးခဲ့သည်။ အဆိုပါကျေးရွာမှာ မိသားစုဝင်ငွေတိုးမြှင့်ရေးအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း စိုက်ပျိုးရေးနှင့် ကွန်ကရစ်လုပ်ငန်းအောင်မြင်မှုများကို ကြည့်ရှုအားပေးခဲ့သည်။ ထို့နောက် ဘီးလင်းမြို့နယ်နှင့် ပေါင်မြို့နယ် ရုံးဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေး၍ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီပြီးစီးရေး ဆောင်ရွက်ကြရန် မှာကြားကြောင်း သိရသည်။

**(ကြေးမုံ)**

# စည်းကမ်းမဲ့ရပ်နားသည့်ယာဉ်များအား ကားဘီးသော့ခတ်အရေးယူမည်

**မန္တလေး အောက်တိုဘာ ၄**

၂၀၁၆ ခုနှစ် အောက်တိုဘာ ၁၅ ရက်မှစတင်၍ မန္တလေးမြို့တော်စည်ပင်သာယာရေး နယ်နိမိတ်ခြောက်မြို့နယ်အတွင်း စည်းကမ်းမဲ့ရပ်နား ယာဉ်များကို ကားဘီးသော့ခတ်ခြင်းဖြင့် ဖမ်းဆီးအရေးယူ ဆောင်ရွက်သွားမည်ဖြစ်သည်။

ယာဉ်နှစ်ထပ်ရပ်နားခြင်း၊ လမ်းပြောင်းပြန်ရပ်နားခြင်း၊ ဖြူနီကျားရပ်နားခြင်း၊ မီးပွိုင့်ဧရိယာအတွင်းရပ်နားခြင်း၊ အခြားသူများလမ်းအသုံးပြုသူများကို အနှောင့်အယှက်ဖြစ်စေသော လမ်းပိတ်ဆို့ရပ်နားခြင်း၊ လမ်းဆုံလမ်းခွမှ ပေ ၂၀ အတွင်း ရပ်နားခြင်း၊ ခရီးသည်တင်ယာဉ်၊ ဘတ်စ်ကား၊ လိုင်းကားများ သတ်မှတ်ထားသော မှတ်တိုင်များတွင် ရပ်နားခြင်း မရှိဘဲ အခြားနေရာများတွင် စည်းကမ်းမဲ့ရပ်နားခြင်း၊ ခရီးသည်တင်/ချခြင်း၊ ခရီးသည်စောင့်ဆိုင်းခြင်း၊ မော်တော်ယာဉ်ပျက်လျှင် လမ်းဘေးသို့ချမရပ်ဘဲ လမ်းပေါ်တွင်ပြင်ဆင်ခြင်း၊ ကျောင်းပို့၊ ကျောင်းကြိုယာဉ်များ စည်းကမ်းမဲ့လမ်းပိတ်ဆို့ရပ်နားပါက ယာဉ်မောင်းသည် ဖမ်းဆီးစဉ်ယာဉ်နှင့်အတူရှိပါက ယာဉ်ငယ်ကျပ်၁၀၀၀၀၊ နှစ်တန်အောက် ယာဉ်လတ်ကျပ် ၂၀၀၀၀၊ သုံးတန်ယာဉ်ကျပ်၃၀၀၀၀၊ ယာဉ်မောင်းသည် ဖမ်းဆီးစဉ် ယာဉ်နှင့်အတူ မရှိပါက ကားသောခတ်ဖမ်းဆီးခြင်းခံရလျှင် မော်တော်ယာဉ်အမျိုးအစား အားလုံးအတွက် ကျပ် ၅၀၀၀၀ သတ်မှတ်ထားသည်။

ကားဘီးသော့အား မိမိသဘောဖြင့် ဖျက်ဆီးမှုကြောင့် ပစ္စည်းတန်ဖိုး၏(၁၀)ဆ ပေးလျော်ရမည်ဖြစ်ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက အသိပေးကြေညာထားကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

ကြေးမုံ





မင်းကင်းမြို့နယ် မောက္ကတော်ကျေးရွာ အ.ထ.က (ခွဲ)ကျောင်း၌ မူခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်သက်ထွန်းက မူခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ်များအကြောင်း အသိပညာပေးဟောပြောပြီး မောက္ကတော်နယ်မြေရဲစခန်းမှူး ရဲအုပ်ချစ်မင်းဦးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက်၍ လိုက်နာရမည့်စည်းကမ်းချက်များအား အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ သတင်းနှင့်ဓာတ်ပုံ- ကြေးမုံ

# အင်္ဂလိပ်အက္ခရာဖောင်းကြွနံပါတ်ပြားများ တပ်ဆင်ရန် ကုန်လမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ အသိပေး

**မန္တလေး အောက်တိုဘာ ၄**

မော်တော်ယာဉ်များ၏ သက်ဆိုင်ရာဒေသ သင်္ကေတနှင့် အင်္ဂလိပ်ဂဏန်းပါ ဖောင်းကြွနံပါတ်များအား ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် နောက်ဆုံးထား၍ ပြောင်းလဲတပ်ဆင်ရမည်ဖြစ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (မန္တလေးတိုင်းဒေသကြီး)မှ အသိပေးထားကြောင်း သိရသည်။

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနအနေဖြင့် မော်တော်ယာဉ်များ၏ မူသေအမှတ်အား သက်ဆိုင်ရာ ဒေသသင်္ကေတနှင့် အင်္ဂလိပ်ဂဏန်းပါ ဖောင်းကြွနံပါတ်ပြားများအား ၂၀၁၃ ခုနှစ် စက်တင်ဘာ ၉ ရက်မှစတင်၍ ပြောင်းလဲတပ်ဆင်သုံးစွဲနေပြီဖြစ်သည်။

အင်္ဂလိပ်အက္ခရာ ဖောင်းကြွပြောင်းလဲခြင်းအား မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သက်ဆိုင်ရာခရိုင်ရုံးများတွင် မော်တော်ယာဉ် ကမ-၃ (မူရင်း၊ မိတ္တူ)၊ ယာဉ်လက်ဝယ်ရှိသူ၏ မှတ်ပုံတင်မူရင်း၊ မိတ္တူတို့ ဖောင်းကြွဝယ်ယူခွင့်ပြုရန် လျှောက်လွှာများနှင့်အတူ လျှောက်ထားဆောင်ရွက်နိုင်ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

# အရန်မီးသတ်တပ်ဖွဲ့လေ့ကျင့်ရေးမွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၁၆) ဖွင့်လှစ်

**အရာတော် အောက်တိုဘာ ၄**

မုံရွာခရိုင် အရာတော်မြို့နယ်၌ တိုင်းမီးသတ်ဦးစီးဌာန၏လမ်းညွှန်မှုဖြင့် သီရိရတနာခန်းမဆောင်၌ အခြေခံအရန်မီးသတ်လေ့ကျင့်ရေးမွမ်းမံသင်တန်း (၁/၂၀၁၆) ဖွင့်ပွဲကို အောက်တိုဘာ ၃ ရက် နံနက် ၁၀ နာရီက ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ထွေးက မီးဘေးအန္တရာယ် ကြိုတင်လေ့ကျင့်မှုများ ဆောင်ရွက်နိုင်ရန် အဆိုပါသင်တန်းကို သင်တန်းဖွင့်လှစ်သင်ကြားပေးရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိန်ဝင်းက မီးသတ်ဦးစီးဌာန၏ ရည်မှန်းချက်တာဝန်လေးရပ်ဖြစ်သော မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ရေး၊ မီးငြိမ်းသတ်ရေးနှင့် အခြေခံစစ်ပညာများကို မီးသတ်တပ်ဖွဲ့ဝင် သင်္ဘေဆရာများနှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် ကျေးရွာအုပ်စုများမှ သင်တန်းသား ၅၀ အား စာတွေ့လက်တွေ့သင်ကြားပို့ချပြီး သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်သည်။

**သူရ (မြန်/ဆက်)**

# တာချီလိတ်နေ အသက်(၁၁၉)နှစ်အရွယ် မြန်မာတစ်နိုင်ငံလုံး အသက်အကြီးဆုံးအဘိုးအား ငွေကျပ် ၁၀ သိန်း ဂုဏ်ပြုချီးမြှင့်




**တာချီလိတ် အောက်တိုဘာ ၄**

မြန်မာနိုင်ငံ တစ်နိုင်ငံလုံးရှိ အဘိုးများအနက်မှ အသက်အကြီးဆုံးဖြစ်သည့် တာချီလိတ်မြို့ ဆန်ဆိုင်း (က) ရပ်ကွက်အမှတ်(၅/၅၂) နေ အသက် ၁၁၉ နှစ်ရှိ အဘိုး ဦးအိုက်ခမ်းအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ငွေကျပ် ၁၀ သိန်းအား အောက်တိုဘာ ၂ ရက်က သွားရောက်ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ယင်းသို့ ထောက်ပံ့ရာတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်သူနိုင်နှင့် ဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် လူမှုရေးအသင်းအဖွဲ့များက အိမ်တိုင်ရာရောက် သွားရောက်ထောက်ပံ့ခဲ့သည်။

အဆိုပါ အဘိုး ဦးအိုက်ခမ်းသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဂုဏ်ပြုချီးမြှင့်ထောက်ပံ့ငွေအား နှစ်နှစ်ဆက်တိုက်ရရှိခဲ့ပြီးဖြစ်သည်။

**ဝေယံလင်း(မြန်/ဆက်)**

# သန့်စင် ရော်ဘာများထုတ်လုပ်နိုင်ရန် ရေရှည်စီမံကိန်းဖြင့်ဆောင်ရွက်ပေးစေလို

**ရေး အောက်တိုဘာ ၄**

နိုင်ငံတော်အစိုးရမှ ရော်ဘာထုတ်လုပ်သူပညာရှင်များနှင့် စီးပွားရေးကျွမ်းကျင်သူများအား အသေးစိတ် ညှိနှိုင်းတိုင်ပင် သုတေသနပြုလုပ်ကာ သန့်စင်ရော်ဘာဖြစ်မြောက်ရန် ရေရှည်စီမံကိန်းဖြင့် ဆောင်ရွက်ပေးစေလိုကြောင်းရော်ဘာထုတ်လုပ်နေသူများထံမှသိရသည်။

သန့်စင်သောရော်ဘာများကို ထုတ်လုပ်နိုင်ရန် ရော်ဘာခြံရှင်အများစုက နေ့စဉ်လိုအပ်သော စရိတ်မဖြည့်စွက်နိုင်၍ အလွယ်တကူရောင်းရလွယ်သော အထူပြားများကိုသာ အဆင့်သင့်သလို ထုတ်လုပ်ရခြင်းဖြစ်သည်။

သန့်စင်ပြီးရော်ဘာဖြစ်မြောက်သည်အထိ လိုအပ်သော စရိတ်စကများနဲ့ အသုံးစရိတ်များကို ခေတ္တယာယီစိုက်ထုတ်၍ဖြစ်စေ၊ ကြိုတင်ချေးငွေပေး၍ဖြစ်စေ၊ ထွက်ရှိလာမည့် ရော်ဘာများကို ကြိုတင်ငွေပေးသောစနစ်နဲ့ဖြစ်စေ လုပ်ဆောင်ပေးနိုင်လျှင် သန့်စင်ပေးသော ရော်ဘာများကို ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း ရေးမြို့နယ် ရော်ဘာထုတ်လုပ်သူများအသင်းမှ ဥက္ကဋ္ဌ ဦးမောင်ဟင်းက ပြောကြားသည်။

အဆိုပါ သန့်စင်ရော်ဘာများကို အောင်မြင်စွာထုတ်လုပ်နိုင်ခဲ့လျှင် နိုင်ငံတကာဈေးကွက်မှ ပိုမိုစိတ်ဝင်စားလာပြီး ဈေးကွက်အတွင်း ကျယ်ပြန့်လာ၍ ကမ္ဘာ့ဈေးကွက်နှင့်အညီ တန်ဖိုးရနိုင်ပြီး နိုင်ငံတော်အတွက်လည်းအခွန်ငွေပိုမိုတိုးတက်ကာ ရော်ဘာခြံရှင်များမှာလည်းဈေးမှန်ရကြ၍ ဝင်ငွေများ တိုးတက်လာမည်ဖြစ်ကြောင်း ဥက္ကဋ္ဌ ဦးမောင်ဟင်းက ဆက်လက်ပြောသည်။

မွန်ပြည်နယ်အတွင်း ရော်ဘာအများဆုံးထွက်ရှိသည့် မြို့နယ်များဖြစ်သော ရေးမြို့နယ်မှ ၈၆၁၉၄၄၃၃ ပေါင်၊ ကျိုက်မရောမြို့နယ်မှ ၃၅၄၁၉၈၄၈ ပေါင်၊ သံဖြူဇရပ်မြို့နယ်မှ ၃၆၆၃၇၆၃၁ ပေါင် စုစုပေါင်းရော်ဘာတန်ချိန်ပေါင်း ၁၀၅၁၂၉ ဒသမ ၇၃ တန် ရှိကြောင်း သိရသည်။

**ထွန်းထွန်း(ရေး)**

# အခြေခံပညာကျောင်းများတွင် ဘီစကွတ်မုန့်များ အခမဲ့ပေးဝေ

**ဖဲ အောက်တိုဘာ ၄**

ဖဲမြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်းများနှင့် မူလတန်းလွန်ကျောင်းများတွင် WFP မှ (High Energy Biscuits ) ဘီစကွတ်မုန့်များကို KG မှ စတုတ္ထတန်းအထိ ကျောင်းတက်သူတိုင်း တစ်နေ့တစ်ထုပ်ကို အောက်တိုဘာ ၂ ရက်မှစ၍ သုံးလတိတိ အခမဲ့ပေးဝေသွားမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူကလေးငယ်များ HEB များကို အားရပျော်ရွှင်စွာ စားနေကြကြောင်း ဖဲမြို့နယ် စာတတ်ကူကျေးရွာ မူလတန်းလွန်ကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးစံသူထံမှ သိရသည်။

High Energy Biscuit ဖြစ်၍ အခမဲ့သော်လည်း တန်ဖိုးမဖြတ်နိုင်ပါ။ စီစဉ်ပေးမှုအတွက် အားလုံးကို ကျေးဇူးတင်ကြောင်း၊ မြို့နယ်အတွင်း ယခုမရရှိသေးသောကျောင်းများ အားမငယ်ရန်နှင့် နောက်ပိုင်းရမည်ဖြစ်ကြောင်း၊ ကျွန်တော်တို့ ကျောင်းတွင် High Energy Biscuit ကို အခမဲ့ပေးဝေခြင်းဟာ ဒီနေ့ ပထမဆုံးနေ့ဖြစ်ကြောင်း ၎င်းကပြောသည်။

**သန်းနိုင်ဦး(ဖဲ)**



# တိုင်းရင်းဆေးဝါးဥပဒေနှင့် ဆေးဝါးထုတ်လုပ်ခြင်းဆိုင်ရာ ညွှန်ကြားချက်များရှင်းလင်း

**ဝါးခယ်မ အောက်တိုဘာ ၄**

တိုင်းရင်းဆေးဝါးများနှင့် ပတ်သက်၍အများပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာ သုံးစွဲနိုင်ရေးအတွက် တိုင်းရင်းဆေးဝါး ထုတ်လုပ်သူနှင့် ရောင်းချသူများအား တိုင်းရင်းဆေးဝါးဥပဒေနှင့် ဆေးဝါးထုတ်လုပ်ခြင်းဆိုင်ရာညွှန်ကြားချက်များ ရှင်းလင်းခြင်းကို ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် တိုင်းရင်းဆေးကုဌာန၌ အောက်တိုဘာ ၃ ရက် မွန်းလွဲ ၂ နာရီတွင် ကျင်းပခဲ့ကြောင်းသိရသည်။

အခမ်းအနားသို့ ဝါးခယ်မမြို့နယ် တိုင်းရင်းဆေးဝါး ကြီးကြပ်မှုကော်မတီဝင်များ၊ တိုင်းရင်းဆေးဝါး ထုတ်လုပ်သူ ငါးဦး၊ တိုင်းရင်းဆေးဝါး ရောင်းချသော ဆေးဆိုင် ၂၂ ဆိုင်မှ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

တိုင်းရင်းဆေးဝါး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်တင်တင်နုက တိုင်းရင်းဆေးဝါးဥပဒေပါ ပြဋ္ဌာန်းချက်များ၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှ ထုတ်ပြန်ထားသော တိုင်းရင်းဆေးဝါး ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းဆိုင်ရာ အမိန့်ညွှန်ကြားချက်များအား ထပ်ဆင့် ရှင်းလင်းပြောကြားခဲ့ပြီး လိုက်နာဆောင်ရွက်ခြင်း မရှိပါက တိုင်းရင်းဆေးဝါးဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**လွှမ်းသီဟ (ဝါးခယ်မ)**

# မြတ်မင်္ဂလာထိမ်းမြားလက်ထပ်ပွဲ၏ အနှစ်သာရ

**ယမန်နေ့မှအဆက်**

သူချစ်ကိုရှာသည်။ ကိုယ်ချစ်ကိုမရှာက စိတ်မပန်းရဟူ၍တွေးပြီး တစ်ဖက်သတ်ချစ်သူနောက် "ယောင်နောက်ဆံထုံးပါ၊ ဆံထုံးနောက်ယောင်ပါ" ရသည်လည်း ရှိသည်။ နှစ်ဦးသဘောတူချစ်မေတ္တာဖြင့် မောင့်တစ်မျက်နှာ တစ်ရွာထင်ပြီး ယောင်နောက်ဆံထုံးပါ ပေါင်းဖော်ကြသည်လည်းရှိသည်။

"အချစ်အတွက်ဆိုလျှင် အသက်ပင်သေသေ၊ သေရဲသည်၊ ချစ်ရဲသည်"ဟူ၍ မိုက်ရူးရဲဆန်ဆန် အချစ်အတွက်ပေးဆပ်ကြသူများလည်းရှိသည်။

ထိမ်းမြားခြင်းက ဘာသာရေးနှင့်မဆိုင်၊ လူမှုရေးကိစ္စသက်သက်သာဖြစ်သည်။ မြတ်ဗုဒ္ဓက ကာမဘုံ လွတ်မြောက်ရေးအတွက် အိမ်ထောင်သားမွေးအမှုကို ရှာသူတို့ဓလေ့၊ ရပ်သူတို့စရိုက်အဖြစ်ရှုမြင်သည်။ ခရစ်ယာန်နှင့် ဟိန္ဒူဘာသာဓလေ့အရ လက်ထပ်ထိမ်းမြားခြင်းကို ဘာသာရေးအခမ်းအနားအဖြစ်ရှုမြင်သည်။

မြန်မာ့ဓလေ့ထုံးတမ်းဥပဒေတွင် မောင်ထွန်းအောင်နှင့် မအေးကြည် (ရန်ကုန်၊ ၂၁၅၊ စုံညီ) ဓလေ့ထုံးတွင် "မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ ၁၄ အရ ယောက်ျားနှင့် မိန်းမတို့ ထိမ်းမြားလက်ထပ်ကြသည်ဆိုခြင်းမှာ လင်နှင့်မယားအဖြစ် ပေါင်းဖက်ဖွဲ့စည်းမှုပြုရန်၊ ရည်ရွယ်ချက်မှာ ယောက်ျားနှင့်မိန်းမတို့၏ ကတိပဋိညာဉ်နှင့် ဆက်သွယ်ပေါင်းသင်းမှုပြုခြင်းကိုဆိုလိုသည်"ဟူ၍ ညွှန်းဆိုသည်။

အတ္တနှင့်ယှဉ်သော၊ ပကာသနကင်းသော ထိမ်းမြားလက်ထပ်ခြင်းကို ကတိပြုရန်လိုသည်။ လူကိုကုန်ရောင်းကုန်ဝယ်မပြုရန်၊ ကတိပဋိညာဉ်ပြုရန်၊ ယဉ်ကျေးသောအရှေ့တိုင်းနိုင်ငံများ၏စံအရ ထိမ်းမြားလက်ထပ်ရန်၊ အိမ်ထောင်ပြုခြင်းကို ကုန်ရောင်းကုန်ဝယ်အနေအထားဖြင့် မဆက်ဆံရန်၊ သဘောမထားရန်၊ သိမ်မွေ့နက်နဲသော၊ အရေးကြီးသော လူမှုရေးဘဝလုပ်ငန်းသဖွယ် အလေးအနက်ထား ဆောင်ရွက်သင့်သည်။ လက်ခံကျင့်သုံးသင်သည်။

ပကာသနကင်းသော၊ မေတ္တာစိတ်ဖြင့်ယှဉ်တွဲနေသော ထိမ်းမြားလက်ထပ်ခြင်းသည် ကာယကံရှင် အိမ်ထောင်သည်များနှင့်သာမက ဝန်းကျင်အသိုင်းအဝိုင်း၊ သူ့ဘက်ကိုယ့်ဘက် ဆွေမျိုးအသိုင်းအဝိုင်းဖြင့် သက်ဆိုင်နေသည်။

လူ့ပတ်ဝန်းကျင်အသိုင်းအဝိုင်းက ထိမ်းမြားလက်ထပ်ခြင်းကို နှစ်ဦးနှစ်ဖက် မည်သည့် အရည်အချင်းနှင့်ပြည့်စုံရမည်။ မည်သို့ပေါင်းသင်းနေထိုင်ရမည်။ မည်သည့်အခြေအနေ၌ တရားဝင်လင်မယားအရာရောက်မည်။ အိမ်ထောင်ရှင်နှစ်ဦး မည်သို့ဖျက်သိမ်းကွာရှင်းရမည့်အကြောင်းကိုခိုင်လုံရမည် စသည့်လူမှုရေးကန့်သတ်ချက်များထားရှိရမည်ဖြစ်သည်။

ကန့်သတ်စည်းကမ်းသတ်မှတ်ရာတွင် ကုန်သည်ဆန်သော ကုန်ရောင်းကုန်ဝယ်သဘောမျိုး မဖြစ်သင့်ပါ။ သိမ်မွေ့နက်နဲသော လူမှုစည်းကမ်းချက်များဖြင့် လောကကို အလှခြယ်သင့်သည်။ ငွေကြေးနေကိုတတ်နိုင်သူ အထက်တန်းလွှာတို့က ထိမ်းမြားလက်ထပ်မှုကို အစွမ်းကုန်ပြိုင်ဆိုင်ခဲ့ကြသည်။ တုပခဲ့ကြသည်။ ပကာသနဖက်သော ထိမ်းမြားလက်ထပ်မှုအတွက် ငွေကြေးအရင်းအနှီးများ စိုက်ထုတ်ခဲ့ကြသည်။ ဂုဏ်ကိုဂုဏ်ချင်း ပြိုင်ဆိုင်ခဲ့ကြသည်။ အလှကို အလှချင်း တုပခဲ့ကြသည်။ ထိမ်းမြားလက်ထပ်ခြင်းသည် ခမ်းနားထည်ဝါမှ လင်မယားအရာမြောက်သည်ဟူ၍ ထင်မှတ်မှားနေကြသည်။

မအေးမယ်နှင့် မကြည်ကြည်စီရင်ထုံး (၁၉၄၈ ခုနှစ်) စီရင်ထုံးတွင် "မြန်မာဗုဒ္ဓဘာသာ တရားဥပဒေအရ ထိမ်းမြားလက်ထပ်ခြင်း တရားဝင်စေရန်အတွက် အခမ်းအနားမလိုပေ။ ကာယကံရှင်နှစ်ဦး၏ သဘောတူညီမှု ဆန္ဒသာလျှင်လိုအပ်သည့်ကိစ္စဖြစ်ပေသည်"ဟူ၍ အတိအလင်းဖွင့်ဆိုထားသည်။

ထို့ပြင် "ဧည့်ခံကျွေးမွေးခြင်း၊ လျှုဒါန်းခြင်း စသည်တို့မှာ တရားဥပဒေအရ မလိုအပ်သော်လည်း ထိမ်းမြားလက်ထပ်သူ ကာယကံရှင်နှစ်ဦးတို့၏ သဘောတူညီချက်ဆန္ဒကို ထင်ရှားအောင်ပြနိုင်သည့် သက်သေခံပင်ဖြစ်သည်"ဟူ၍ မကြည်မြနှင့် မောင်စစ်ဟန်စီရင်ထုံး (၁၉၃၇ ခုနှစ်)တွင်ပြဆိုထားသည်။

မိမိဆန္ဒအရ နှစ်သက်သူနှင့် ပေါင်းသင်းလိုသူ၊ ငွေကြေးအကုန်အကျနည်းချင်သူအတွက် တရားဥပဒေကရပ်တည်သည်။ တရားရုံးတော်က စနစ်တကျဆောင်ရွက်ပေးသည်။ ပကာသနကင်းသောမေတ္တာဖြင့် လက်ထပ်ထိမ်းမြားရာတွင် အမျိုးသား၏အသက်၊ အမျိုးသမီး၏အသက်သည် မြန်မာ့ဓလေ့ထုံးတမ်းအရသာ ဆုံးဖြတ်လာရသည်။

> သိမ်မွေ့နက်နဲသော လူမှုစည်းကမ်းချက်များဖြင့် လောကကိုအလှခြယ်သင့်သည်။ ငွေကြေးတတ်နိုင်သူ အထက်တန်း. . .

"အသက် (၁၆)နှစ်ကျော်အရွယ်ယောက်ျားလေးသည် တရားဝင်လက်ထပ်ထိမ်းမြားခြင်း ပြုနိုင်သည်"ဟူ၍ မအေးစိန်နှင့် မောင်လှမင်း (၃၊ ရန်ကုန်၊ ၄၅၅)စီရင်ထုံးတွင်ပြဆိုသည်။

မြန်မာဗုဒ္ဓဘာသာ ယောက်ျားလေးသည် ကျန်းမာရေးပြည့်စုံလျှင်၊ လူလားမြောက်လျှင် မည်သည့်အရွယ်မဆို ထိမ်းမြားလက်ထပ်နိုင်သည်။ မိဘသို့မဟုတ် အုပ်ထိန်းသူတို့၏သဘောတူညီချက်ရယူရန် မလိုပေဟု မောင်သိန်းမောင်နှင့်မစော (၆၊ ရန်ကုန်၊ ၃၄၈)စီရင်ထုံးတွင် ပြဆိုထားသည်။

အမျိုးသမီးအသက်အရွယ်နှင့် ပတ်သက်၍ "အသက်နှစ်ဆယ်ခန့် မိန်းကလေးတစ်ဦးသည် ၎င်း၏ချစ်သူနှင့်လိုက်ပြေး၍ ကလေးများပင် မွေးပြီးစေဦး မိဘများက ပြန်လည်သိမ်းပိုက်နိုင်ခွင့်ရှိကြောင်း နောက်ထပ်ထိမ်းမြားမှုပြုနိုင်ကြောင်း"ကို ကင်းဝန်မင်းကြီးဦးကောင်း (၃၄)စောင်တွဲ အိမ်ထောင်မှုခန်းဓမ္မသတ်ကြီးပုဒ်မ ၁၄၅ တွင် ဖွင့်ဆိုထားသည်။

"တစ်ခုလပ်နှင့် မုဆိုးမတို့မှလွဲ၍ နှစ်ဆယ်နှစ်အောက် မိန်းကလေးတစ်ယောက်က မိဘ သို့မဟုတ် အုပ်ထိန်းသူ၏ အထင်အရှား သို့မဟုတ် အဓိပ္ပာယ်သက်ရောက်သည့် သဘောတူညီချက်မရလျှင် တရားဝင်ထိမ်းမြားလက်ထပ်မှုမပြုနိုင်" ဟူ၍ မအေးစိန်နှင့်မောင်လှမင်း (၃၊ ရန်ကုန်၊ ၄၅၅) စီရင်ထုံး၌ အတိအလင်း ဖွင့်ဆိုထားသည်။ ထို့ကြောင့် မိန်းကလေးသည် အသက်နှစ်ဆယ်မပြည့်လျှင် မိဘအုပ်ထိန်းသူ၏ သဘောတူညီချက်ရယူရကြောင်း သိနိုင်ပါသည်။

မေတ္တာသည် အေးသည်။ မေတ္တာနှင့်ယှဉ်သော လုပ်ရပ်တိုင်းသည် အေးမြသည်။ ငြိမ်းချမ်းသည်။ ထို့ကြောင့် ပကာသနကင်းသော၊ မေတ္တာနှင့်ယှဉ်သော ထိမ်းမြားလက်ထပ်ခြင်းကသာ အမွန်ဆုံးအမြတ်ဆုံး လုပ်ရပ်ပင်ဖြစ်သည်။ မေတ္တာဝါဒကိုသာလက်ကိုင်ပြုသော မြန်မာမှုနယ်ပယ်၌ မေတ္တာနှင့်ထိမ်းမြားလက်ထပ် ခြင်းသည်သာ အမွန်မြတ်ဆုံး သီရိဂေဟာအိမ်ထောင်ရေးပင် ဖြစ်ပေမည်။

မြန်မာတို့၏ မြင့်သော၊ မြတ်သော ထိမ်းမြားမင်္ဂလာလက်ထပ်ပွဲ၊ မင်္ဂလာဆောင်ပွဲများတွင် မြန်မာတို့၏ ပကတိရိုးစင်းသော စိတ်နေသဘောထား၊ စိတ်ထားမြတ်ကိုသာ ဖော်ညွှန်းသော၊ အနှစ်သာရ ပြည့်ဝသော ထိမ်းမြားလက်ထပ်ခြင်းမှ သီရိဂေဟာအိမ်ထောင်ရေးများစွာကို ထူထောင်နိုင်ပါမည်။

မေတ္တာဓာတ်ခွေးထွေးသော အကြင်လင်မယားက တည်ဆောက် ထူထောင်သော သီရိဂေဟာအိမ်ထောင်စုမှပေါက်ဖွားသောသားသမီးများသည် မေတ္တာဓာတ်ခံသောသား၊ မေတ္တာဓာတ်ခံသော သမီးများဖြစ်၍ နိုင်ငံတော်အတွက် အဓိကလိုလားအပ်သော နိုင်ငံ့သားကောင်း၊ နိုင်ငံ့သမီးကောင်းများ၊ နိုင်ငံ့ဝန်ထမ်းကောင်းများသာဖြစ်ပေမည်။ အိမ်ထောင်စုတစ်စု၊ မိသားစုတစ်စုအတွင်း တစ်ဦးနှင့်တစ်ဦး နားလည်ခွင့်လွှတ်နိုင်စွမ်းသော အိမ်ထောင်စုများမှပေါက်ဖွားပေါ်ထွန်းလာသည့် အသိပညာရှင်၊ အတတ်ပညာရှင်များစွာဖြင့် တည်ဆောက်သောနိုင်ငံတော်သည် စစ်မှန်သောဒီမိုကရေစီလမ်းကြောင်းပေါ်ဝယ် ထာဝရမေတ္တာဂဟေ ဆက်နွယ်နေမည်သာဖြစ်ပေသတည်း . . .။

**မြန်ဂုဏ်ဆောင်**

# ဈေးကွက်အတွင်းမှလှည့်ဖျားမှုများ

**မိုးကြည်မောင်**

ခုတလော Media တွေနဲ့ Online ပေါ်မှာ ဝေဖန်မှုတွေများလာတဲ့ MLM ( Multi Level Marketing )လို့ခေါ်တဲ့ Network Marketing ကြောင့် နားမလည်သူပြည်သူတွေတော်တော်များများ ဒုက္ခရောက်နေကြရတာတွေကိုကြည့်ပြီးစားသုံးသူ၊ သုံးစွဲသူတွေအများစုဟာ ပြည်တွင်း၊ ပြည်ပကကုန်ပစ္စည်းတော်တော်များများရဲ့ လှည့်ဖျားမှုတွေအောက်မှာ မသိနားမလည်စွာနဲ့ အလိမ်ခံထိနေကြရတာတွေကို ပြောချင်ပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ နိုင်ငံရေးအပြောင်းအလဲတွေကြောင့် နိုင်ငံတကာကစိတ်ဝင်စားလာတဲ့ ဈေးကွက်အသစ်တစ်ခု ဖြစ်လာနေပါတယ်။ ဒါကြောင့် အပြိုင်အဆိုင်ကုန်ပစ္စည်းအသစ်တွေဟာ အမျိုးမျိုးသော နည်းဗျူဟာများကို အသုံးပြုပြီး စားသုံးသူ၊ သုံးစွဲသူတွေကို အပြိုင်အဆိုင်စည်းရုံးလာကြပါတယ်။ မှန်ကန်တဲ့အရည်အသွေးနဲ့ သင့်တင့်မျှတသော ဈေးနှုန်းတို့နဲ့ ရောင်းချတာကိုတော့ ဘာမှမပြောလိုပေမယ့် Quality ကလည်းမကောင်း၊ သုံးစွဲသူတွေ အဖို့မှာလည်းကြာလာရင် အန္တရာယ်ဖြစ်စေနိုင်တဲ့ ကုန်ပစ္စည်းတွေကတော့လုံးဝမသုံးစွဲသင့်ပါဘူး။ ရန်ကုန်မြို့က Consumers တွေအဖို့ တော်တော်များများရွေးချယ်ဝယ်ယူမှုကို တတ်ကြပေမယ့် နယ်မြို့ကြီးတွေနဲ့ မြို့ငယ်လေး တွေမှာနေနေကြတဲ့ Consumers အများစုက ဈေးသက်သာတာတွေကိုပဲ ဦးစားပေးနေတာကိုတွေ့ ရပါတယ်။ ဈေးနှုန်းထက် သုံးစွဲသူတွေကို ဆိုးကျိုးမဖြစ်စေနိုင်တဲ့ပစ္စည်းမျိုးတွေကို ရွေးချယ်အသုံး ပြုဖို့လိုအပ်ပါတယ်။

ဒီတော့ကုန်ပစ္စည်းတစ်ခုကို ဝယ်ယူအသုံးပြုတော့မယ်ဆို ဘယ်လိုရွေးချယ်ရမလဲဆိုတာ ပြောပါမယ်။ ကုန်ပစ္စည်းတိုင်းမှာ ထုတ်လုပ်တဲ့ရက်စွဲ (Manufacturing Date ) ဆိုတာပါရပါ့မယ်။ အလှကုန်ပစ္စည်းတွေဆိုရင် ပုံမှန်အားဖြင့် ထုတ်လုပ်တဲ့ ရက်ကနေ သုံးနှစ်အတွင်းစိတ်ချစွာသုံးစွဲနိုင်ပါတယ်။ စားသောက်ကုန်တွေကတော့ ထုတ်လုပ်တဲ့ရက်မှတစ်နှစ်အတွင်းသာစားသုံးရန်သင့်ပါတယ်။ ဆေးဝါးတွေကတော့နှစ်နှစ်အတွင်းသာ သုံးစွဲသင့်ပါတယ်။ ဒါတွေက ယေဘုယျအခြေခံအချက်တွေပါ။ ဒုတိယကတော့ ထုတ်လုပ်တဲ့နိုင်ငံဖော်ပြပါရှိရပါတယ် ( Country of Origin ) လို့ခေါ်ပါတယ်။ တတိယကတော့ ကုန်ပစ္စည်းတွေမှာ ပေါင်းစပ်ပါဝင်တဲ့ အမျိုးအမည်တွေကို အင်္ဂလိပ်လို ဖော်ပြပေးထားရပါတယ်။ ဘယ်ပစ္စည်းတွေ က ရာခိုင်နှုန်း ဘယ်လောက်ပါပါတယ်ပေါ့ ( Ingredient Lists ) လို့ခေါ်ပါတယ်။ နောက်ဆုံးတစ်ချက်ကတော့ မြန်မာ FDA No: ကို ဖော်ပြပါရှိ ဖို့လိုပါတယ်။ ပြည်ပကနေတင်သွင်းလာတဲ့မည်သည့် ကုန်ပစ္စည်းမဆိုမိမိတို့ရဲ့ Brand က ခိုင်မာမှုရှိတယ်ဆိုရင် Myanmar FDA ကိုရယူကြပါတယ်။ FDA ရရှိပြီးနောက်လည်းမိမိတို့ရဲ့ ထုတ်ကုန်ပစ္စည်းတိုင်းမှာ FDA No: ကို ဖော်ပြကြပါတယ်။

အထက်ပါအချက်တွေအားလုံးဟာ မိမိဝယ်ယူ အသုံးပြုမယ့် Product တိုင်းအတွက် မဝယ်ယူမီမှာ စစ်ဆေးရမယ့် အချက်တွေဖြစ်ပါတယ်။ ဖော်ပြပါ အချက်တွေနဲ့မပြည့်စုံဘူး ဆိုရင်တော့ ကြော်ငြာဘယ်လောက်ပဲ ကောင်းကောင်းမဝယ်သင့်ပါဘူး။ ကျွန်တော့်ရဲ့ အတွေ့အကြုံတွေအရပြောပြရမယ်ဆိုရင် အချို့သောလုပ်ငန်းရှင်တွေဟာသက်တမ်း ကုန်နေပြီဖြစ်တဲ့ ဂိုဒေါင်ထဲကပစ္စည်းတွေကို ဖျက်စီးပစ်ရမှာနှမြောပြီးမူလ Expiry Date ကိုဖျက်၊ အသစ်ပြန်ရိုက်ပြီး ဈေးကွက်အတွင်းပြန်ဖြန့်တာတွေလည်းရှိပါတယ်။ အလှကုန်ပစ္စည်းတွေမှာ အများဆုံးတွေ့ရတတ်ပါတယ်။ မဝယ်ယူခင်မှာ အလှကုန်ပစ္စည်းရဲ့အောက်ခြေပိုင်းတွေမှာ ဂရုတစိုက်ကြည့်သင့်ပါတယ်။ ပြန်ပြင်ရိုက်ထားတဲ့ ရက်စွဲဆိုရင် ဘေးနားတစ်ဝိုက်မှာ မသပ်မရပ်နဲ့၊ မှင်ဆေးတွေအစအန ကျန်နေတတ်ပါတယ်။ အချို့ပစ္စည်းတွေမှာတော့ သက်တမ်းရက်စွဲကို စတစ်ကာအကြည်ပေါ်မှာ မှင်နက်နဲ့ ရိုက်ပြီးကပ်ထားတတ်ပါတယ်။ ဒါဆိုရင်တော့ ပြန်ပြင်ထားတဲ့သက်တမ်းလွန် ပစ္စည်းဖြစ်ဖို့ရာများနေပါပြီ။ ဒီလိုပစ္စည်းမျိုးတွေကို ဈေးဘယ်လောက်ပေါပေါမဝယ်ယူသင့်ပါဘူး။ နောက်ထုတ်လုပ်တဲ့ နိုင်ငံမဖော်ပြထားရင်လည်း အတုဖြစ်ဖို့သေချာနေပါပြီ။ ခုတလောဈေးကွက်အတွင်းမှာအလှကုန်ပစ္စည်းအချို့ကို ထုတ်လုပ်တဲ့နိုင်ငံ၊ ထုတ်လုပ်တဲ့ရက်စွဲတွေမပါရှိဘဲနဲ့ ရောင်းချနေတာတွေ့နေရပါတယ်။ Europe ကထုတ်တာ၊ USA က ထုတ်တာဆိုပြီး လိမ်ညာရောင်းချနေကြတာပါ။ FDA No: ရှာမတွေ့လို့ Sales Girl ကိုမေးကြည့်တော့ FDA တင်ထားတုန်းပါဆိုပြီး ဖြေပါတယ်။ ကုမ္ပဏီက သင်ပေးထားတဲ့အတိုင်း ပြောရောင်းနေကြတာပါ။ သူတို့ရောင်းတဲ့ဈေးတွေက မသေးလှပါဘူး။ဒီလိုပစ္စည်းမျိုးတွေကို နားယောင်ပြီးဝယ်ယူသုံးစွဲလို့ကတော့မိမိရဲ့ဒုက္ခကိုငွေနဲ့ဝယ်ယူသလိုမျိုးဖြစ်သွားနိုင်ပါတယ်။

Myanmar Consumer တွေသိထားသင့်တာက Myanmar FDA က Expiry Date၊ Country of Origin ၊ Ingredient List Free Sales Certificates၊ Letter of Authorization စတဲ့ အချက်အလက်တွေမပါဘဲနဲ့ ဘယ်နိုင်ငံက ပစ္စည်းတွေကိုမှ FDA ထုတ်မပေးပါဘူး။ ဒီတော့ကာကြော်ငြာဘယ်လောက်ကောင်းကောင်း၊ Sales Girls တွေဘယ်လောက်ပဲပြောပြော၊ နားမယောင်ကြပါနဲ့။

နောက်တစ်ခုက FDA တင်တုန်းကတော့ အမှန်အကန်ပစ္စည်းတွေနဲ့၊ FDA ရပြီးဈေးကွက် အတွင်းလည်းဖြန့်ကောအရည်အသွေးမမီတဲ့ ပစ္စည်းတွေ သွင်းလာပြီးဖြန့်တဲ့ ကုမ္ပဏီတွေလည်းရှိပါတယ်။ သုံးစွဲသူတွေရဲ့ Feedback တွေကဆိုးလာတော့မှ Brand နဲ့ Company Image ထိခိုက်မှာကြောက်ပြီးဂိုဒေါင်မှာကျန်နေတဲ့ပစ္စည်းတွေကို Oversea ကစက်ရုံတွေကိုပြန်ပို့ လိုက်တာလည်းရှိပါတယ်။ ဒါတွေကတော့ Consumers တွေမသိဘဲနဲ့ဖြစ်နေတဲ့ Market အတွင်းကပြဿနာတွေပါ။ နောက်ပြီးနာမည်ကြီးကုမ္ပဏီတစ်ခုရဲ့ ကြော်ငြာကလည်းသုံးစွဲပြီး ၈ နာရီကြာသည့်တိုင်မွှေးပျံ့နေတယ်တဲ့။သုံးကြည့်လိုက်တော့ ဘယ်ကလာ ၈ နာရီခံလို့လဲ။ ဒီလိုလိမ်ထားတဲ့ ကြော်ငြာတွေကိုလည်းသတိထားဖို့လိုပါတယ်။

လက်ရှိတိုင်းပြည်ရဲ့ အနေအထားကလည်းခုမှစတည်ခါစဆိုတော့ မြန်မာတွေကိုအချဉ်တွေပါဆိုပြီး နည်းလမ်းမျိုးစုံနဲ့လိမ်ရောင်းမယ့် ကုန်ပစ္စည်းပေါင်းစုံဟာစောင့်နေကြပါတယ်။ ဒီတော့ကာ ကျွန်တော်တို့လူမျိုးတွေ ငွေကုန်ခံရပြီး အလိမ်မခံရစေဖို့ဖော် ပြပါအချက်တွေကို ဖတ်ပြီးမှ ကုန်ပစ္စည်းတွေကိုဝယ်ယူအသုံးပြုကြပါလို့ တိုက်တွန်းချင်ပါတယ်။

MLM နည်းမှလိမ်တာမဟုတ်ပါဘူး။ ဈေးကွက်အတွင်းမှာလည်းလက်တလုံးခြားလိမ်ရောင်းနေတဲ့ Products တွေအများကြီးပါ။ နိုင်ငံတော်အနေနဲ့ စားသုံးသူကာကွယ်ရေးအဖွဲ့ကို တတ်သိနားလည်တဲ့ Professional တွေနဲ့ ဖွဲ့စည်းပြီး အဆိုပါ လက်တစ်လုံးခြားလိမ်နေကြတဲ့ကုန်ပစ္စည်းတွေကို အရေးယူတားမြစ်ဖို့ လိုအပ်နေပါပြီ။

ခုဆိုရင် FB ကနေကြော်ငြာပြီးရောင်းချနေတဲ့ Products တွေတော်တော်များနေပါပြီ။ FB မှာကြော်ငြာတာဟာ TVC မှာ ကြော်ငြာတာထက် အဆပေါင်းများစွာသက်သာပြီး Brand Awareness ဖြစ်လွယ်တာကြောင့် သူ့ထက်ငါ ကြော်ငြာနေကြတာပါ။ စိတ်ဝင်စားလို့ cb uae၊ ဖုန်းတွေကနေစုံစမ်းလိုက်ရင် သူတို့ပစ္စည်းလောက်ကောင်းတာ ဈေးကွက်မှာမရှိတော့သလိုပဲ ပြောနေကြတာ၊ မှာပြီးသုံးကြည့်ရောကိုယ်နဲ့အဆင်မပြေတာတွေများပါတယ်။ ဒီတော့ Online ကြော်ငြာပစ္စည်းတွေကို သတိထားသင့်ပါတယ်။ ကောင်းတာကတော့ မျက်မြင်တွေ့ရတဲ့ ကုန်ပစ္စည်းတွေကိုပါ အထက်မှာဖော်ပြထားတဲ့ အချက်တွေအပြည့်အစုံပါ၊ မပါစစ်ဆေးပြီးမှ ဝယ်ယူသုံးစွဲသင့်ကြောင်းပြောပါရစေခင်ဗျား။

မြန်မာပြည်သူများ ဈေးကွက်အတွင်းမှ လှည့်ဖျားမှုများနှင့်ကင်းဝေးနိုင်ကြပါစေ. . .။

> "FDA တင်တုန်းကတော့ အမှန် အကန်ပစ္စည်းနဲ့ FDA ရပြီးဈေးကွက်လည်းဖြန့်ကော အရည်အသွေးမမီတဲ့ ပစ္စည်းတွေသွင်းလာပြီးဖြန့်တဲ့ ကုမ္ပဏီတွေလည်း . . ."

# ထိုင်းနိုင်ငံခရီးစဉ်များကို USD 280 မှစ၍...

| ဗန်ကောက် | ပတ္တရားကမ်းခြေ | ဟွာအင်းကမ်းခြေ | ဗန်ကောက် + ပတ္တရား | ဗန်ကောက် + ကချနာဘူရီ | ဗန်ကောက် ပတ္တရား+ အယုဒ္ဓယ | ဖူးခက်ကမ်းခြေ |
|---|---|---|---|---|---|---|
| ၂ညအိပ် ၃ရက် | ၂ညအိပ် ၃ရက် | ၃ညအိပ် ၄ရက် | ၃ညအိပ် ၄ရက် | ၃ညအိပ် ၄ရက် | ၄ညအိပ် ၅ရက် | ၃ညအိပ် ၄ရက် |
| USD 280 | USD 280 | USD 360 | USD 360 | USD 360 | USD 399 | USD 560 |

ခရီးစဉ်အားလုံး အောက်တိုဘာ ၁၄/၁၅ ရက်များတွင် စတင်ထွက်ခွာပါမည်။

ပေးရတဲ့ပိုက်ဆံနဲ့တန်လိုသူများ၊ မိမိကိုယ်တိုင်စီစဉ်သည်ထက် ကုန်ကျစရိတ် ပိုမိုသက်သာလိုသူများ၊ စိတ်အနှောင့်အယှက် ကင်းကင်း ကုန်ကျစရိတ်အပြီးအစီးဖြင့် Hassle-free ခရီးသွားလိုသူများ အသေးစိတ်အချက်အလက်များကို သိရှိလိုလျှင် သို့မဟုတ် စာရင်းပေးသွင်းလိုလျှင် ဆက်သွယ်ရန်...

ရွှေခင်းလမ်း ခရီးသွားလုပ်ငန်း
ဖုန်း - ၀၁ ၅၂၄ ၈၄၃
၀၉ ၇၈၈ ၉၉၉ ၈၂၀ ~ ၈၆၀



# YANGON INTERNATIONAL LIFESTYLE FURNITURE FAIR

14th
SINCE 2010
YLFF

၂၀၁၆–အောက်တိုဘာလ (၆) ရက် မှ (၁၀) ရက်နေ့အထိ ( ၅ )ရက်တိုင်တိုင် ကျင်းပသွားပါမည်

## သီတင်းကျွတ်အကြိုပရိဘောဂပြပွဲကြီး

Platinum Sponsored by
Casabella
Luxury Home Furnishing Centre
Presented by NatRay Co.,Ltd.

Gold Sponsored by
ဆွိုတီးဟုမ်း
INHOUSE

တပ်မတော်ခန်းမ

LUCKY DRAW



စုစုပေါင်းကျပ်(၁၀)သိန်းဖိုးဝယ်ယူသူတိုင်းကံစမ်းမဲတစ်စောင်ရရှိနိုင်မည့်အခွင့်အရေး

Organized by : Thousand Islands Business Group



# OK$ ဖြင့် အောက်ဖော်ပြပါ မြို့များတွင်လည်းငွေပေးချေနိုင်သည်။

INTERNET WALLET

(ပြည်၊ အောင်လံ၊ သရက်၊ ရွှေတောင်၊ အင်းမ၊ ပေါင်းတည်၊ ပေါက်ခေါင်း၊ ဥသျှစ်ပင်၊ ဘက်ရဲ၊ ကြံခင်း၊ မြန်အောင်)

**ပြည်**
စိုးစံ Mobile
ဟန်မင်း Mobile
Pyay Mobile
Smart.Com
Huawei Showroom Mobile
Wise Power
Fevo Mobile
ရွှေကမ္ဘာ Mobile
Mobile 7
Perfect Star
Mobile Corner
Mobile Channel
သမြေ Mobile
171 Mobile
Lucky Mobile
Hello Mobile
Ever call Mobile
Just Mobile

**ကသဲဈေး(ပြည်)**
ဒေါ်ငွေငွေကုန်စုံဆိုင်
ဒေါ်ကြူကုန်စုံဆိုင်
အောင်သီရိကုန်စုံဆိုင်
ငွေကြယ်ဖြူကုန်စုံဆိုင်
ကိုအောင်နိုင်လင်းစတိုးဆိုင်
ကြည်မိသားစုကုန်စုံဆိုင်
ပြည့်စုံကုန်စုံဆိုင်
မသန်းသန်းဦးကုန်စုံဆိုင်
ဖြိုးမောက်စတိုးဆိုင်
မအေးအေးမူကုန်စုံဆိုင်
ကိုဇော်ကုန်စုံဆင်
ကိုသက်ခိုင်ကုန်စုံဆိုင်

**အောင်မင်္ဂလာဈေး(ပြည်)**
မနီလာကုန်စုံဆိုင်
လက်ရွေးစင်ကုန်စုံဆိုင်
မင်းညီနောင်ကုန်စုံဆိုင်
ဦးမောင်မောင်ကုန်စုံဆိုင်
ဗိုင်းဗိုင်းလက်ဖက်ရည်ဆိုင်

**ကိုးဘောင်းဈေး(ပြည်)**
ဒေါ်လှမြင့်ကုန်စုံဆိုင်
ကိုကျော်လွင်ကုန်စုံဆိုင်
မပုံ့ပုံ့ကုန်စုံဆိုင်
ဦးသိန်းထိုက်ကုန်စုံဆိုင်
မတိုးတိုးကုန်စုံဆိုင်
မလဲ့လဲ့ကုန်စုံဆိုင်
ရှမ်းလေးကုန်စုံဆိုင်
ကိုအာရှကုန်စုံဆိုင်
မခိုင်ကုန်စုံဆိုင်
အောင်ကောင်းစုကုန်စုံဆိုင်
လာဘ်မိုးရွာကုန်စုံဆိုင်
ရောင်ခြည်ဦးကုန်စုံဆိုင်
စံပါယ်ဖြူကုန်စုံဆိုင်
မမြင့်သူကုန်စုံဆိုင်
မင်းမဟော်ကုန်စုံဆိုင်
သရဖူသစ်ကုန်စုံဆိုင်
သိန်းမေတ္တာကုန်စုံဆိုင်

**ရွှေတစ်ရောင်းလမ်း(ပြည်)**
နဝရတ်ကုန်စုံဆိုင်
စရေစတိုးဆိုင်
ရတနာကုန်စုံဆိုင်
စပါယ်ရှယ်ဝမ်းစတိုး
တော်ဝင်နှင်းဆီကုန်စုံဆိုင်
ပိုင်ပိုင်နိုင်နိုင်ကုန်စုံဆိုင်
ဦးဝင်းနိုင်ကုန်စုံဆိုင်
ရွှေကံ့ကော်ကုန်စုံဆိုင်
ကိုဖိုးချိုကုန်စုံ၊စတိုးဆိုင်
ကိုဇော်မင်းနိုင်
မင်းတုန်းကုန်စုံဆိုင်
ကြီးပွားရေးကုန်စုံဆိုင်
လန်းလန်းဆန်းဆန်းကုန်စုံဆိုင်
စန္ဒီပိုက်စတိုးဆိုင်
ကိုသန်းထိုက်မင်းကုန်စုံဆိုင်
ဦးကျော်ကုန်စုံဆိုင်
ရှာမီစတိုးဆိုင်
ရွှေတမာကုန်စုံဆိုင်
ဒေါ်ငွေငွေကုန်စုံဆိုင်
ဗမာသစ်ကုန်စုံဆိုင်
ကိုမိုးကျော်ကုန်စုံဆိုင်
ပြည့်စုံထွန်းကုန်စုံဆိုင်
ပြည်မြန်မာကုန်စုံဆိုင်
ကိုစိုးကြီးကုန်စုံဆိုင်
နှင်းဥခင်ကုန်စုံဆိုင်
ရွှေသုန္ဒရီကုန်စုံဆိုင်
မသီတာကုန်စုံဆိုင်
ကောင်းထက်ကျော်ကုန်စုံဆိုင်
ဝေဖြိုးကုန်စုံဆိုင်
ဦးတင်ဝင်းကုန်စုံဆိုင်
မရမ်းမကုန်စုံဆိုင်
ဝင်းမင်းထွန်းကုန်စုံဆိုင်
မသန်းသန်းဝင်းကုန်စုံဆိုင်
ရွှေတမာကိန်စုံဆိုင်
ချစ်ဝေဝေကုန်စုံဆိုင်
ရွှေလဝန်းစတိုးဆိုင်

**အောင်လံ**
စိန်စတိုးဆိုင်
ဒုံးပျံစတိုးဆိုင်
ဘကြီးကောင်းကုန်စုံဆိုင်
ဦးကျင်ကုန်စုံဆိုင်
မလတ်လတ်ကျော်အလှကုန်
ဗိုလ်ခိုင်ကုန်စုံဆိုင်
သာစည်မုန့်မျိုးစုံဆိုင်
နေနှင့်လကုန်စုံဆိုင်
ကောင်းဆုဝေကုန်စုံဆိုင်
စိန်နှင့်စိန်မုန့်မျိုးစုံဆိုင်
စန်းသော်တာကုန်စုံဆိုင်

**သရက်**
ဦးရှိုးတီကုန်စုံဆိုင်
ဒေါ်စန်းကုန်စုံဆိုင်
ဦးသန်းမြင့်အလှကုန်

**ရွှေတောင်**
အန်တီညိုကုန်စုံဆိုင်
သပြေကုန်စုံဆိုင်
ဦးအောင်မြတ်သူကုန်စုံဆိုင်
ဒိုက်ဦး မုန့်စတိုးဆိုင်
ရွှေနံ့သာစတိုးဆိုင်
ရွှေစည်ဟိန်းစတိုးဆိုင်
ကိုဝင်းဇော်ဦးကုန်စုံဆိုင်
ကိုမျိုးကျော်ကုန်စုံဆိုင်
ရွှေပြည့်ပြည့်အောင်မုန့်မျိုးစုံဆိုင်
နိုင်ဝေမေတ္တာကုန်စုံဆိုင်
ရောင်ခြည်ဦးကုန်စုံဆိုင်

**အင်းမ**
မဟောမာန်ထွန်းမုန့်မျိုးစုံဆိုင်

**ပေါင်းတည်**
စိန်ရတနာမုန့်မျိုးစုံဆိုင်
မခိုင်ကုန်စုံဆိုင်
မနနငယ်ကုန်စုံဆိုင်
ယမင်းစံမုန့်မျိုးစုံဆိုင်

**ပေါက်ခေါင်း**
ဘရဏီစတိုး၊ကုန်စုံဆိုင်
အနန္တမေတ္တာစတိုး၊ကုန်စုံဆိုင်

**ဥသျှစ်ပင်**
စံစတိုးဆိုင်
ကိုဇော်မင်းအောင်ကုန်စုံဆိုင်

**ဘက်ရဲ**
ကိုရည်စိုးကုန်စုံဆိင်
ရွှေပေါက်ဆိန်ကုန်စုံဆိုင်

**ကြံခင်း**
ဦးထိုက်စိန်ကုန်စုံဆိုင်
ထွန်းစတိုးဆိုင်
ကိုခင်မောင်ငွေကုန်စုံဆိုင်
တော်ဝင်မုန့်နှင့်စတိုးဆိုင်

**မြန်အောင်**
ကိုဇော်ထူးအောင်ကုန်စုံဆိုင်
ကိုညီညီလင်းကုန်စုံဆိုင်
ရွှေများကုန်စုံဆိုင်
ဦးခဲမှိန်ကုန်စုံဆိုင်

OK$ ဒေါင်းရန်
Available on the App Store
Get it on Google play

24 Hr Call Center 09-450144455, 09-30000066, 01-377888 okdollarapp www.okdollar.com

## ကြော်ငြာ


**NEW MOTION** Travels & Tours

အနားယူ အပန်းဖြေခြင်းသည် အနာဂတ်အတွက် အင်အားဖြစ်စေပါသည်။

ရွှေလျားသစ်လွင် ခရီးစဉ်

| | | | |
|---|---|---|---|
| ★ ဖောင်တော်ဦးဘုရားပွဲခရီးစဉ် | Oct; 14 | ★ မြဝတီ - မဲဆောက်ခရီးစဉ် | Oct;14 |
| ★ မန္တလေး ခရီးစဉ် | Oct; 14 | ★ ကလော - လွိုင်ကော်ခရီးစဉ် | Oct; 15 |
| ★ ပုဂံ ခရီးစဉ် | Oct; 14 | ★ ထားဝယ် - ကန်ချနာပူရီခရီးစဉ် | Oct; 15 |

★ ငွေဆောင်ကမ်းခြေအပန်းဖြေခရီးစဉ် Oct; 15

အမှတ်-16၊ကျွန်းတောလမ်း၊စမ်းချောင်း။ Ph ; 09 4925 2911 , 09 4925 2922 , 09 731 48922 , 527 922 , 538 811

**လုံးရာသီ** မပွဲဒါန

အင်းလေးဖောင်တော်ဦးဘုရားပွဲ

တောင်ကြီး-အင်းလေး-ပင်းတယ-ကုလုံ

တစ်ဦးထမင်းကျွေး-၅၀၀၀၀ိ, OCT-14

ပုဂံ-ပုပ္ပါး-ပဒုက္ကူ ထမင်းကျွေး—၄၀၀၀၀ိ

မော်လမြိုင်-ကျိုက္ကမီ-ဇက်စဲ—၃၀၀၀၀ိ

420144148, 421153797

**GOLDEN STAR**

ကျိုက်ထီးရိုး(နေ့စဉ်)

ချောင်းသာ (နေ့စဉ်)

ငွေဆောင် (နေ့စဉ်)

Ph: 209200, 544383, 430480

**ပြည့်စုံရတနာ** သိတင်းကျွတ်ခရီးစဉ် ကျိုက်ထီးရိုး/ချောင်းသာ နေ့စဉ်

- အင်းလေးဖောင်တော်ဦးပွဲ—တောင်ကြီး—ပင်းတယ—ကုလုံ
- ပုဂံ၊ပုပ္ပါး(စွယ်တော်လေးဆူ)၊မန္တလေး၊ပြင်ဦးလွင် • ထားဝယ်ရှင်ကိုရှင်မောင်းမကန်
- မြဝတီ၊မဲဆောက်၊ဘားအံ • မော်လမြိုင်၊ ကျိုက္ကမီ၊ ဇက်စဲ

Oct-14,21,28 ထွက်မည်။ အိမ်အရောက် လက်မှတ်ပို့ပေးနှင့်

09-420238909,09-73159071,09-32057934

**SS Tour Myanmar**

အဆင့်မြင့် ဘုရားဖူးခရီးစဉ်များ

ရန်ကုန်-ပုပ္ပါး-ပုဂံ-စွယ်တော်လေးဆူ 2N/3D(96000/-)

21-Oct ထွက်ခွာမည်။

ရန်ကုန်-တောင်ကြီး-အင်းလေး-ပင်းတယ 2N/3D(115000/-)

11-Nov ထွက်ခွာမည်။

Ph : 09-254169966, 09-5403301, 09-252426191

**သုခလမ်းညွှန်** Travels & Tours

အဆင့်မြင့် VIP ခရီးစဉ်များ

တောင်ကြီး ဖောင်တော်ဦးဘုရားပွဲ - 185000

ပုဂံ-စွယ်တော်လေးဆူ- 185000

မန္တလေး-ပြင်ဦးလွင်-စစ်ကိုင်း- 145000

မြဝတီ-မဲဆောက်- 125000

Phone-09-252929722/33/44/55/66



လူကြီးမိဘ ဆရာသမားများအား ဂါရဝပြုလိုသူများအတွက်

*Happy Thadingyut Festival*

Acacia Tea Salon

*AcaciaTeaSalon*

52, Saya San Rd, Bahan Township, Yangon, Myanmar

Tel. 01 554 739, 09 7311 3812 *www.acaciateasalon.com*

ပထမပုဂ္ဂလိကဘဏ်လီမိတက် FIRST PRIVATE BANK LIMITED

myKyat

လုံခြုံ မြန်ဆန် ဒီဂျစ်တယ်ငွေ



သင့်ရဲ့မိုဘိုင်းဖုန်းကို မိုဘိုင်းပိုက်ဆံအိတ် ( Mobile Wallet )

တစ်ခုအဖြစ်အသုံးပြုလိုက်ပါ။

"myKyat ၏ လုပ်ဆောင်ချက်များအားလုံးအတွက်

မိုဘိုင်းဖုန်းတစ်လုံးသာလိုအပ်သည်။"

frontier technology partners SAP

HELPDESK PHONE NUMBERS - 09-450374911,09-450374912,09-450374913

www.mykyat.com https://www.facebook.com/mykyat.myanmar

PLEASE DOWNLOAD GET IT ON Google Play

2016 (6-Oct to 8-oct ) အထိ Myanmar Event Park တွင်ကျင်းပမည့် Myanmar Build & Deco Expo 2016 ပြပွဲကြီးအတွင်း

Since 1860 Armstrong FLOORING

၆ နှစ် ကြာလည်း "အသစ်အတိုင်း" ဖြစ်စေမည့်

Commercial Vinyl Flooring



အစ ၃ နှစ် ၆ နှစ်

Free Wax (ပစ္စည်း+လက်ခ) Free Wax (လက်ခ)

* ကျွမ်းကျင်သူအထက်ဝယ်ယူလျှင် Wax Training FREE!

ဝယ်သူတိုင်းအကျိုးခံစားခွင့်ရှိတဲ့ Member Card အထူးအစီအစဉ်

Marketed by: Home Distribution Group

Home Since 1996

Building – N , Room No. (33,34) သီရိရတနာ လက်ကားဈေး၊ သုဓမ္မာလမ်း၊ အောင်မင်္ဂလာ အဝေးပြေး ကားဝင်းအနီး၊မြောက်ဥက္ကလာပ။

09 79 700 70 88

09 79 700 70 99

ဘဝအာမခံချက်ရှိသော အသက်မွေးဝမ်းကျောင်း ပညာရပ်ကို ရှာဖွေနေသူများအတွက်



Lotus

- International Bakery & Pastry
  နိုင်ငံတကာ မုန့်မျိုးစုံပြုလုပ်ပြင်ဆင်နည်းသင်တန်း
- International Bakery & Pastry Basic Decoration
  နိုင်ငံတကာ မုန့်မျိုးစုံ အလှဒီဇိုင်းဖန်တီးမှုသင်တန်း

အောက်တိုဘာလ သင်တန်းအတွက် ကျောင်းအပ်လက်ခံနေပြီ

အမှတ်(၂၁၃၊ ၂၁၇) ၃–လွှာ၊ မဟာဗန္ဓုလလမ်းနှင့် ၄၉–လမ်းထောင့်၊ ဗိုလ်တထောင်၊ ရန်ကုန်မြို့။

☎ 01-397449, 01-397447, 09-73169207

CONSTRUCTION, POWER & MINING Myanmar 2016

13-15 October 2016

Myanmar Event Park (MEP)

9.00-17.00 Hrs.

**Including:**

- Over 200 leading companies from around the world
- 5 international groups from China, Germany, Korea, Singapore and Thailand
- Industry Conferences & Seminars

ပါဝင်သည် :

- ကမ္ဘာ့အနှံ့မှဦးဆောင် ကုမ္ပဏီ ၂၀၀ ကျော်
- တရုတ်၊ ဂျာမနီ၊ ကိုရီးယား၊ စင်္ကာပူ နှင့် ထိုင်းနိုင်ငံတို့မှ နိုင်ငံတကာပြခန်းကြီး (၅)ခန်း
- လုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲနှင့် ဟောပြောပွဲများ

New Venue MEP

! စီးပွားရေးလုပ်ငန်းရှင်များအတွက်သာ။ အသက် (၁၈) နှစ်အောက်ဝင်ရောက်ခွင့် မပြုပါ။

The 4th International Construction, Power & Mining Exhibition

စတုတ္ထအကြိမ်မြောက် နိုင်ငံတကာ ဆောက်လုပ်ရေး၊ စွမ်းအင်နှင့် ဓာတ်သတ္တုတူးဖော်ရေး ကုန်စည်ပြပွဲ

3in1



Visitors can pre-register online or onsite at the exhibition

ဧည့်သည်တော်များသည် အွန်လိုင်းမှ ကြိုတင်စာရင်းပေးသွင်းနိုင်သလို ပြပွဲတွင်လည်း စာရင်းပေးသွင်းနိုင်ပါသည်

www.cpmmyanmar.com

Supported by MCEA Myanmar Engineering Society Yangon Electricity Supply Corporation

Acknowledged by Ministry of Commerce Ministry of Electric Power and Energy Ministry of Construction Ministry of Resources and Environmental Conservation

Platinum Sponsor Z&A

Organised by AllWorld

ကြော်ငြာ


ဧရာနာရှင် ... မြဝတီ၊ တားခ်ံ (၃)ရက်
* ကျိုက်ထီးရိုး/ချောင်းသာ(နေ့စဉ်)+ ငွေဆောင်/ပေလီ(သော်ကြာ)
* အင်းလေးဖောင်တော်ဦးဘုရားပွဲ(၅)ရက် + ကျိုက္ခမီဆွမ်းမျှောပွဲ၊ ဖက်စဲ(၃)ရက်
* မန္တလေး၊ ပြင်ဦးလွင်၊ ဒီးဒုတ်ရေပြာအိုင်၊ ကျောက်စိမ်းစေတီ (၃)ရက် Oct 14
* ပုဂံ-ပုပ္ပါး (၃)ရက်+ ထားဝယ်ရှင်ကိုးရှင်၊ ကျိုက္ခမီ (၅)ရက်
Ph: 01-392704, 09 73017110,09 795066657,09 785066657

အာရှနဂါး
မြဝတီ/ကျိုက်ထီးရိုး
ချောင်းသာ/ငွေဆောင်
Ph : 703790, 09 799100100
707062, 09 797100100

ဝိပဿနာရိပ်သာ ဆရာတော်ကြီးများဖူး
မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ ပယ်ဘုကုန်း၊ ပီသနီးမြို့ဟောင်း၊ ပင်းမြို့ဟောင်း၊ ရှင်အရဟံဘောဓိသပြေညီနောင်။ ထမင်းကျွေး(၃)ရက်ခရီး(၁၁.၁၁.၂၀၁၆)ထွက်မည်။
ရွှေစေတီ 50000/- ks Ph:09 450024419, 09 790629747

ရခိုင်ပြည်ဘုရားဖူးခရီး ကောင်းထက်စံနှင့်အဖွဲ့
ကျောက်တော်မဟာမြတ်မုနိဘုရား၊ မြောက်ဦးဘုရားပုထိုးများ၊ ... 220000/(ရှေးဗိမ္မာန်ခရီး) (14-10-16) (သီတင်းကျွတ်)ထွက်မည်။ ဗီဒီယို မှတ်တမ်း လက်ဆောင်။
Ph:09 448003431,0949660481,09 798860461



Officially Supported by:

Ministry of Transport and Communications (MOTC)

Proudly Organized by:

Myanmar Computer Federation

MCF

eGOVERNMENT
CONFERENCE & ICT EXHIBITION 2016

# e-GOVERNMENT CONFERENCE & ICT EXHIBITION 2016

မြန်မာနိုင်ငံ ကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှု နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ ထောက်ပံ့မှုဖြင့်

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် နှင့် ကွန်ပျူတာအသင်းများမှ ကျင်းပပြုလုပ်သော

e-Government Conference & ICT Exhibition 2016 (Nay Pyi Taw) ကို လာရောက်လေ့လာရန် ဖိတ်ခေါ်အပ်ပါသည်။

**7 - 8 October 2016** [ Friday , Saturday ]

**9:00 AM to 5:00 PM** **MICC - II , Nay Pyi Taw**

Platinum Sponsor : HUAWEI, ON OMIDYAR NETWORK A WORLD OF POSITIVE RETURNS

Gold Sponsor : TDGC, MIT Beyond Innovation, ZTE

Silver Sponsor : MCC GROUP, ever plus



သင့်ရဲ့ဆန်းသစ်တီထွင်တဲ့အနာဂတ်ကို စတင်ပေးမည့်နေရာ

UTS | INSEARCH
UNIVERSITY OF TECHNOLOGY SYDNEY




သင်ဟာ သူများနှင့်မတူ ဆန်းသစ်လုပ်ဆောင်လိုသူဆိုရင်တော့ သင်ဖြစ်ချင်တာတွေကို အကောင်အထည်ဖော်လုပ်ဆောင်ဖို့အတွက် UTS:INSEARCH နဲ့ University of Technology Sydney က ကူညီပေးနိုင်ပါတယ်။

မြန်မာနိုင်ငံမှာရှိတဲ့ စွန့်ဦးတီထွင်သူများနှင့် ဆန်းသစ်တီထွင်သူတို့၏ စိတ်ကူးဖန်တီးမှုများ အကောင်အထည်ဖော်လုပ်ဆောင်နိုင်ရန်အတွက် ဩစတြေးလျဒေါ်လာ ၄၀၀၀ နှင့်ညီမျှသည့် **၂၀၁၆ခုနှစ် UTS:INSEARCH အနာဂတ်ဆန်းသစ်တီထွင်သူများ ပညာသင်ဆု**ကို UTS:INSEARCH မှ သင်ကြားပို့ချသည့် မည်သည့် သင်တန်းအတွက်မဆိုပေးအပ်သွားမည်ဖြစ်သည်။

**insearch.edu.au/innovation သို့ဝင်ရောက် လျှောက်ထားလိုက်ပါ။**

UTSINSEARCHFAN | UTS_INSEARCH | UTSINSEARCHCHANNEL | UTSINSEARCH | UTS_INSEARCH | insearch.edu.au/blog

ဓာတ်ပုံ - Andrew Worssam ၊ Joanne Saad
INSEARCH CRICOS အမှတ် 00859D ၊ UTS CRICOS အမှတ် 00099F
INSEARCH ကို University of Technology Sydney (UTS) ၏ ဦးစီးမှုဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပြီး UTS တက္ကသိုလ်သို့တက်ရောက်နိုင်ရန် လိုအပ်သည့် အဆင့်မြင့်ပညာရေးအတွက် INSEARCH မှ တရားဝင်ထောက်ပံ့ပိုင်ခွင့်ရရှိထားသည်။
*လျှောက်ထားသူများသည် ၂၀၁၆ခုနှစ် ပညာသင်နှစ်တွင် စတင်တက်ရောက်ရမည်ဖြစ်သည်။ *လျှောက်ထားမှုနှင့်ပက်သက်၍ ထပ်မံသိရှိလိုပါက အထက်ပါဝက်ဘ်ဆိုဒ်သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။
0913_031 6

## ဘုရား၊ ရဟန်း၊ ကျောင်း၊ မော်တော်ယာဉ် ဒါယိကာမကြီး

## ဒေါ်စိန်လှိုင်(ခ)ဒေါ်ယုလှိုင် အသက် (၇၇) နှစ်

## (၅-၁၀-၂၀၁၅ မှ ၅-၁၀-၂၀၁၆) (၁) နှစ်ပြည့်လွမ်းဆွတ်မှု

ချစ်တဲ့မေမေ သမီးကိုထားခဲ့ ထွက်ခွာသွားတာ ယနေ့ ၅-၁၀-၂၀၁၆ ဆိုလျှင် တစ်နှစ်တိတိပြည့်ခဲ့ပါပြီ။ လစဉ် မေမေ့အတွက် ရည်စူး၍ စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့နယ်၊ မျက်စိဆေးရုံအတွက် ရာသက်ပန်လှူဒါန်းပြီး ဗုဒ္ဓတရားတော်၏အဆုံးအမအတိုင်း မေမေကောင်းသောဘုံဘဝမှာ သုဂတိချမ်းသာစွာနေနိုင်ရန် လှူဒါန်းပေးလျက်ပါ။ မေမေလို့ခေါ်၍ မရ၊ ခေါ်တိုင်းလည်းမထူး၊ တွေ့ချင် မြင်ချင်ပေမဲ့လည်း မမြင်ရတဲ့ သမီးတို့မှာ ဝမ်းနည်းပူဆွေးတမ်းတရင်း မေမေ့ကိုရည်စူး၍ ကောင်းမှုကုသိုလ်များပြုပေးလျက်ပါ။ မေမေ ကြားနိုင်၊ သာဓုခေါ်နိုင် ပါစေမေမေ။ မေမေပြုံး၍ ကျေနပ်နိုင်ပါစေ။

မေမေ့အတွက် ကောင်းမှုအလှူတော် ဓမ္မဂုဏ်ရည်သီလရှင်စာသင်တိုက် (၁၆ ရပ်ကွက်၊ မြောက်ဒဂုံ)၃၅ ပေ × ပေ ၅၀ ရှိမြေ နှင့် နှစ်ထပ်တိုက်တစ်လုံးကို သီလရှင်များ ပရိယတ္တိပညာဆည်းပူးနိုင်ရန် ဆရာကြီးဂုဏထေရီ (သာသနဓဇသိရီပဝရ ဓမ္မာစရိယ ဂန္ထဝါစကပဏ္ဍိတ) သို့ လှူဒါန်းပါသည်။ စတုဒိသာဟင်းလျာများကို လူအယောက် (၁၀၀၀) စာလည်း ကျွေးမွေးခဲ့ပါသည်။ ကျေးဇူးရှင် မွေးမိခင်မေမေ အမျှ . . အမျှ . . အမျှ။

| | |
|---|---|
| ချစ်ခင်ပွန်း | ဦးကင်စင်း (**M.D** မြန်မာဝင့်နဝရတ်ကုမ္ပဏီ) |
| သမီးကြီး | စောစန္ဒာအေး (**Director** မြန်မာဝင့်နဝရတ်ကုမ္ပဏီ) |
| | ဦးညွန့်ဦး (**M.D** ထာဝရကုမ္ပဏီ) |
| သားငယ် | ဦးသိန်းလွင်(ခ)မောင်မောင် (ဗိုလ်စိန်မှန်) |
| မြေးများ | ဉာဏ်လင်းဦး (ပန်းဆေး) |
| | ဒေါက်တာပွင့်ဖြူဦး (**M.D** ပန်းသစ္စာကုမ္ပဏီ) |
| | ဝင့်ထည်ဦး (**Director** ထာဝရကုမ္ပဏီ) |
| မြစ် | Elizabeth (ခ)သုန္ဒရီ (Grade 1, YIS) |



ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဇေယျကျော်ထင် ဗိုလ်မှူးကြီးသက်ဝေ(ငြိမ်း) အသက်(၉၀)**

MONS-OCTU (UK) 1949

ကြည်း-၅၆၉၅

လွတ်လပ်ရေးမော်ကွန်းဝင် ဒုတိယဆင့်၊ သူရဲကောင်းမှတ်တမ်းဝင်

(ကကသံ) ညွှန်ကြားရေးမှူး(ငြိမ်း)

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(ငြိမ်း)**

မိတ္ထီလာမြို့နေ (ဦးဘဘ-ဒေါ်ဝေဝေ)တို့၏သား၊ (ဦးဖေအောင်-ဒေါ်စန်းစန်း)တို့၏ တူ/သား၊ ရန်ကုန်မြို့၊ အရှေ့ရန်ကင်း၊ ရန်အောင်လမ်းသွယ်(၃)၊ တိုက်(၁၁၄)၊ အခန်း(၄)နေ (ဒေါ်တင်လေးလှ)၊ ဒေါ်မြမြဝင်းတို့၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာကွန်းမော်-ဒေါ်တင်ဦးဝေ၊ (ဦးတင်မင်းဝေ)၊ ဦးတင်ကျော်ဝေ (2nd mate FG)-(ဒေါ်ချိုချိုမာ)၊ (ဦးရဲမင်း-ဒေါ်တင်မာဝေ)၊ ဦးလှမိုး-ဒေါ်ပပမျိုးတို့၏ ဖခင်ကြီး၊ ဒေါက်တာအာကာမော်ဝေ-ဒေါ်သဇင်အောင် (Jurong East Community hospital.Singapore)၊ ဦးမင်းစည်သူ AGM (Max Myanmar)၊ ဦးတင်ဝေယံဦး (PTTEP Civil Engineer)-ဒေါ်ဇင်မျိုးသူ၊ ဒေါ်ကျော့ကေခိုင်ထွန်း (Sealion Co., Ltd)-ဦးနိုင်ထွန်းအောင်၊ ကိုတင်လင်းဝေ၊ ကိုဟိန်းရာဇာဖြိုး၊ မရတီမိုး၊ ကိုအောင်ခန့်မိုး(I.M2)တို့၏ အဘိုး၊ မချောကလျာ၊ ဆိုင်မွန်မောဝေ၊ ကောင်းစုဝေယံတို့၏ဘိုးဘိုးကြီးသည် ၃-၁၀-၂၀၁၆ (တနင်္လာနေ့) ညနေ ၆း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁၀-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၇နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဇေယျကျော်ထင် ဗိုလ်မှူးကြီးသက်ဝေ(ငြိမ်း) အသက်(၉၀)**

ကြည်း-၅၆၉၅

MONS - OCTU (UK) 1949

လွတ်လပ်ရေးမော်ကွန်းဝင် ဒုတိယဆင့်၊ သူရဲကောင်းမှတ်တမ်းဝင်

(ကကသံ) ညွှန်ကြားရေးမှူး-(ငြိမ်း)

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (ငြိမ်း)

မိတ္ထီလာမြို့နေ (ဦးဘဘ-ဒေါ်ဝေဝေ)တို့၏ သားကြီး၊ ရန်ကုန်မြို့နေ (ဦးဖေအောင်-ဒေါ်စန်းစန်း)တို့၏ တူ/သား၊ ရန်ကုန်မြို့၊ အရှေ့ရန်ကင်း၊ ရန်အောင်လမ်းသွယ် (၃)၊ တိုက် (၁၁၄)၊ အခန်း (၄)နေ (ဒေါ်တင်လေးလှ)၊ ဒေါ်အမာနီ(ခ)ဒေါ်မြမြဝင်းတို့၏ခင်ပွန်း၊ (ဦးကြည်ညွှန့်)-ဒေါ်ခင်အုန်း၊ (ဦးလှမြင့်)-ဒေါ်ခင်သန်းကြည်၊ ဦးမြအေး-ဒေါ်တင်တင်၊ (ဗိုလ်မှူးခင်မောင်ဝင့်)-ဒေါ်ညွှန့်ညွှန့်၊ ဦးသန်းညွှန့်-(ဒေါ်ခင်ခင်ဌေး)၊ (ဗိုလ်မှူးဖေသိန်း)-ဒေါ်ခင်ခင်အေး၊ ဦးညဏ်ထွန်း-ဒေါက်တာကြည်ကြည်အောင်၊ ဦးချစ်ဝေ-ဒေါ်အေးအေးအောင်၊ ဦးအောင်ထွဋ်-ဒေါ်ခင်ဆွေဝင်းတို့၏ကျေးဇူးရှင်အစ်ကိုကြီး၊ တူ/တူမ ၃၁ယောက်တို့၏ဘကြီးသည် ၃-၁၀-၂၀၁၆ (တနင်္လာနေ့) ညနေ ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁၀-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၇နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမောင်နှမများ

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဒေါ်မြသန်း အသက်(၈၀)**

ကျောင်းဆရာမ(ငြိမ်း)၊ အထက(၁)၊ သန်လျင်

အထက(၁)၊ (၂) အပူဇော်ခံဆရာမကြီး

သန်လျင်မြို့၊ ကျိုက်ခေါက်ဘုရားလမ်း၊ အမှတ်(၇၁)နေ [ဦးတင်ထွန်းမောင် (လျှပ်စစ်ကြီးကြပ်မှုအင်ဂျင်နီယာ၊ ရေနံချက်စက်ရုံ-ငြိမ်း)]၏ ချစ်လှစွာသောဇနီး၊ ဦးဇော်ဝင်း (ဥက္ကဋ္ဌ၊ ဇော်ထက်ပိုင် အင်ဂျင်နီယာနှင့် ဆောက်လုပ်ရေးအုပ်စု ကုမ္ပဏီလီမိတက်)-ဒေါ်မိမိတင်(ချမ်းမြေ့မေတ္တာဆေးရုံ)တို့၏ ကျေးဇူးရှင်မွေးသမိခင် ဒေါ်မြသန်းသည် ၃-၁၀-၂၀၁၆ (တနင်္လာနေ့)တွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**သန်လျင်နာရေးကူညီမှုအသင်း**
**သန်လျင်အမိုးနီသုသာန်ကြီးကြပ်ရေးကော်မတီ**
**မေ့စကွာပဝတ္တနကာရီ သိတဂူရေအလှူတော်အဖွဲ့**

---

**အထူးကျေးဇူးတင်ရှိခြင်း**

**ဦးစိုင်းအောင်စိန် (၆၁)နှစ်**

ဘူမိဗေဒ အရာရှိ (ငြိမ်း)-နောင်ချို

၂၆-၉-၂၀၁၆ ရက်နေ့တွင် ဘဝတပါးသို့ပြောင်းသွားသော ဦးစိုင်းအောင်စိန်၏ ဈာပနကိစ္စအဝဝတွင် လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်း၊ အီးမေးလ်များနှင့်သော်လည်းကောင်း၊ နာရေးသတင်းမေးလာကြသော ရပ်ဝေး၊ ရပ်နီး၊ နိုင်ငံရပ်ခြားမှ ဆွေမျိုး၊ မိတ်ဆွေများအားလည်းကောင်း၊ လိုက်ပါပို့ဆောင်ကြ၍ နှစ်သိမ့်အားပေးကြသူများအားလည်းကောင်း၊ ဈာပနကိစ္စအဝဝနှင့် ရက်လည် ဆွမ်းကျွေးတိုင်အောင် ဝိုင်းဝန်းကူညီကြသော ဆွေမျိုးမိတ်ဆွေ၊ သူငယ်ချင်းများအား လည်းကောင်း ကျန်ရစ်သူမိသားစုမှ အထူးပင်ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

---

**အထူးကျေးဇူးတင်ရှိခြင်း**

**ကိုဇင်မင်းထက်(ခ)ထက်ထက် (၃၈)နှစ်**

၂၅-၉-၂၀၁၆ ရက် (တနင်္ဂနွေနေ့) ညနေ ၃း၂၀ နာရီတွင် ကွယ်လွန်သွားပါသော ကိုဇင်မင်းထက်(ခ)ထက်ထက်၏ ဈာပနအခမ်းအနားတွင် လာရောက်ကူညီ လိုက်ပါပို့ဆောင်ပေးကြသော ရပ်နီး၊ရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ အဖွဲ့အစည်းအသီးသီးမှ ကြွရောက်အားပေးကူညီကြသူများ၊ ဖုန်းဖြင့် ဆက်သွယ်မေးမြန်းအားပေးနှစ်သိမ့်ကြသူများ၊ လွမ်းသူ့ပန်းခြင်းပေးပို့ကြသော ဒေဝ်မိသားစု၊ မြန်မာနိုင်ငံကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း(ရုံးချုပ်)၊ AAR ဂျပန်မိသားစု၊ TLMM SMTF (Myanmar) မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့၊ မြန်မာနိုင်ငံမျက်မမြင်များအသင်း၊ Myanmar Federation of Persons with Disabilities လူမှုဝန်ထမ်းဦးစီးဌာန မမ Sui မိသားစုနှင့် ဗင်ဂျမင်တို့အားလည်းကောင်း၊ နာရေးကိစ္စအဝဝကို အစမှ အဆုံးတိုင် အဆင်ပြေချောမွေ့အောင် စီစဉ်ပေးခဲ့သော ဒေဝ်မိသားနှင့် ဆွေမျိုးမိတ်ဆွေအပေါင်းအသင်းများအား လည်းကောင်း၊ မော်တော်ယာဉ် အကူအညီပေးခဲ့ကြသော ဆွေမျိုးမိတ်ဆွေများအား လည်းကောင်း၊ ဝတ်ပြုဆုတောင်းပေးကြသော အသင်းအဖွဲ့များ၊ သက်န်းနှင့် လျှဖွယ်ပစ္စည်းများအား ကုသိုလ်ပါဝင်ကြသည့် မိတ်ဆွေများနှင့် ကျေးဇူးတင်ထိုက်သူများ အားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဇေယျကျော်ထင် ဗိုလ်မှူးကြီးသက်ဝေ(ငြိမ်း)**

**လွတ်လပ်ရေးမော်ကွန်းဝင် ဒုတိယဆင့်၊**

**သူရဲကောင်းမှတ်တမ်းဝင်**

**(ကကသံ) ညွှန်ကြားရေးမှူး(ငြိမ်း)**

**အသက် (၉၀)**

ဗိုလ်မှူးကြီး သက်ဝေ (ငြိမ်း)၊ အမြောက်နှင့် သံချပ်ကာ ယန္တရားတပ်ဖွဲ့ ညွှန်ကြားရေးမှူး(ငြိမ်း) သည် ၃-၁၀-၂၀၁၆ ရက်နေ့ ၁၈း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်တင်အေး(ငြိမ်း)-ဒေါ်စိုးစိုးသစ်ညွှန့်**

---

**ဝမ်းနည်းကြေကွဲခြင်း**

**ဒေါ်မြမြ**

**အသက် (၈၇) နှစ်**

သူငယ်ချင်း ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(အငြိမ်းစား)၏ချစ်လှစွာသော မွေးသမိခင်ကြီး ဒေါ်မြမြ အသက် (၈၇)နှစ်သည် ၃-၁၀-၂၀၁၆ ရက်နေ့ နံနက် ၂ နာရီတွင် ကွယ်လွန်သွားခဲ့ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စတသ(၂၄)မှ သူငယ်ချင်းများနှင့်**
**မိသားစုများ**

---

**ဝမ်းနည်းကြေကွဲခြင်း**

**ဒေါ်ခင်ခင်ညွှန့်(မြောင်းမြ) (၈၁)နှစ်**

အငြိမ်းစားကျောင်းဆရာမကြီး

သူငယ်ချင်း ဒုတိယဗိုလ်မှူးကြီး ရဲမင်းအေး(ငြိမ်း)-ဒေါ်နန်းနုတို့၏ မိခင် ဒေါ်ခင်ခင်ညွှန့်သည် ၂၉-၉-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၆)မှ**
**သူငယ်ချင်းများနှင့်မိသားစုများ**

---

**ဝမ်းနည်းကြေကွဲခြင်း**

**ဒေါ်ခင်မြ ကထိက(ငြိမ်း)**

မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်

အစ်မကြီး မမြသည် ၁-၁၀-၂၀၁၆ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာစာ ညီမများ-**
**တင်တင်မြင့်၊ မာလေး၊ မပို၊ သီသီ၊ ချောချော၊ ယဉ်ယဉ်၊ မဆွေ**

---

**ဦးထွန်းမြင့် (၈၃)နှစ်**

M.P.P.E ဌာနခွဲမှူး (ငြိမ်း)

သုံးဆယ်မြို့၊ အရှေ့လက်ပံကုန်းနေ (ဦးရွှေခဲ-ဒေါ်သိန်းမိ)တို့၏သား၊ (ဦးအုံ-ဒေါ်သိန်း)တို့၏သားသမက်၊ (ဦးအေးဖေ-ဒေါ်ထွေး)၊ (ဦးကျော်ရင်-ဒေါ်မြသွင်)တို့၏ ညီ/မောင်၊ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ မင်းဒင်လမ်း၊ တိုက်(၃၆)၊ အခန်း(၅)နေ ဒေါ်သန်းမြင့်၊(ဒေါ်မြင့်မြင့်စိန်)၏ခင်ပွန်း၊ ဦးအောင်သိန်း-ဒေါ်စုစုမြင့်၊ ဦးဦးမြင့်-ဒေါ်ခိုင်ခိုင်ထွန်း၊ (ဦးတင့်ကိုကို)-ဒေါ်ဆွေဆွေမြင့်၊ ဦးမြဦး-ဒေါ်အေးအေးမြင့်၊ (ဦးတင်ထွဋ်)-ဒေါ်ညိုညိုမြင့်၊ ဦးကောင်းမြင့်-ဒေါ်ခင်သန်းဦး၊ ဦးကျော်မြင့်ဆွေ-ဒေါ်မြင့်မြင့်ဆွေ၊ ဦးခိုင်မြင့်-ဒေါ်ဝါဝါထွန်း၊ (ဦးမြင့်ဦး)-ဒေါ်မြင့်မြင့်စန်း၊ (ဦးမြင့်စိုး)တို့၏မွေးသဖခင်၊ မြေး ၂၅ ယောက်၊ မြစ်ကိုးယောက်တို့၏ ဘိုးဘိုးကြီးသည် ၄-၁၀-၂၀၁၆(အင်္ဂါနေ့) နံနက် ၁၁း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁၀-၂၀၁၆ (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်သန်းသန်းမြင့် (၅၄)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ ဆင်ရေကန်လမ်း၊ အမှတ်(၄၇)၊ ငါးလွှာ(A)နေ ဦးသိန်းလှိုင်၏ဇနီး၊ လမ်းမတော် မြို့နယ်၊ (၁)ရပ်ကွက်၊ (၄)လမ်း၊ အမှတ်(၁၂)နေ ဦးရှန်-(ဒေါ်ရင်ကြည်)တို့၏သမီး၊ (ဦးစိုးမြင့်ဦး)၊ ဦးမျိုးညွှန့်-ဒေါ်ပြုံးမို့မို့လှိုင်၊ ဒေါ်သန်းသန်းဆင့်တို့၏ညီမ၊ ဒေါ်သန်းသန်းတင့်၊ ဒေါ်သန်းသန်းထွေး၊ (ကိုဝင်းထွန်း)-ဒေါ်ဥမ္မာအောင်၊ ကိုဇော်ထွန်းတို့၏အစ်မ ဒေါ်သန်းသန်းမြင့်သည် ၄-၁၀-၂၀၁၆ရက် နံနက် ၁၀း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၆-၁၀-၂၀၁၆ရက် မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အမှတ်-၁၂၊ ၄-လမ်း၊ လမ်းမတော်မြို့နယ်နေအိမ်မှ ကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်သန်းသန်းမြင့် (၅၄)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ ဆင်ရေကန်လမ်း၊ အမှတ်(၄၇)၊ ငါးလွှာ(A)နေ ဦးသိန်းလှိုင်၏ဇနီး၊ ဦးရှန်-(ဒေါ်ရင်ကြည်)တို့၏သမီး၊ ဦးသိန်းလွင်-ဒေါ်အေးသိန်းတို့၏ သမီးချွေးမ၊ မသန့်စုကြည်၊ မခန့်စုကြည်၊ မောင်ဇော်လူမြင့်တို့၏ကျေးဇူးရှင်မွေးသမိခင် ဒေါ်သန်းသန်းမြင့်သည် ၄-၁၀-၂၀၁၆ ရက် နံနက် ၁၀း၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၆-၁၀-၂၀၁၆ရက် မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## အနိစ္စ

**ဒေါ်ဆွန်အိကပ်**

**အသက် (၉၈)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆) ရပ်ကွက်၊ အမှတ်(၆၃/ခ)၊ မာလာမြိုင် (၂)လမ်းနေ (ဦးဆွန်ချန်ဆင်-ဒေါ်မွေးကော်)တို့၏သမီး၊ ဦးဟန်ဝေ-ဒေါ်သန်းဝင်း၊ ဒေါ်မေရင်၊ (ဦးကျော်ဝင်း)-ဒေါ်သန်းသန်းစိန်၊ ဦးသန်းမြင့်-ဒေါ်သန်းသန်းမြင့်တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မဝေမြတ်နှင်း၊ မစုမြတ်လင်း၊ မောင်အောင်ဇော်မြင့်၊ မောင်လွင်မြင့်ဦး၊ မမြသန္တာ၊ မစန်းစန်းဦး၊ မောင်ကျော်မြင့်ထူးတို့၏ ချစ်လှစွာသောအဘွား၊ (ဦးကင်မု)၏ဇနီးသည် ၃-၁၀-၂၀၁၆ (တနင်္လာနေ့) ည ၈း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁၀-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**မြို့မကျောင်းသားကျောင်းသူဟောင်း အသင်း**

**ဦးစိန်လှိုင်**

အကြံပေးပုဂ္ဂိုလ်

**အသက် (၇၉)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ နံ့သာကုန်းလမ်းသွယ် (၁)၊ အမှတ် (၄၉)နေ ဒေါ်မြဦး၏ ခင်ပွန်းသည် ၁-၁၀-၂၀၁၆ ရက် ည ၇း၃၀ နာရီတွင် ကွယ်လွန်သွားပြီး ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များအား အကြောင်းကြားသိစေအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

---

ရဟန်း၊ ကျောင်း ဒါယကာ

**ဒေါက်တာ ဦးဝင်းနိုင်**

တွဲဖက်ပါမောက္ခ

သတ္တဗေဒဌာန၊ မအူပင်တက္ကသိုလ်

**အသက် (၅၈)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၁၃)လမ်း၊ အမှတ်(၁၀)၊ မြေညီထပ်နေ (ဦးမောင်မောင်ခင်-ဒေါ်မမကြီး)တို့၏ သားကြီး၊ (ဦးမင်းသွင်)-ဒေါ်ခင်ခင်ဝင်းတို့၏သားသမက်၊ ဒေါက်တာ ဒေါ်အေးအေးမြင့် (ပါမောက္ခ/ဌာနမှူး၊ ဇီဝဗေဒဌာန၊ ရန်ကုန်ပညာရေးတက္ကသိုလ်)၊ (ကိုဝင်းမြင့်)၊ ဦးမောင်သိန်း-ဒေါ်ခင်မမ၊ ဒေါ်တင်မမ၊ ဒေါ်နီလာသွင်၊ ဦးသူရ-ဒေါ်နွဲ့နွဲ့ဝင်း၊ ဒေါက်တာနေထွန်းလင်း-မရွှေရည်လွင်တို့၏ အစ်ကိုကြီး၊ မောင်ညဏ်ထွန်းဝင်း၊ မမြတ်နိုးအေးချမ်း၊ မောင်ပြည့်ဖြိုးဝင်းတို့၏မွေးသဖခင်၊ ဒေါ်ရွှေဝါသွင်၏ ခင်ပွန်းသည် ၄-၁၀-၂၀၁၆ ရက် နံနက် ၄း၄၅နာရီတွင် ခုတင်(၅၀၀) အထူးကုဆေးရုံကြီး(ရန်ကုန်)၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၄း၃၀နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၀-၁၀-၂၀၁၆ (တနင်္လာနေ့)တွင် လမ်းမတော်မြို့နယ်၊ (၁၃) လမ်း၊ အမှတ် (၁၀) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဒေါ်ရွှေစင်ထိုက်**

**အသက်(၄၄)နှစ်**

[ဗိုလ်ကြီးသောင်းထိုက်(ငြိမ်း)-ဒေါ်သန်းတင်]တို့၏ သမီး၊ (ဦးကျော်တင့်)-ဒေါ်သောင်းရှင်တို့၏ သမီးချွေးမ၊ [အရာခံဗိုလ်စိုးဝင်း (အမှတ်-၉၆၈၊ ဆောက်လုပ်ရေး အင်ဂျင်နီယာတပ်ခွဲ၊ မင်္ဂလာဒုံ)]နေ၏ ချစ်လှစွာသောဇနီး၊ မောင်သီဟကျော်စိုး၊ မမေရှင်းမွန်တို့၏ မိခင်သည် ၃-၁၀-၂၀၁၆ (တနင်္လာနေ့) နံနက် ၁၁း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၁၀-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၉-၁၀-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်ခင်မြင့် (၈၁)နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ နွယ်နီ(၈)လမ်း၊ အမှတ် (၆၀၀)နေ (ဦးကျင်စိန်-ဒေါ်မြစိန်)တို့၏ သမီး၊ (ဦးစစ်ဖန်-ဒေါ်ကျင်ရွှေ)တို့၏သမီးချွေးမ၊ (ရွှေတိဂုံစေတီတော် ဘာသာရေးအသင်းအဖွဲ့များ ဝေယျာဝစ္စအကျိုးဆောင်အဖွဲ့-နာယက) ရွှေတိဂုံစေတီတော် သာသနာ့အကျိုးတော်ဆောင် ရှမ်းတန်ဆောင်းနှင့် ပတ္တမြားဓမ္မာရုံ၊ စနေသန့်ရှင်းရေးအသင်း(ဥက္ကဋ္ဌ)၊ မဟာဝိဇိယစေတီတော်(ဂေါပက) ဂေါပကအဖွဲ့ဝင်(လုပ်ငန်း) ဦးမျိုးမြင့်၏ ချစ်လှစွာသောဇနီး၊ ဦးမျိုးမင်းနောင် (မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အချိန်ပိုင်းအလုပ်အမှုဆောင်၊ ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီသူနာပြုတပ်ဖွဲ့ ဦးစီးမှူး၊ ပထမတန်း)-ဒေါ်လှလှကြည်၊ ဦးခင်မောင်မျိုးသန့်-ဒေါ်ခင်လေးမြင့်၊ (ဦးနေထွန်းဦး)-ဒေါ်မျိုးမျိုးမြတ်တို့၏ကျေးဇူးရှင်မွေးသမိခင်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၄-၁၀-၂၀၁၆ (အင်္ဂါနေ့) နံနက် ၇း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁၀-၂၀၁၆ (စနေနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၁၀-၂၀၁၆ (တနင်္လာနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း

**ဒေါ်မြသန်း အသက်(၈၀)**

ကျောင်းဆရာမ(ငြိမ်း) အထက(၁) သန်လျင်

သန်လျင်မြို့၊ အမှတ်(၇၁)၊ ကျိုက်ခေါက်ဘုရားလမ်းနေ (ဦးအောင်သန်း-ဒေါ်မြကြည်)တို့၏သမီး၊ (ဒေါက်တာ ဘမောင်-ဒေါ်သုံး)တို့၏ သမီးချွေးမ၊ [ဦးတင်ထွန်းမောင် (လျှပ်စစ်ကြီးကြပ်မှုအင်ဂျင်နီယာ၊ ရေနံချက်စက်ရုံ-ငြိမ်း)]၏ ချစ်လှစွာသောဇနီး၊ Mr. Jareck-ဒေါ်ခင်သန်းတင်၊ ဦးဇော်ဝင်း (ဥက္ကဋ္ဌ၊ ဇော်ထက်ပိုင် အင်ဂျင်နီယာနှင့်ဆောက်လုပ်ရေးအုပ်စု ကုမ္ပဏီလီမိတက်)-ဒေါ်မိမိတင် (ချမ်းမြေ့မေတ္တာဆေးရုံ)၊ Mr Michael Peter Fennema- ဒေါ်ခင်မို့မို့တင် (ခေတ္တ-Lasos)၊ ဦးဇော်မင်ဦး(PSI)-ဒေါ်မေမျိုးတင်(ဒါရိုက်တာ ဇော်ထက်ပိုင် အင်ဂျင်နီယာနှင့်ဆောက်လုပ်ရေးအုပ်စု ကုမ္ပဏီလီမိတက်)၊ (ဦးထွန်းထွန်းမင်း)-ဒေါ်အေးမိုးတင်(Emergent Services Company Limited)တို့၏ ချစ်လှစွာသော မိခင်၊ မြေးခြောက်ယောက်တို့၏ဘွားဘွားကြီး ဒေါ်မြသန်းသည် ၃-၁၀-၂၀၁၆ (တနင်္လာနေ့) မွန်းလွဲ ၂း၄၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၇-၁၀-၂၀၁၆ (သောကြာနေ့)တွင် သန်လျင် ကျိုးပင်လမ်း မြန်မာနှစ်ခြင်းအသင်းတော်၌ ဝတ်ပြုကိုးကွယ်ပြီး ညနေ ၄ နာရီတွင် အမိုးနီသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ [၈-၁၀-၂၀၁၆(စနေနေ့) ညနေ ၃နာရီတွင် အောက်မေ့ဖွယ် ဝတ်ပြုကိုးကွယ်ခြင်းအစီအစဉ်ကျင်းပမည်ဖြစ်ပါ၍ အထက်ပါနေအိမ်သို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း

**ဒေါ်မြသန်း အသက်(၈၀)**

ကျောင်းဆရာမ(ငြိမ်း)၊ အထက(၁)၊ သန်လျင်

သန်လျင်မြို့၊ အမှတ်(၇၁)၊ ကျိုက်ခေါက်ဘုရားလမ်းနေ (ဦးအောင်သန်း-ဒေါ်မြကြည်)တို့၏ သမီး၊ (ဒေါက်တာဘမောင်-ဒေါ်သုံး)တို့၏ သမီးချွေးမ၊ [ဦးတင်ထွန်းမောင် (လျှပ်စစ်ကြီးကြပ်မှုအင်ဂျင်နီယာ၊ ရေနံချက်စက်ရုံ-ငြိမ်း)]၏ ချစ်လှစွာသောဇနီး၊ မအိမွန်မွန်(ခ)ဂျူဂျူး၊ Monica Maria မင်းဝိမရာ၊ Matthewi မင်းဝိဿဓာတို့၏ ချစ်လှစွာသော ဘွားဘွားကြီးသည် ၃-၁၀-၂၀၁၆ (တနင်္လာနေ့) မွန်းလွဲ ၂း၄၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၇-၁၀-၂၀၁၆ (သောကြာနေ့)တွင် သန်လျင် ကျိုးပင်လမ်း မြန်မာနှစ်ခြင်းအသင်းတော်၌ ဝတ်ပြုကိုးကွယ်ပြီး ညနေ ၄ နာရီတွင် အမိုးနီသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ [၈-၁၀-၂၀၁၆ (စနေနေ့) ညနေ ၃နာရီတွင် အောက်မေ့ဖွယ်ဝတ်ပြုကိုးကွယ်ခြင်းအစီအစဉ်ကျင်းပမည်ဖြစ်ပါ၍ အထက်ပါနေအိမ်သို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမြေးများ

---

**ဦးအောင်မင်း (၇၇)နှစ်**

**(ကျောက်တန်း)**

ရန်ကုန်မြို့၊ အမှတ် (၄၆)၊ အေးသိဒ္ဓိ (၂)လမ်း၊ ရွာမအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်နေ မောင်တင်ထွန်းအောင်-မလွင်လွင်အောင်၊ မောင်ဇော်ထွန်းအောင်-မညိုညိုမြင့်၊ မောင်တင်ထွန်းအောင်-မတင်တင်ထိုက်၊ ကပ္ပတိန်ဝေဖြိုးအောင် (Ocean Tanker Shipping)-မခင်မြတ်သူတို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုး၊ဒေါ်အုန်းပိုင်၏ခင်ပွန်း ဦးအောင်မင်းသည် ၄-၁၀-၂၀၁၆ (အင်္ဂါနေ့) နံနက် ၃ နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၈-၁၀-၂၀၁၆ (စနေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း

**ဒေါ်ရွှေဒင်း (၄၆)နှစ်**

**(အလယ်တန်းပြဆရာမ-ငြိမ်း)**

လှိုင်သာယာမြို့နယ်၊ (၁၁)ရပ်ကွက်၊ ရတနာပုံလမ်း၊ အမှတ် (၁၂၇/က)နေ ဦးပိုင်တျာလ် (ဒု-ရဲအုပ်-ငြိမ်း)-ဒေါ်ငွန်ချိုင်တို့၏သမီး၊ ဦးနိုင်ဦး (တောအုပ်)-ဒေါ်ကိုန်ဆီး(ထက်ပြ)တို့၏ညီမ၊ ဒေါ်ဆီးဆီးလီး(လယ်ပြ)-ဦးကေဟရာဦး (လက်/ညွှန်၊ ချင်းပြည်နယ် ဥပဒေ)၊ ဦးဗန်လျန်(သင်းအုပ်)-ဒေါ်ခိုင်မာလာ၊ ဒေါ်ငွန်လှ (မူပြ)၊ မောင်ဗန်လျန်ကျုံး၊ အောင်ဗန်ထန်း (ခေတ္တ-USA)၊ မဆီးခိုင်အဲ(ဒု-ရဲအုပ်)တို့၏အစ်မ၊ မောင်နေထိုက်စာ (ဒုတိယနှစ်၊ မြို့ပြ)၊ မရေဗက္ကာဇွန်ပွင့်(ပ-နှစ်၊ ဥပဒေ)တို့၏ မွေးသမိခင်၊ ဦးလျန်တလုံး (ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း၊ ချင်းပြည်နယ်ဥပဒေချုပ်ရုံး)၏ ချစ်လှစွာသောဇနီးသည် ၃-၁၀-၂၀၁၆ (တနင်္လာနေ့) ညနေ ၅း၄၀နာရီတွင် လှိုင်သာယာနေအိမ်၌ ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၆-၁၀-၂၀၁၆ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးခရစ်ယာန်သုသာန် ဥယျာဉ်တော်ရှိ ဝတ်ပြုခန်းမ၌ ဝတ်ပြုစည်းဝေးပြုလုပ်ပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်နှင့် အင်းစိန်ပန်းခြံတို့မှ ကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ကန်၊ လမ်း ဒါယကာကြီး

**ဦးလှရွှေ အသက်(၈၀)**

**(အလယ်ရေကျော်)**

ဧရာဝတီတိုင်းဒေသကြီး၊မော်လမြိုင်ကျွန်းမြို့နယ်၊ အလယ်ရေကျော်ကျေးရွာနေ (ဦးနန်းကျော်-ဒေါ်မင်းရင်)တို့၏သား၊ ဒေါ်ကျင်ယုံ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးသိန်းထွန်း-(ဒေါ်မြင့်မြင့်ဌေး)၊ ဦးစိန်ထွန်း-ဒေါ်ကြည်နွဲ့၊ ဦးသိန်းလွင်-(ဒေါ်ရှုပွင့်)၊ ဦးဌေးလွင်-ဒေါ်နွယ်နွယ်ဝင်း၊ မသန္တာချိုတို့၏ဖခင်၊ မြေးခြောက်ယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုးသည် ၄-၁၀-၂၀၁၆ (အင်္ဂါနေ့) နံနက် ၁း၄၀နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၆-၁၀-၂၀၁၆ (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အမှတ်-၁၁၊ မြေညီ/ယာ၊ ဦးစံညိမ်းလမ်း၊ စမ်းချောင်းနေအိမ်မှ ကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၀-၁၀-၂၀၁၆(တနင်္လာနေ့) နံနက် ၁၀နာရီတွင် အလယ်ရေကျော်ကျေးရွာနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ရပ်ဝေးရပ်နီး မိတ်ဆွေသင်္ဂဟအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# မြန်မာ့လက်ရွေးစင်အသင်းနှင့် ဆိုက်ပရပ်စ် ယူ-၂၁ လက်ရွေးစင်အသင်း ယနေ့ ခြေစမ်းမည်

**ရန်ကုန် အောက်တိုဘာ ၄**

၂၀၁၆ အာဆီယံ ဆုဇူကီးဖလားပြိုင်ပွဲအကြို ပြင်ဆင်မှုအဖြစ် ဆိုက်ပရပ်စ်နိုင်ငံ၌ လေ့ကျင့်လျက်ရှိသည့် မြန်မာ့လက်ရွေးစင်အသင်းသည် ဆိုက်ပရပ်စ် ယူ-၂၁ လက်ရွေးစင်အသင်းနှင့် အောက်တိုဘာ ၅ ရက် မြန်မာစံတော်ချိန် ည ၇ နာရီတွင် ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ဥရောပခြေစမ်းခရီးစဉ်တွင် ခုနစ်ပွဲမြောက် ခြေစမ်းပွဲအဖြစ် ယှဉ်ပြိုင်ကစားခြင်းဖြစ်ပြီး နောက်ဆုံးကစားခဲ့သည့်ပွဲများတွင် ရလဒ်ကောင်းများ ရယူထားနိုင်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ဆိုက်ပရပ်စ်နိုင်ငံတွင် ဒုတိယမြောက်ခြေစမ်းပွဲကစားခြင်းဖြစ်ပြီး အောက်တိုဘာ ၃ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် ဆိုက်ပရပ်စ်ကလပ် Enosis အသင်းနှင့်ပွဲတွင် သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဆိုက်ပရပ်စ် ယူ-၂၁ အသင်းသည် ၂၀၁၈ ဥရောပ ယူ-၂၁ ချန်ပီယံရှစ်ပြိုင်ပွဲ ယှဉ်ပြိုင်နေသည့်အသင်းဖြစ်ပြီး ခြေစစ်ပွဲနောက်ဆုံးပွဲမတိုင်မီ မြန်မာ့လက်ရွေးစင်အသင်းနှင့် ယှဉ်ပြိုင်ကစားခြင်းဖြစ်သည်။ ဆိုက်ပရပ်စ် ယူ-၂၁ အသင်းသည် ဥရောပခြေစစ်ပွဲတွင် ရလဒ်ကောင်း ရယူနိုင်ခြင်းမရှိဘဲ အုပ်စုအောက်ဆုံးသို့ရောက်ရှိကာ တစ်ပွဲကစားရန် ကျန်သေးသော်လည်း ခြေစစ်ပွဲအောင်မြင်တော့မည်မဟုတ်ကြောင်း **စာမျက်နှာ ၃ ကော်လံ ၃ သို့** ❂

# အောင်ပွဲရ မြန်မာမြားပစ်အားကစားအဖွဲ့နှင့် မြန်မာပိုပီနမ်အားကစားအဖွဲ့ ပြန်လည်ရောက်ရှိ

ရန်ကုန် အောက်တိုဘာ ၄

**မလေးရှားနိုင်ငံတွင် ကျင်းပခဲ့သော PKS Unisza Open 2016 နှင့် 3rd National Circuit ပြိုင်ပွဲတွင် မြန်မာမြားပစ်အားကစားအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ အောက်တိုဘာ ၁ ရက်ပြိုင်ပွဲများအပြီးတွင် မြန်မာမြားပစ်အဖွဲ့က ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်တစ်ခု ဆွတ်ခူးရရှိကာ တတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။**



မြန်မာမြားပစ်အသင်းအတွက် ဆုတံဆိပ်များကို Mix team ခိုင်လင်းဦးနှင့် စန်းယုထွေးတို့အသင်းက မလေးရှား Mix Team အသင်းအား သုံးပွဲပြတ်ဖြင့် အနိုင်ရရှိကာ ပထမရွှေတံဆိပ် တစ်ခု၊ စန်းယုထွေး Recurve တစ်ဦးချင်း မြား ၇၂ ချောင်း အမှတ်ပေးပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခုနှင့် တစ်ဦးချင်း ရှုံးထွက်ပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ခုကို ရယူပေးခဲ့သည်။

ယင်းပြိုင်ပွဲတွင် မြန်မာ၊ ထိုင်း၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ ဆော်ဒီအာရေဗျနှင့် အိမ်ရှင်မလေးရှားနှင့် မြားပစ်ကလပ်အသင်းပေါင်း ၅၂ သင်းတို့မှ Compound အမျိုးသမီး ၄၅ ဦး၊ အမျိုးသား ၉၁ ဦး၊ Recurve အမျိုးသမီး ၇၀၊ အမျိုးသား ၁၀၂ ဦး စုစုပေါင်း ၃၀၈ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ အရှေ့တောင်အာရှတွင် **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❒

# ကျွန်းစုမြို့နယ်အတွင်း မိမိသဘောဆန္ဒအလျောက် စာရင်းပေးသွင်းမူးယစ်ဆေးဖြတ်သူ တဖြည်းဖြည်းများလာ



**ကျွန်းစု အောက်တိုဘာ ၄**

ကျွန်းစုမြို့နယ်အတွင်း မူးယစ်ဆေးဝါးသုံးစွဲနေ၍ မိမိသဘောဆန္ဒအလျောက် စာရင်းပေးသွင်းကာ ဆေးဖြတ်သူများမှာ ကျွန်းစုမြို့နယ်တွင် တဖြည်းဖြည်း ပိုမိုများပြားလာလျက်ရှိရာ အောက်တိုဘာ ၄ ရက် နံနက်ပိုင်းက ရေမြစ်ကြီးကျေးရွာအုပ်စု လင်းလွန်းကျေးရွာမှ ရာအိမ်မှူးဒေါ်နော်ပန်းငွေဖြူ၊ ကျန်းမာရေး ဆရာမ ဒေါ်နော်လဲ့လဲ့ဝင်းနှင့် ရပ်မိရပ်ဖများ ဦးဆောင်မှုဖြင့် လင်းလွန်းကျေးရွာသားများက မိမိသဘောဆန္ဒအလျောက် ဆေးဖြတ်သူအမျိုးသား ၂၅ ဦးမှာ ကျွန်းစုမြို့နယ်ရဲတပ်ဖွဲ့သို့ စာရင်းပေးသွင်းကာ စခန်းမှူး ဒုရဲမှူးညွန့်ဝင်း လိုက်ပါလျက် ပြည်သူ့ဆေးရုံ၌ လာရောက်ဆေးဖြတ်ကြကြောင်း သိရသည်။

အဆိုပါ လာရောက်ဆေးဖြတ်သူများကို မြို့နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်သိန်းမောင်၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဒေါ်ယမင်းစိုးတို့က ဆေးဝါးသုံးစွဲမှုဆိုင်ရာ ဆိုးကျိုးများနှင့် ဥပဒေများအကြောင်းကို အသိပညာပေးဟောပြောခဲ့ပြီး ဆေးကုသမှုခံယူနိုင်ရေးကို မြို့နယ်ကုသရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိရာ အနီးကပ်ကြပ်မတ်ကုသရန် လူနာများကို ပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူစေပြီး ကျန်ဆေးဖြတ်လူနာများကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဧည့်ရိပ်သာအဆောင်တွင် နေထိုင်၍ ဆေးကုသမှုများကို ဆောင်ရွက်ပေးထားကြောင်း သိရသည်။

ကျွန်းစုမြို့နယ်အနေဖြင့် ကျွန်းစုမြို့နယ် ပြည်သူ့ဆေးရုံ၊ ကံမော်တိုက်နယ်ပြည်သူ့ဆေးရုံနှင့် မြိတ်မြို့ ပြည်သူ့ဆေးရုံတို့တွင် စက်တင်ဘာ ၅ ရက်မှ အောက်တိုဘာ ၄ ရက် ယနေ့အထိ ကျေးရွာများမှ အမှန်တကယ် မိမိသဘောဆန္ဒအလျောက် စာရင်းပေးသွင်းပြီး မူးယစ်ဆေးဝါးဖြတ်သူ ၁၅၃ ဦးအထိ ရှိလာပြီဖြစ်ကြောင်း ကျွန်းစုမြို့နယ်ရဲတပ်ဖွဲ့မှ စာရင်းအရ သိရသည်။

**ရန်နိုင် (မြို့နယ် ပြန်/ဆက်)**

